# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ကောင်းမှုပြုလျှင် မြတ်၏

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၀)


## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား


တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက် ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင် ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့ မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာ ရောက်မယ်။ ကျုပ်တို့ မြန်မာပြည်ထူထောင်နိုင်မယ်။




# ၇၁ နှစ်မြောက် အာဇာနည်နေ့


သခင်မြ


ဒီးဒုတ်ဦးဘချို



ဦးဘဝင်း


စဝ်စံထွန်း


မန်းဘခိုင်


ဦးရာဇတ်


ဦးအုန်းမောင်


ရဲဘော်ကိုထွေး

မြန်မာ့အလင်း

# အာဇာနည်ခေါင်းဆောင်ကြီးတို့၏ခွန်အား (သို့မဟုတ်) ပြည်သူလူထု

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးစောနှင့် အပေါင်းပါတို့က လုပ်ကြံသတ်ဖြတ်ခဲ့သည်မှာ နှစ်ပေါင်း (၇၁) နှစ်ရှိပြီ ဖြစ်ပါသည်။ ဦးစောနှင့်အပေါင်းပါတို့သည် ၎င်းတို့၏ ကြိုတင်ရည်မှန်းချက်အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်နိုင်ခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ဦးစောနှင့်အပေါင်းပါတို့သည် ၎င်းတို့၏ ကြိုတင်ရည်မှန်းချက်အတိုင်း စွမ်းဆောင်နိုင်ခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးပန်းတိုင်သွားရာလမ်းခုလတ်၌ လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများသည် ၎င်းတို့၏ မူလဦးတည်မျှော်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ခွင့်မရရှိခဲ့ပါ။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မျှော်မှန်းရာပန်းတိုင်ဖြစ်သော လွတ်လပ်ရေးကို အရယူဆောင်ကြဉ်းပေးနိုင်ခဲ့ပါသည်။ ဦးစောနှင့်အပေါင်းပါတို့သည် ၎င်းတို့၏ဆန္ဒအတိုင်း တိုင်းပြည်၏ ကံကြမ္မာကို ကြိုးဆွဲနိုင်ခွင့်မရရှိခဲ့ပါ။ အဘယ့်ကြောင့်ပါနည်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အမျိုးသားခေါင်းဆောင်ကြီးများသည် လူငယ်ဘဝမှစ၍ တိုင်းပြည်၏လွတ်လပ်ရေးအတွက် ကျရာအခန်းကဏ္ဍမှနေ၍ စွမ်းစွမ်းတမံ စဉ်ဆက်မပြတ် ဦးဆောင်ကြိုးပမ်းခဲ့သူများ ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများသည် ပြည်သူလူထု၏ဘဝနှင့်မျှော်လင့်ချက်တို့ကို ထဲထဲဝင်ဝင်နက်နက်ရှိုင်းရှိုင်းသိမြင်ခံစားနားလည်ကြသူများ ဖြစ်ပါသည်။ ဤကဲ့သို့ သိမြင်ခံစား နားလည်နိုင်သည်နှင့်အမျှ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်၏ လွတ်လပ်ရေးပြန်လည်ရရှိနိုင်ရေးနှင့်အတူ တိုင်းရင်းသားပြည်သူတို့၏ ဘဝမြင့်မားရေးအတွက် ကျားကုတ်ကျားခဲကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများသည် ပြည်သူလူထု၊ ပြည်သူလူထုသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများဟု ပြောရသည်အထိ ခေါင်းနှင့်ပန်းပမာတစ်သားတည်း ဖြစ်ခဲ့ပါသည်။ ဤသို့သောအကြောင်းတရားတို့ကြောင့် အမျိုးသားတပ်ပေါင်းစုဖြစ်သည့် ဖဆပလအဖွဲ့ချုပ်၏ နိုင်ငံရေးဦးဆောင်မှုသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကြား၌ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်လျက်ရှိသည်။ အဆိုပါ နိုင်ငံရေးဦးဆောင်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သော်လည်း ဖဆပလ အဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် တိုင်းပြည်လွတ်လပ်ရေးကို ဆုပ်ကိုင်ရယူနိုင်ခဲ့ပါသည်။

ပစ္စုပ္ပန်ကာလသည်လည်း လွတ်လပ်ရေးအကြိုကာလကဲ့သို့ တိုင်းပြည်၏ အပြောင်းအလဲ၊ အလားအလာအတွက် အရေးကြီးသောကာလတစ်ရပ် ဖြစ်ပါသည်။ လွတ်လပ်ရေးအကြိုကာလသည် တိုင်းပြည်၏လွတ်လပ်ရေးအတွက် မှန်ကန်သောနည်းလမ်းကို အဆုံးအဖြတ်ပေးရွေးချယ်သည့် ကာလဖြစ်ခဲ့ပါသည်။ ပစ္စုပ္ပန်ကာလသည်လည်း တိုင်းပြည်၏ ဒီမိုကရေစီအုတ်မြစ်ခိုင်မာတောင့်တင်းရေးအတွက် မှန်ကန်သောနည်းလမ်းကို အဆုံးအဖြတ်ပေး ရွေးချယ်ရမည့် ကာလဖြစ်ပါသည်။ တစ်နည်းဆိုသော် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ၌ သောင်ပြိုကမ်းပြိုဆန္ဒမဲဖြင့် ဖော်ထုတ်ပြသခဲ့သော တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒရည်မှန်းချက်ကို အလေးအနက်ခံယူလျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အပေါ် အခြေခံသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် နည်းမှန်လမ်းမှန်တို့ကို ရွေးချယ်ဆုံးဖြတ်ရမည့် အချိန်ကာလဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ဦးဆောင်လမ်းပြသွားသကဲ့သို့ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ စုစည်းညီညွတ်မှုသည်သာ စစ်မှန်သောနိုင်ငံရေး အင်အားဖြစ်ကြောင်း နှလုံးသွင်းခံယူကြပါရန် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအား လေးစားစွာ နှိုးဆော်တိုက်တွန်း အပ်ပါသည်။ ။

## ကယားပြည်နယ်ဝန်ကြီးချုပ် Danish Refugee Council မှ တာဝန်ရှိသူများအားတွေ့ဆုံ

**လွိုင်ကော် ဇူလိုင် ၁၈**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာ ၆၁ ရွာတွင် အကူကိရိယာမပါဘဲ သတင်းအချက်အလက် ကောက်ယူခြင်း (Non- Techinical Survey- NTS ) လုပ်ငန်းနှင့် ပတ်သက်သောကိစ္စရပ်များ တင်ပြနိုင်ရန်အတွက် Danish Refugee Council (DRC) ရန်ကုန်ရုံးချုပ်မှ Operations Manager Mr. Pascal Simon နှင့်အဖွဲ့အား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ယမန်နေ့က ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများနှင့်အတူ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး Cabinet ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် Danish Refugee Council (DRC) ရန်ကုန်ရုံးချုပ်မှ Operations Manager Mr. Pascal Simon က ပြည်နယ်အတွင်း မိုင်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုအား အသိပညာပေးခြင်း၊ ကူညီခြင်း၊ အကူကိရိယာမဲ့ စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ဒီးမော့ဆိုမြို့နယ်တွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဖားဆောင်းမြို့နယ်နှင့် ရှားတောမြို့နယ်တို့တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မိုင်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး သတင်းအချက်အလက်များ ကောက်ယူခြင်း၊ အန္တရာယ်ရှိနေရာများကို အမှတ်အသားပြုခြင်း၊ ခြံခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မိုင်းတွေ့ရှိခဲ့သည့် နေရာဒေသများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် ပတ်သက်ပြီး ပြောကြားရာတွင် မိုင်းရှိသည့်နေရာများကို သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက အန္တရာယ်ရှိသည့် မိုင်းများရှိသည့် နေရာများအား မည်သည့်အတွက်ကြောင့် တင်ပြခြင်း မရှိကြောင်း၊ ဟန့်ပြ ဆောင်ရွက်မှုများ ရှောင်ရှားရန်လိုအပ်ကြောင်း၊ မိုင်းအန္တရာယ် ရှင်းလင်းရေးကိစ္စများကို ချက်ချင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ အချိန်နှင့်တစ်ပြေးညီ လာရောက်တင်ပြရန်လိုအပ်ကြောင်း၊ INGO အနေဖြင့် ဒီးမော့ဆိုမြို့နယ်အတွင်း မိုင်းအန္တရာယ်ကင်းရှင်းရေးဖော်ဆောင်ရာတွင် တွေ့ရှိရသည့် အခက်အခဲများကို တင်ပြရန်နှင့် မိုင်းအန္တရာယ်ရှိကြောင်း သိရှိရပါက မည်မျှဝေးလံခက်ခဲစေကာမူ ချက်ချင်းသွားရောက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိမြို့နယ်အတွင်း INGO/ NGO အဖွဲ့အစည်းများမှ လုပ်ငန်း လာရောက် ဆောင်ရွက်ပါက မိမိမြို့နယ်အတွင်း ပြည်သူများ မည်သည့်အကျိုးအမြတ်ရရှိမည်ဆိုသည်ကို သိရှိအောင် ဆောင်ရွက်ပြီး တင်ပြရန်၊ INGO/ NGO အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို ပြည်နယ်အစိုးရအဖွဲ့ထံ အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန် မှာကြားခဲ့ကြောင်း သိရသည်။



**စိုင်းဉာဏ်လင်းထွန်း**

## ရောဝတီတိုင်းဒေသကြီး အဘိဓမ္မာတောင်သာဆေးပညာ နှစ် ၁၀၀ ပြည့် အကြို ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

**ဓနုဖြူ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး အဘိဓမ္မာ တောင်သာဆေးပညာ သမားတော်များအဖွဲ့၏ နှစ် ၁၀၀ ပြည့် အကြို မြို့နယ် ပေါင်းစုံ ဆေးပညာနှီးနှောဖလှယ်ပွဲကို ဇူလိုင်လတတိယပတ်က ဓနုဖြူမြို့နယ် အဘိဓမ္မာ တောင်သာသမားတော်များ အဖွဲ့ခန်းမ၌ ကျင်းပရာ ဓနုဖြူ၊ ဇလွန်၊ မော်လမြိုင်ကျွန်း၊ ဟင်္သာတ၊ လပွတ္တာ၊ ပုသိမ်၊ ငွေဆောင်၊ ဘိုကလေးနှင့်ဒေးဒရဲမြို့နယ်တို့မှ အဘိဓမ္မာ တောင်သာ သမားတော်များ တက်ရောက်ကြသည်။

ယင်းဆေးပညာ နှီးနှောဖလှယ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အဘိဓမ္မာ တောင်သာဆေးပညာသမားတော်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေ (မော်လမြိုင်ကျွန်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးသက်ဦး (ဓနုဖြူ)တို့က သမားတော်ကျင့်ဝတ်နှင့်အညီ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးပြီး ဆေးပညာဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြစေလိုကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အဘိဓမ္မာတောင်သာ ဆေးပညာဘာသာရပ်များနှင့် ပြည်သူ့ကျန်းမာရေးဆေးကုသမှုလုပ်ငန်းများ ကို ဦးလှဖေ (ဓနုဖြူ)နှင့် ဦးမြင့်နိုင် (ဇလွန်)တို့က ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဓနုဖြူမြို့ ဗောဓိ ကျောင်းဆရာတော်နှင့် သံဃာတော်များအား တိုင်းဒေသကြီး အဘိဓမ္မာ တောင်သာ ဆေးပညာသမားတော်များအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် သမားတော်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **မော်ကျွန်း-မြင့်အောင်**

## အာဇာနည်နေ့အကြို ဟောပြောပွဲ ကျင်းပ

**သီပေါ ဇူလိုင် ၁၈**

(၇၁) နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အမှတ်(၄) အမက(လခွဲ ) ကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာလင်းက အာဇာနည်ကြီးများအကြောင်း ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ဆရာမ ဒေါ်ရီရီနွဲ့က ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများအကြောင်းကို ဟောပြောသည်။

**စိုင်း(သီပေါ)**

ထင်သာမြင်သာပြုပြင်စရာ

## ရန်ကုန်မြို့ လမ်းမတော်လမ်းဆုံ ကမ်းနားလမ်းမပေါ်ချိုင့်ခွက်ကြီးများ ပြုပြင်ပေးစေလို

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများသည့် ကမ်းနားလမ်းပေါ် လမ်းမတော်လမ်းနှင့်ဆုံရာ မီးပွိုင့် ဧရိယာအတွင်း အရှေ့မှအနောက်ဘက်သွား ယာဉ်ကြောပေါ်တွင် ချိုင့်ခွက်အများအပြား ဖြစ်ပေါ်နေသည်။

လမ်းဆုံဖြစ်သဖြင့် အဆိုပါချိုင့်အများအပြားကို ရှောင်လွှဲ၍မရဘဲ ဖြတ်သန်းနေရကြောင်း ယာဉ်မောင်းများက ပြောသည်။ ရန်ကုန်မြို့တွင် ကွန်ကရစ်လမ်းများ ခင်းကျင်းနေချိန် မိုးရာသီကာလဖြစ်သည့်အလျောက် မြို့တွင်းနှင့် ဆင်ခြေဖုံးကားလမ်းအများစုတွင် လမ်းပျက်စီးခြင်းရှိနေကြောင်း လူမှုကွန်ရက်များတွင် သတင်းပေးနေကြသည်။

ရန်ကုန်မြို့တွင်း ယာဉ်သွားလာမှု အများဆုံးနေရာဖြစ်သော ကမ်းနားလမ်းမပေါ် လမ်းမတော်လမ်းဆုံတွင် မြင်တွေ့နေရဆဲ ချိုင့်ခွက်များအတွင်း ဘိလပ်မြေအိတ်ခွံများအတွင်း သဲများထည့်သွင်း၍ ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ချထားသည်ကို မြင်တွေ့ရသည်။ **(ယာပုံ)**

သို့ဖြစ်၍ မိုးရွာသွန်းမှုနည်းချိန် နေသာချိန်တွင် သက်ဆိုင်ရာမှ လသာမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့အကြား တည်ရှိနေသော လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းဆုံရှိ မီးပွိုင့်ဧရိယာအတွင်း ယာဉ်မောင်းရန် ခက်ခဲပြီး အမြင်မတင့်တယ်သည့် ချိုင့်ခွက်များကို အမြန်ဆုံး ပြင်ဆင် ဆောင်ရွက်ပေးစေလိုပါသည်ဟု ယင်းနေရာမှ ဒေသခံများက ပြောသည်။



**ခင်ဆိုင်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သန်လျင်တပ်နယ်၌ ခင်းကျင်းပြသထားသည့် သမိုင်းဝင်စစ်ရေယာဉ် (မေယု)ကို ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၁၈

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်တပ်နယ်၌ ခင်းကျင်းပြသထားသည့် သမိုင်းဝင်စစ်ရေယာဉ် (မေယု)ကို သွားရောက် ကြည့်ရှုလေ့လာသည်။**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်တပ်နယ်၌ ခင်းကျင်းပြသထားသည့် သမိုင်းဝင် စစ်ရေယာဉ်(မေယု)ပေါ်တွင် ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သမိုင်းဝင်စစ်ရေယာဉ်(မေယု)ညွှန့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်

### ရုပ်သံမှတ်တမ်းကို ပြသ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား တပ်နယ်ရိပ်သာ၌ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ဌေးနိုင်က သမိုင်းဝင်စစ်ရေယာဉ်(မေယု)နှင့် ပတ်သက်သည့် သမိုင်းရေးဆိုင်ရာ အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ဗြိတိသျှအစိုးရကိုယ်စား စစ်ရေယာဉ်မှူးဖြစ်သူ ဗိုလ်မှူး မစ်ချယ်လ်က မြန်မာနိုင်ငံ အရန်တော်ဝင်ရေတပ်သို့ စစ်ရေယာဉ်(မေယု)ကို အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့စဉ်က ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်တက်ရောက်၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးခြင်းနှင့် ရေယာဉ်ကို မြန်မာနိုင်ငံကိုယ်စားလက်ခံခြင်း ရုပ်သံမှတ်တမ်းကို ပြသသည်။

### လက်မှတ်ရေးထိုး

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ဌေးနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ သမိုင်းဝင်စစ်ရေယာဉ် (မေယု)ပေါ်သို့ တက်ရောက်ကြည့်ရှု လေ့လာပြီး ညွှန့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

### မှတ်တမ်းဓာတ်ပုံပေးအပ်

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား စစ်ရေယာဉ်(မေယု)အထိမ်းအမှတ် အမှတ်တရ လက်ဆောင်နှင့် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စစ်ရေယာဉ်(မေယု)ကို လက်ခံရယူစဉ်က သမိုင်းမှတ်တမ်းဓာတ်ပုံတို့ကို သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ဌေးနိုင်က ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တာဝန်ရှိသူများနှင့်အတူ သမိုင်းဝင်စစ်ရေယာဉ်(မေယု)ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

### တာဝန်ထမ်းဆောင်

စစ်ရေယာဉ်(မေယု)သည် River Class အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်ဖြစ်ပြီး အလျား ၃၀၁ ပေ ၇ ဒသမ ၇၅ လက်မ၊ အနံ ၃၇ ပေ ၉ ဒသမ ၂၅ လက်မ၊ ရေစူး ၁၄ ပေ ၄ လက်မ (ဝန်ပြည့်)၊ ရေယာဉ်အလေးချိန် ၁၆၁၄ ဒသမ ၉၁ တန်(ဝန်ပြည့်)ဖြစ်သည်။ မူလအမည်မှာ HMS FAL ဖြစ်ပြီး ၁၉၄၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဗြိတိသျှတော်ဝင်ရေတပ်မတော် အမှတ်(၃၈) ကင်းထောက်ရေယာဉ်အုပ်စုတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ဌေးနိုင်က သမိုင်းမှတ်တမ်းဓာတ်ပုံကို ပေးအပ်စဉ်။ သတင်းစဉ်

### "မေယု"ဟု အမည်ပေးခဲ့

၁၉၄၇ ခုနှစ် မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ဗြိတိသျှတော်ဝင်ရေတပ်မတော်က မြန်မာနိုင်ငံ အရန်တော်ဝင်ရေတပ်သို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်။ ပထမဆုံး စစ်ရေယာဉ်မှူးမှာ ဗိုလ်မှူး ခင်မောင်ဘိုဖြစ်သည်။ မြန်မာနိုင်ငံကို မဟာမိတ်များ ပြန်လည်ထိုးစစ်ဆင်ချိန်တွင် မြန်မာ့ရေတပ်မတော်သားများသည် ရခိုင်တိုက်ပွဲစဉ်များအတွင်း မေယုမြစ်ဝှမ်း၌ ရှုပ်ရှပ်ချုံချုံ ပါဝင်တိုက်ခိုက်ခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့် "မေယု"ဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် မြန်မာ့တပ်မတော်က ရောင်စုံသောင်းကျန်းသူတို့ကို တိုက်ခိုက်နှိမ်နင်းရာတွင် စစ်ရေယာဉ်(မေယု)သည်လည်း ရှေ့တန်းမှ တစ်တပ်တစ်အားပါဝင်ခဲ့ပြီး ၁၉၄၈ ခုနှစ် အင်းစိန်မြို့သိမ်းတိုက်ပွဲ၊ သန်လျင် ကျိုက်ခေါက်တိုက်ပွဲနှင့် ပုသိမ်မြို့သိမ်းတိုက်ပွဲ၊ ၁၉၄၉ ခုနှစ် ကျောက်ဖြူမြို့သိမ်းတိုက်ပွဲနှင့် ၁၉၅၀ ပြည့်နှစ် မော်လမြိုင် မြို့သိမ်းတိုက်ပွဲများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်ခဲ့သည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တာဝန်ရှိသူများနှင့်အတူ သမိုင်းဝင်စစ်ရေယာဉ်(မေယု)ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ သို့*



◆ *ကျောဖုံးမှ*

ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ခေါင်းဆောင်သည့်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

**ရေယာဉ်အား တပ်တော်ဝင်အဖြစ်မှရပ်စဲ**

ထိုမှတစ်ဖန် မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် စစ်ဆင်ရေးတာဝန်များကို နှစ်ပေါင်းများစွာ ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးနောက် သက်တမ်းကာလ နှစ် ၄၀ ခန့် ရှိလာသည်နှင့်အမျှ စစ်ရေယာဉ်၏ ကြံ့ခိုင်မှုအခြေအနေမှာ ယိုယွင်းလာခဲ့သဖြင့် ၁၉၇၉ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပသော (၂၆၂)ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အစည်းအဝေးက ရေယာဉ်အား တပ်တော်ဝင်အဖြစ်မှ ရပ်စဲရန် ဆုံးဖြတ်ခဲ့သည်။

**ပြတိုက်ရေယာဉ်အဖြစ် ထားရှိ**

ထို့နောက် သမိုင်းဝင်စစ်ရေယာဉ် (မေယု)သည် လွတ်လပ်ရေးနှင့်အတူ ပါရှိလာသော သမိုင်းဝင်စစ်ရေယာဉ်ဖြစ်၍ နောင်လာနောက်သားများ ကြည့်ရှုလေ့လာနိုင်ရန် သန်လျင်တပ်နယ်၌ ပြတိုက်ရေယာဉ်အဖြစ် ထားရှိခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်တပ်နယ်၌ ခင်းကျင်းပြသထားသည့် သမိုင်းဝင် စစ်ရေယာဉ်(မေယု)ပေါ်တွင် ကြည့်ရှုလေ့လာစဉ်။**

သတင်းစဉ်

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် UNCTFMR တို့အကြား အဆင့်မြင့်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဦးဆောင်၍ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် ကုလသမဂ္ဂစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UNCTFMR) တို့အကြား အဆင့်မြင့်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် ကုလသမဂ္ဂစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (UNCTFMR) တို့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းစီမံချက်ပါ ကိစ္စရပ်များ အကောင်အထည်ဖော်ရာ၌ အညွှန်းကိန်းများဖြင့် ဆောင်ရွက်ခြင်းကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခဲ့ကြသည်။ **သတင်းစဉ်**

# စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ကို ပထမဆုံး ဝိုင်ဘီအက်စ်ယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

**ရန်ကုန် ဇူလိုင် ၁၈**

စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ကို အခြေပြု၍ ပထမဆုံး ဝိုင်ဘီအက်စ် ၉၇ ယာဉ်လိုင်းသစ်ကို ယာဉ်အစီးရေ ၅၀ ဖြင့် ယနေ့နံနက်ပိုင်းမှ စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)နှင့် ထောက်ကြန့်ခရီးစဉ်တို့ကို ပြေးဆွဲမည့် အဆိုပါယာဉ်လိုင်းသစ်သည် လူထုမိတ်ဆွေ ပြည်သူ့အကျိုးပြုယာဉ်လိုင်း၏ ပဉ္စမမြောက် ခရီးစဉ်တစ်ခုဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များသို့ အခြေပြုပြေးဆွဲသော ယာဉ်လိုင်းများအနက် ယာဉ်လိုင်းသစ်တစ်ခုအဖြစ် ယနေ့စတင်ပြေးဆွဲခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်လိုင်းခရီးစဉ်အဖြစ် စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)-တောင်မြောက်လမ်းဆုံ- သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- သုဝဏ္ဏလမ်းဆုံ- အေဘီစီ- စက်ရုံလမ်း- မင်္ဂလာဈေး- တာမွေဈေးဗလီ-တာမွေအဝိုင်း-ရွှေဂုံတိုင်-မြေနီကုန်း- မာလာဆောင်- ရှစ်မိုင်- စော်ဘွားကြီးကုန်း- ခရေပင်လမ်းခွဲ- အမှတ်(၃)လမ်းဆုံ- ပုလဲမြို့သစ်၊ နွယ်ခွေ၊ ထောက်ကြန့်သို့ အသွားအပြန် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ ယာဉ်စီးခအနေဖြင့် စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)မှ မြေနီကုန်းအထိ ငွေကျပ် ၂၀၀ နှင့် မြေနီကုန်းမှ ထောက်ကြန့်အထိ ငွေကျပ် ၂၀၀ သတ်မှတ်ထားပြီး ခရီးစဉ်အစ အဆုံးစီးနင်းပါက ငွေကျပ် ၃၀၀ သတ်မှတ်ထားကာ နေ့စဉ် နံနက် ၅ နာရီမှ ည ၈ နာရီအထိ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ခရီးစဉ်နှင့် ပတ်သက်၍ စစ်တမ်းများကောက်ယူမည်ဖြစ်ပြီး လိုအပ်ပါက ယာဉ်အစီးရေ ၈၀၊ ၁၀၀ အထိ တိုးမြှင့်ပြေးဆွဲနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ လူထုမိတ်ဆွေယာဉ်လိုင်းအနေဖြင့် ယာဉ်အစီးရေ ၅၀၀ တင်သွင်းထားပြီး လက်ရှိတွင် ယာဉ်လိုင်း တစ်လိုင်းလျှင် ယာဉ်အစီးရေ ၅၀ ဖြင့် ယာဉ်လိုင်းငါးလိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ ကျန်ရှိသော ယာဉ်အစီးရေ ၂၅၀ ကို တက္ကသိုလ်အခြေပြုယာဉ်လိုင်းများအဖြစ် ဦးစားပေး တင်ပြလျှောက်ထားမည်ဖြစ်ပြီး အစိုးရရုံးခွင့်ပြုချက်ရပါက ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

အနောက်ပိုင်းတက္ကသိုလ်ကို အခြေပြုသော ဝိုင်ဘီအက်စ် ၉၃၊ ကွန်ပျူတာတက္ကသိုလ်ကို အခြေပြုသော ဝိုင်ဘီအက်စ် ၇၈ နှင့် ၉၄၊ ရေကြောင်းတက္ကသိုလ်ကို အခြေပြုသော ဝိုင်ဘီအက်စ် ၃၂ နှင့် ယနေ့ဖွင့်လှစ်သော စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)ကို အခြေပြုသည့် ဝိုင်ဘီအက်စ် ၉၇ ယာဉ်လိုင်းများကို လူထုမိတ်ဆွေ ပြည်သူ့အကျိုးပြုယာဉ်လိုင်းမှ ပြေးဆွဲနေခြင်းဖြစ်ကြောင်း သိရသည်။

ယခင် မထသစနစ်ဟောင်းတွင် စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)ကို အခြေပြုပြေးဆွဲသော ယာဉ်လိုင်းအနည်းငယ်ရှိခဲ့သော်လည်း ဝိုင်ဘီအက်စ်စနစ် ပြောင်းလဲပြီးချိန်တွင် ပထမဦးဆုံး စတင်ပြေးဆွဲသော ယာဉ်လိုင်းဖြစ်သည်။ အမှတ် (၂) လမ်းမကြီးပေါ်တွင် အခြားယာဉ်လိုင်းများရှိသော်လည်း စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) သီးသန့်ယာဉ်လိုင်းမျိုး ယခင်က မရှိသေးကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)တည်ဆောက်နေမှုနှင့် အနီးဝန်းကျင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် အဆင့်မြင့်ဥစားကြက်ခြံ ဆောက်လုပ်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်မှုထမ်းဟောင်းအိမ်ရာအနီးရှိ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးရပ်ကွက်သို့ ရောက်ရှိကြပြီး ကျောင်းစာကြည့်တိုက်၊ မုန့်စျေးတန်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဘောလုံးကွင်း တည်ဆောက်ရန်အတွက် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁)စိုက်ပျိုးမွေးမြူရေးရပ်ကွက်ရှိ တိုက်နယ်ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံခွဲစိတ်ကုသဆောင်အား တပ်မတော်မှ ပြန်လည်ပြုပြင်မွမ်းမံပေးထားမှု အခြေအနေများအား လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အင်းတိုင်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဦးစွာဆေးရုံတပ်မှူးက တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်ဆောင်ရွက်ထားရှိမှု၊ ဆေးကုဆောင်ရွက်ပေးမှုနှင့် စည်းရုံးရေးနယ်မြေများအတွင်းရှိ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရခိုင်ပြည်နယ် ဆင်းရဲမှုလျှော့ချရေး ဂျပန် အလေးထားကူညီမည်

**စစ်တွေ ဇူလိုင် ၁၈**

ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ ဆင်းရဲမှုလျှော့ချရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် ရခိုင်ပြည်နယ်အတွင်း ဆင်းရဲမှုလျှော့ချရေးကို ပိုမိုအလေးထားကူညီပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက ပြောကြားလိုက်သည်။

စစ်တွေမြို့ မင်းဂံရပ်ကွက် အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ဂျပန်အစိုးရ အထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

"ယခု ရခိုင်ပြည်နယ်မှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေထဲမှာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရခြင်းဟာ အဓိကအကြောင်းအရင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဂျပန်အစိုးရ၊ ဂျပန်သံရုံးနဲ့ ဂျိုက်ကာတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ ဆင်းရဲမှုပပျောက်ရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အဓိကကတော့ ရခိုင်ပြည်နယ် ဆင်းရဲမှုပပျောက်ရေးကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ လျှပ်စစ်မီးပိုမိုရရှိဖို့၊ အခြေခံအဆောက်အအုံတွေ တိုးတက်ဖို့၊ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်ကောင်းမွန်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဂျပန်အစိုးရနဲ့ ဂျိုက်ကာတို့ ပူးပေါင်းပြီး အထူးသဖြင့် ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆက်ပြီးကြိုးစားသွားမှာ ဖြစ်ပါတယ်"ဟု ဂျပန်သံအမတ်ကြီးက ပြောသည်။



ဂျပန်သံအမတ်ကြီး **Mr. Ichiro Maruyama**

ရခိုင်ပြည်နယ်တွင် ရင်ဆိုင်နေရသော ပြဿနာနှင့်ပတ်သက်၍ နိုင်ငံတကာက တစ်ဖက်သတ် ဝေဖန်ပြောဆိုနေမှုများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ ရပ်တည်ချက်သည် ထိုသို့မဟုတ်ကြောင်း၊ သမိုင်းနှင့်ချီသော ကိစ္စဖြစ်၍ ချက်ချင်း ဖြေရှင်းနိုင်သော ကိစ္စလည်းမဟုတ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ရခိုင်ပြည်နယ်အစိုးရနှင့်ဒေသခံများ ပူးပေါင်းပြီး ကြိုးစားဆောင်ရွက်နေမှုကို အလေးအနက်ထားပါကြောင်း၊ ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကို ဂျပန်အစိုးရက အထောက်အကူပြုနိုင်အောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဂျပန်သံအမတ်ကြီးက ထပ်လောင်းပြောဆိုခဲ့သည်။

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ၂၀၁၅ ခုနှစ်အတွင်း ရေကြီးမြေပြိုမှုများကြောင့် ပျက်စီးသွားသော အခြေခံပညာကျောင်းများကို ပြန်လည်ဆောက်လုပ်လှူဒါန်းပေးလျက်ရှိရာ ကျောင်းပေါင်း ၃၉ ကျောင်းကို ပြန်လည်ဆောက်လုပ်ပေးရန် ကတိပြုထားသည့်အနက် ၃၃ ကျောင်းကို အသစ်ပြန်လည်ဆောက်လုပ်ပေးနိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။ **မြင့်မောင်စိုး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အာရှဖွံ့ဖြိုးရေးဘဏ်မှ Country Director, Myanmar Resident Mission , Mr. NewinSinsiri နှင့်အဖွဲ့အား တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး **ADB မှ Country Director, Myanmar Resident Mission, Mr. Newin-Sinsiri နှင့်အဖွဲ့အား တွေ့ဆုံစဉ်။**
သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ADB မှ Country Director, Myanmar Resident Mission, Mr. NewinSinsiri နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် မေ ၂ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်း နာဂစ်မုန်တိုင်း ၁၀ နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို ပူးပေါင်းကျင်းပခဲ့မှု၊ ၂၀၁၇ ခုနှစ်တွင် ပြည်သူလူထုသဘာဝဘေးရင်ဆိုင်တုံ့ပြန်နိုင်ရေး အမျိုးသားအဆင့် မူဘောင်ချမှတ်ခဲ့ပြီး ယင်းမူဘောင်အကောင်အထည်ဖော် တိုးတက်မှုသုံးသပ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့မှု၊ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် မြန်မာပြည်သူလူထုသဘာဝဘေးနှင့် ရာသီဥတုပြောင်းလဲမှု ရင်ဆိုင်တုံ့ပြန်နိုင်ရေး စွမ်းရည်မြင့်မားရေးဆိုင်ရာ နည်းပညာအကူအညီပေးမှု ၄ နှစ်တာ စီမံကိန်းအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ADB အနေဖြင့် ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေးစီမံကိန်းများ ဆောင်ရွက်နေပြီး UEHRD ၏ လမ်းညွှန်မှုနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မောင်တော၌ အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**မောင်တော ဇူလိုင် ၁၈**

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီက မောင်တောမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် မောင်တောမြို့ အထက(၂)မှ ဆရာမ ဒေါ်မီမီခိုင်က အမှာစကားပြောကြားပြီး ဆရာမ ဒေါ်လှသိန်းက အာဇာနည်နေ့ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆရာမ ဒေါ်ခင်အေးချိုက ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝမှ အာဇာနည်နေ့ဖြစ်ပေါ်လာပုံနှင့် ဆဋ္ဌမတန်း ကျောင်းသား မောင်မင်းခန့်နိုင်က အာဇာနည်နေ့အကြောင်း ရှင်းလင်းပြောကြားသည်။

"ကျွန်မတို့ကျောင်းက အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ဆောင်းပါးပြိုင်ပွဲတွေကို နှစ်စဉ်နှစ်တိုင်း ကျင်းပပါတယ်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ပုဂ္ဂိုလ်ကြီးတွေကို ကျောင်းသားကျောင်းသူတွေ မမေ့အောင် ကျင်းပခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေရဲ့ ကြိုးစားတဲ့စိတ်တွေ၊ သူ့ရဲကောင်းစိတ်ဓာတ်တွေ၊ ရဲရင့်တဲ့စိတ်တွေ၊ အတုယူဖွယ်ရာတွေကို ကလေးတွေသိအောင် ဟောပြောပေးပါတယ်"ဟု ဆရာမ ဒေါ်မီမီခိုင်က ပြောသည်။ (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲအခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ပြီး အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သည့် အကြောင်းအရာများကို နံရံကပ် ပိုစတာများ ရေးဆွဲပြသထားကြောင်း သိရသည်။

**သတင်း -မင်းသစ်(MNA)၊ ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းပြည်ပြုလွှတ်တော်

မြင့်ဆွေဦး

**ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက် တွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလညီလာခံတွင် ဖဆပလ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။**

**စက်တင်ဘာ ၂၆ ရက်တွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ဒုသဘာပတိအဖြစ် ရာထူးလက်ခံ၍ အစိုးရအဖွဲ့အသစ်ကို ဖွဲ့သည်။ ၁၉၄၇ခု ဧပြီ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းပြုပြည်ပြုရွေးကောက်ပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းသည် လမ်းမတော်မဲဆန္ဒနယ်မှ ရွေးကောက် တင်မြှောက်ခံရသည်။ တစ်ပြည်လုံးတွင် ဗိုလ်ချုပ်အောင်ဆန်း ၏ ဖဆပလအဖွဲ့ချုပ်က မဲအပြတ်အသတ်နှင့် အနိုင်ရရှိခဲ့သည်။**

ဇွန်လ ၁၀ ရက်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ဗန္ဓုလပန်းခြံ၌ ဖဆပလအဖွဲ့ချုပ်က ကြီးမှူး၍ ပြည်သူ့ဆန္ဒပြပွဲကြီး ကျင်းပလေသည်။ ထိုအခမ်းအနားသို့ လူထုအစည်းအရုံး တပ်ဖွဲ့အသီးသီးတို့ တဖြည်းဖြည်း စုရုံးရောက်ရှိလာကြရာတွင် ဗန္ဓုလပန်းခြံအတွင်းနှင့် ပတ်ဝန်းကျင်တွင် လူထုကြီး ကြိတ်ကြိတ်တိုးမျှ ပြည့်ကျပ်သွားလေသည်။ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များလည်း တက်ရောက်လာကြလေသည်။

ဗန္ဓုလပန်းခြံတွင် အခမ်းအနားကျင်းပပြီးစီးသွားသည့်အခါ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များသည် အတွင်းဝန်များရုံးသို့ ဝင်ရောက်လာကြလေသည်။

ဖဆပလ(တော်လှန်ရေး) အလံတော်ကြီးကို လွှတ်တော်ရှေ့တွင်လွှင့်ထူလျက် တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးကို ဇွန်လ ၁၀ ရက် အင်္ဂါနေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်အချိန်တွင် စတင်ကျင်းပလေသည်။

**တက်ရောက်လာကြ**

လွှတ်တော်အမတ်များသည် မိမိတို့၏ တိုင်းရင်းသားအဝတ်အစားများကို ကျနစွာဝတ်ဆင်လျက် တောင်တန်းနယ်မှ အမတ်များက ဝတ်ရိုးဝတ်ဆင်အတိုင်း ခမ်းနားစွာ ဝတ်စားကာ တက်ရောက်လာကြလေသည်။

ရဲဘော်အမတ်များက ရဲဘော်အဝတ်အစားနှင့် တက်ရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်းကမူ ခေါင်းပေါင်း၊ ပိုးအင်္ကျီ၊ လုံချည်တို့ကို ဝတ်ဆင်ထားလေသည်။

လွှတ်တော်အတွင်းဝန်က အစည်းအဝေးပွဲကို အုပ်ချုပ်ရန် နာယကတစ်ဦး ရွေးချယ်ပေးရန် ပန်ကြားသည့်အခါ အမှုဆောင်ဝန်ကြီးအဖွဲ့ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက သခင်မြအား အဆိုတင်သွင်း၍ ဝန်ကြီးမန်းဘခိုင်က ထောက်ခံလေသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းက သခင်မြထိုင်ရသောနေရာသို့ သွားရောက်ပြီး ဥက္ကဋ္ဌလုပ်ဖို့ ဖိတ်မန္တကပြုရာ သခင်မြကလည်း ထ၍လိုက်ပါလာပြီး သဘာပတိနေရာတွင် တက်ရောက်ထိုင်လေသည်။

**ရေးသားမှတ်တမ်းတင်**

ထိုလွှတ်တော်အစည်းအဝေးကျင်းပပုံကို ဆရာဇော်ဂျီက ရေးသားမှတ်တမ်းတင်ခဲ့လေသည်။ ထိုမှတ်တမ်းကို ဆရာဇော်ဂျီက ၁၉၅၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ရေးသားခဲ့လေသည်။

ထို့ကြောင့် ဆရာဇော်ဂျီ ရေးသားမှတ်တမ်းတင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ပထမဆုံး လွှတ်တော်တက်ရောက်လာပုံကို အမှတ်တရဖြစ်စေရန် ပြန်လည်ဖော်ပြလိုက်ပါသည်။

၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့သည်ကား ဤနေ့သည် မြန်မာ့သမိုင်း၌ အံ့ဘွယ်သူရဲ ထူးကဲခဲ့ခြင်းသွားလေသူ ဗိုလ်ချုပ်အား ထိုနေ့တွင် မည်သို့မြင်လိုက်ရသနည်း

၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့။ ။

ဤနေ့သည် မြန်မာ့သမိုင်းတွင် အံ့ဘွယ်သူရဲ ထူးကဲသောနေ့ ဖြစ်လေသည်။

ဤနေ့တွင် အချုပ်အချာအာဏာပိုင် လွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံတည်းဟူသော အုတ်မြစ်အတွက် အဦးအဖျား အထွတ်အထိပ်ဖြစ်သော အုတ်တစ်ချပ်ကို ချခဲ့သည့်နေ့ ဖြစ်လေသည်။

ဤနေ့တွင် တိုင်းပြည်ပြုလွှတ်တော်ကို စတင်ကျင်းပခဲ့လေသည်။ မိုးသောက်သောအခါ မိုးတဖွဲဖွဲရွာလျက်ရှိသည်။ မိုးစင်စင်လင်းလာသောအခါ ဖွဲရာမှ သည်းလာလေသည်။ တစ်ဖန်သည်းရာမှ စဲသွားလေပြန်သည်။ ဖွဲလိုက် သည်းလိုက်၊ သည်းလိုက် စဲလိုက်နှင့် ဖောက်ပြန်ချင်သလို ဖောက်ပြန်နေသော ထိုအခါတွင် နေရောင်ခြည်ကား မဖောက်မပြန် အဖွဲ့-အသည်း- အစဲ အလျင်ကို ထွင်းဖောက်၍ တောက်ပသည်ထက် တောက်ပလျက်သာ လာလေသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်သည် တိုင်းပြည်ပြု လွှတ်တော်အမတ်များကို ဦးဆောင်ကာ အတွင်းဝန်များရုံး အရှေ့တံခါးမှ ဝင်လာလေသည်။



ဗိုလ်ချုပ်သည် စစ်ဝတ်အင်္ကျီကို မဝတ်၊ စစ်ဝတ်ဘောင်းဘီကို မဆင်၊ ယဉ်စစရှိလှသည်။ ခေါင်းပေါင်းမှာ ပန်းရောင်၊ အပေါ်ရင်စိ အင်္ကျီမှာ ပိုးပင်ဖြူ၊ ခါးဝတ်လုံချည်မှာ မဟာဖလာပန်းရောင် အချိတ်ဆင်ဖြစ်လေသည်။

**အတွင်းဝန်ရုံးအလယ်သို့ လျှောက်လာ**

ဗိုလ်ချုပ်တံခါးဝမှဝင်လာပုံကို ပြောပြချင်ပါသေးသည်။ ဗိုလ်ချုပ်၏ ခြေလှမ်းသည် သွက်လှသည်ဟုလည်း မဆိုသာ၊ လေးလှသည်ဟုလည်း မဆိုသာ၊ ဗိုလ်ချုပ်၏ ခြေလှမ်းသည် ကျဲလှသည်ဟုလည်း မဆိုသာ၊ စိပ်လှသည်ဟုလည်း မဆိုသာ၊ သွက်သလိုလိုလည်း ရှိသည်။ လေးသလိုလိုလည်း ရှိသည်။ ကျဲသလိုလိုလည်း ရှိသည်။ စိပ်သလိုလိုလည်း ရှိသည်။ ဤသို့ပင် ထင်ရလေသည်။ ကိုယ်ကား ရှေ့သို့ ကိုင်းနေသည်ဟု ဆိုရဲသည်။ ခေါင်းလည်း မြေသို့ စိုက်နေသည်ဟု ဆိုရဲသည်။ သို့ရာတွင် ယာလက်ဖြင့် ခါးပုံစကိုဆွဲလျက် လှမ်းလာရာ ဝဲဘက်တွင် လုံချည်သည် စွန်တောင်သိမ်းလျက် ရှိလေသည်။ ဤသို့လျှင် ဗိုလ်ချုပ်သည် အတွင်းဝန်ရုံး အရှေ့တံခါးမှ အတွင်းဝန်ရုံးအလယ်သို့ လျှောက်လာလေသည်။

**ဗိုလ်ချုပ်ကို ဆီးကြို**

အတွင်းဝန်ရုံးအတွင်း အလယ်ဗဟိုမှ မြောက်ဘက်သို့ မျက်နှာမူလိုက်သော် တိုင်းပြည်ပြုလွှတ်တော်ကို မြင်နိုင်လေသည်။ ထိုလွှတ်တော်သည် ဗိုလ်ချုပ်အား စောင့်မျှော်လျက် ရှိလေသည်။ လွှတ်တော်ရှေ့မျက်နှာစာတွင် အုတ်ခုံခံ အလံတိုင် ရှိလေသည်။ ထိုအလံတိုင်သည် အရိုးတံသက်သက်သာ ဖြစ်လေသည်။ သို့ရာတွင် ဗိုလ်ချုပ် ထိုအလံတိုင်ရှေ့သို့ ရောက်လာသောအခါ ဖက်ဆစ်တော်လှန်ရေးအလံသည် ထိုအလံတိုင် အရိုးတံမှ ပေါက်ပွင့်လာကာ ဗိုလ်ချုပ်ကို ဆီးကြိုလေသည်။

**လူထုဆန္ဒအဖြစ်သို့ ပြောင်းခဲ့**

ယခင်ကသော် အနီခံ လက်ဝဲဘက်ထောင့် ကြယ်ဖြူတစ်ပွင့် ဖက်ဆစ်တော်လှန်ရေးအလံသည် ရှေးဦးစွာ ဖဆပလအစည်းအရုံးတွင် တလူလူပျံခဲ့လေသည်။ ထို့နောက် မြို့တိုင်းတွင် ပျံသည်။ ထို့နောက် ရွာတိုင်းတွင် ပျံသည်။ ယခုမူ အတွင်းဝန်ရုံး အလယ်ဗဟိုတွင် ပျံလေသည်။ ဖဆပလအစည်းအရုံးတွင် တလူလူပျံစဉ်က ထိုအလံသည် နိုင်ငံကိုချစ်သော နိုင်ငံချစ် ခေါင်းဆောင်တို့၏ ဆန္ဒသာဖြစ်လေသည်။ ထို့နောက် မြို့တိုင်းရွာတိုင်းတွင် ပျံသောအခါ လူထု၏ဆန္ဒဖြစ်လာသည်။ အတွင်းဝန်ရုံးအလယ်ဗဟိုတွင် ပျံသောအခါ နိုင်ငံ၏ အချုပ်အခြာအာဏာဖြစ်လာလေသည်။ ဗိုလ်ချုပ်သည် ခေါင်းဆောင်၏ ဆန္ဒကို လူထုဆန္ဒအဖြစ်သို့ ပြောင်းခဲ့သည်။ ထိုမှတစ်ဆင့် နိုင်ငံ၏ အချုပ်အခြာအာဏာအဖြစ်သို့ ပြောင်းခဲ့ခြင်းပင်တည်း။

**အာဏာအပ်နှင်း**

ခေါင်းဆောင်၏ ဆန္ဒ၊ လူထု၏ ဆန္ဒတို့မှ ရသော အချုပ်အခြာ အာဏာသည် လွှတ်တော်ရှေ့ အလံတိုင်တွင် လွင့်ပျံလျက်ရှိလေပြီ။ ဗိုလ်ချုပ်သည် ထိုအာဏာကို အလေးပြု၍ ဦးညွှတ်ခဲ့လေသည်။ ထိုအာဏာ၏ အရိပ်ကို ခိုလှုံလိုက်ရသော တိုင်းပြည်ပြုလွှတ်တော်လည်း အာဏာနှင့် ပြည့်စုံသော နိုင်ငံ၏ အထွတ်အထိပ်အဖွဲ့အစည်း ဖြစ်လာလေသည်။ ဗိုလ်ချုပ်သည် တိုင်းပြည်ပြုလွှတ်တော်အား ထိုနေ့နံနက်တွင် အာဏာအပ်နှင်းလိုက်လေပြီ။

**သဘာပတိအဖြစ် တင်မြှောက်**

တစ်ဖန် ထို့နေ့ နံနက်ပိုင်း ၁၀ နာရီသာသာအချိန်၌ပင် ဗိုလ်ချုပ်သည် ထိုအာဏာကို ပထမစတင်သုံးစွဲလိုက်လေသည်။ ထိုအချိန်တွင် တိုင်းပြည်ပြုလွှတ်တော်အမတ် အစုံအညီ စည်းဝေးကြလေသည်။ လွှတ်တော်ဥက္ကဋ္ဌနေရာ၏ လက်ယာဘက်တွင် ဗိုလ်ချုပ်သည် ခုံတန်းထိပ်က ထိုင်လေသည်။ နံနက်စောစောက ဝတ်ဆင်လာသကဲ့သို့ပင် ပန်းရောင်ခေါင်းပေါင်း၊ ပိုးပင်ဖြူရင်စိ၊ ဇန်ကောက် ပန်းရောင်လုံချည်နှင့် ဗိုလ်ချုပ် ယဉ်စစရှိလှလေသည်။ လွှတ်တော်အတွင်းတွင် ဥက္ကဋ္ဌနေရာသည် ဟင်းလင်းသာရှိသေးလေသည်။ ထိုအခါ ဗိုလ်ချုပ်သည် လွှတ်တော်အစည်းအဝေးတွင် ရှေးဦးစွာ ထိုင်ရာမှ ထ၍ "ကိုင်း ပြည်သူ့လွှတ်တော်အမတ်များ ခင်ဗျား၊ ယနေ့ တိုင်းပြည်ပြုလွှတ်တော်အစည်းအဝေးမှာ ကျွန်တော်တို့ အစည်းအဝေးပွဲ တက်ရောက်လာတဲ့အခါ ထုံးစံအတိုင်း သည်အစည်းအဝေးကို ထိန်းသိမ်းစောင့်ရှောက်သွားရန် အတွက် သဘာပတိလိုပါတယ်။ သည်လို သဘာပတိအဖြစ် တင်မြှောက်ဖို့ ကျွန်တော်က ဘဏ္ဍာရေးဝန်ကြီးသခင်မြကို အဆိုတင်သွင်းပါတယ်" ဟု အသံအောင်အောင်ဖြင့် အရေးဆိုလိုက်လေသည်။ ထိုအခါ မန်းဘခိုင်သည် မားမားမတ်မတ်ထ၍

"ကျွန်တော်က ထောက်ခံပါတယ်" ဟု ဗိုလ်ချုပ်ဆိုလိုက်သော အရေးကို ဖေးမကူညီလိုက်ရာ လွှတ်တော်တစ်ခုလုံး လက်ခုပ်သံဆူညံသွားကာ သခင်မြအား သဘာပတိအဖြစ် တင်မြှောက်လိုက်ကြလေသည်။ ဗိုလ်ချုပ်သည် မိမိ၏နေရာမှထ၍ သခင်မြဆီသို့ သွားသည်။ နောက် သခင်မြကို ရှေ့ဆောင်၍ လွှတ်တော်ဥက္ကဋ္ဌနေရာသို့ လိုက်ပို့ရာလေသည်။

သခင်မြသည် သဘာပတိမိန့်ခွန်းကိုခြွေစဉ် ဗိုလ်ချုပ်သည် မိမိရှေ့ရှိ စားပွဲကို လက်နှစ်ဖက်ဖြင့် တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ကာ မိန့်ခွန်းကို နာယူလျက်ရှိလေသည်။ ထိုသို့နာယူရင်း ဗိုလ်ချုပ်သည် မိမိ၏ စိတ်မျက်စိတွင် တည်လတ္တံ့သော ပြည်ထောင်စု၏ နိမိတ်ကို မြင်နေမည်မှာ မုချပင်ဖြစ်လေသည်။

ကျွန်ုပ်သည် ဗိုလ်ချုပ်အား ၁၉၄၇ ခုနှစ် ဇွန်လ ၁၀ ရက် အင်္ဂါနေ့က ထိုကဲ့သို့ မြင်လိုက်ရပါသတည်း။ ။

**"ယခင်ကသော် အနီခံ လက်ဝဲဘက်ထောင့် ကြယ်ဖြူတစ်ပွင့်ဖက်ဆစ်တော်လှန်ရေးအလံသည် ရှေးဦးစွာ ဖဆပလအစည်းအရုံးတွင် တလူလူပျံခဲ့လေသည်။ ထို့နောက် မြို့တိုင်းတွင် ပျံသည်။ ထို့နောက် ရွာတိုင်းတွင် ပျံသည်။ ယခုမူ အတွင်းဝန်ရုံး အလယ်ဗဟိုတွင် ပျံလေသည်။ ဖဆပလအစည်းအရုံးတွင် တလူလူပျံစဉ်က ထိုအလံသည် နိုင်ငံကိုချစ်သော နိုင်ငံချစ် ခေါင်းဆောင်တို့၏ ဆန္ဒသာဖြစ်လေသည်။ ထို့နောက် မြို့တိုင်းရွာတိုင်းတွင် ပျံသောအခါ လူထု၏ဆန္ဒဖြစ်လာသည်။ အတွင်းဝန်ရုံးအလယ်ဗဟိုတွင် ပျံသောအခါ နိုင်ငံ၏ အချုပ်အခြာအာဏာဖြစ်လာလေသည်။ ဗိုလ်ချုပ်သည် ခေါင်းဆောင်၏ဆန္ဒကို လူထုဆန္ဒအဖြစ်သို့ ပြောင်းခဲ့သည်။ ထိုမှတစ်ဆင့် နိုင်ငံ၏ အချုပ်အခြာအာဏာအဖြစ်သို့ ပြောင်းခဲ့ခြင်းပင်တည်း"**

# လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရပ်ဇာတိမြေမှ အာဇာနည်နေ့အခမ်းအနားနှင့် စပ်လျဉ်းသည့် စကားသံများ

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်မှာ (၇၁) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး အာဇာနည်နေ့ အောက်မေ့ဖွယ် အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် ကျင်းပကြမည်ဖြစ်ရာ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတိ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင်လည်း ခမ်းနားစွာကျင်းပမည်ဖြစ်သည်။

ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ အာဇာနည်နေ့မတိုင်မီကတည်းက အနယ်နယ်အရပ်ရပ်မှ လေ့လာသူများနှင့် အထူးစည်ကားနေပြီး (၇၁) နှစ်မြောက် အာဇာနည်နေ့အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။ အာဇာနည်နေ့အတွက် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ပြင်ဆင်ထားရှိမှုများ၊ အစီအစဉ်များနှင့် လာရောက်လေ့လာသူများ၏ စကားသံများကို မေးမြန်းဖော်ပြလိုက်ပါသည်။



ဦးဝင်းမော် (မြို့နယ်အုပ်ချုပ်ရေးမှူး)


ဒုတိယရဲမှူး - ကျော်ကျော်စိုး


ဦးမျိုးခိုင် (ပြခန်းတာဝန်ခံ)



မောင်ဇွဲမာန်ထူး(ကျောင်းသား)

**ဦးဝင်းမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နတ်မောက်မြို့**

ဒီနှစ်မှာယခင်နှစ်နဲ့မတူအောင် ဆရာတော်ကြီးတွေ ပင့်ဖိတ်ပြီးတော့ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အမျှအတန်းပေးဝေဖို့ စီစဉ်ထားပါတယ်။ (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီတွေ၊ ဆပ်ကော်မတီတွေ ဖွဲ့စည်းပါတယ်။ တက်ရောက်လာတဲ့ ပြည်သူလူထုကိုလည်း လက်ဖက်ရည်နဲ့ ပဲနံပြားကို ဧည့်ခံပါမယ်။ အခမ်းအနားကို ယခင်နှစ်တွေကတော့ နံနက် ၇ နာရီလောက်မှာကျင်းပပေမယ့် ဒီနှစ်မှာတော့ နံနက် ၆ နာရီကနေစပြီးတော့ ကျင်းပပါမယ်။ နံနက် ၈ နာရီခွဲမှာ ကျဆုံးသွားတဲ့အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေနဲ့ ဂါရဝပြုပြီး ၁၀ နာရီ ၃၇ မိနစ်မှာ ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ပါမယ်။

အခိုကကတော့ ဗိုလ်ချုပ်နေအိမ်ပြတိုက်ကို လာတဲ့သူတွေကို အဆင်ပြေပြေနဲ့ ကြည့်ရှုနိုင်ဖို့ မနှစ်ကထက်ပိုပြီးကောင်းမွန်စွာ စီမံထားပါတယ်။ နိုင်ငံ့ခေါင်းဆောင် အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတဲ့ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားမှာ ပြည်သူလူထု၊ ကျောင်းသားလူငယ်တွေရဲ့ရင်ထဲမှာ မျိုးချစ်စိတ်တွေ ကိန်းအောင်းဖို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့အတွက် ရပ်ကွက်၊ ကျေးရွာကော်မတီတွေပေါင်းစပ်ပြီးတော့ ကြိုတင်နှီးဆော်ဆောင်ရွက်ထားပါတယ်။

**ဒုတိယရဲမှူး ကျော်ကျော်စိုး၊**
**မြို့မရဲစခန်း၊ နတ်မောက်မြို့**

အာဇာနည်နေ့အတွက် လုံခြုံရေးကတော့ ကျွန်တော်တို့ တိုင်းတပ်ဖွဲ့မှူးကနေ ဦးစီးပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဇွန်လ ၂၀ ရက်နေ့ကတည်းကစပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အာဇာနည်နေ့မှာ ဒီထက်မက ပိုပြီးတော့ စနစ်တကျနဲ့ ဆောင်ရွက်သွားမှာပါ။ အာဇာနည်နေ့မှာ ဆောင်ရွက်ရမယ့်အပိုင်းကတော့ နှစ်ပိုင်းရှိပါတယ်။ လွတ်လပ်ရေးကျောက်တိုင်မှာ ဆောင်ရွက်ရမယ့်အပိုင်းနဲ့ ပြတိုက်မှာဆောင်ရွက်ရမယ့်အပိုင်း ဖြစ်ပါတယ်။ အာဇာနည်နေ့မှာ ပြတိုက်ကို နံနက် ၆ နာရီကနေစပြီးတော့ ဖွင့်ပါမယ်။ ပြတိုက်စစ်ဆေးရေးဂိတ်မှာ ယောကျ်ားလေးဝင်ပေါက်နဲ့ မိန်းကလေးဝင်ပေါက်ခွဲထားပါတယ်။ အိမ်ရဲခံနိုင်ရည်အားကြောင့် လူအယောက် ၅၀ တစ်ဖွဲ့စီ တင်ပေးပါမယ်။

တစ်ဖွဲ့ပြီးတစ်ဖွဲ့ဆက်တိုက်တင်ပေးသွားနိုင်အောင် လုပ်ပါမယ်။ လွတ်လပ်ရေးပန်းခြံကတော့ မနက်ခင်းမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုပါမယ်။ အလေးပြုပြီး လွမ်းသူ့ပန်းခွေချပြီးတော့မှ တစ်နေ့လုံးစာ လုံခြုံရေးပိုင်းကိုဆက်ပြီး ဆောင်ရွက်ပါမယ်။ ပြတိုက်ကို လာတဲ့အခါမှာလည်း လမ်းအခက်အခဲကြောင့် ယာဉ်တွေကို အပြင်ဘက်ဘေးနားမှာပဲရပ်ဖို့ စီစဉ်ပေးထားပါတယ်။ အထဲကိုတော့ လမ်းလျှောက်ဝင်လာပြီး ဒုတိယစိစစ်ရေးဂိတ်မှာလူတွေကို ပြန်စိစစ်ပါမယ်။

**ဦးမျိုးခိုင် (ပြခန်းတာဝန်ခံ)**

ဒီပြခန်းမှာ တာဝန်ခံအနေနဲ့ ဆောင်ရွက်နေပါတယ်။ စိမ်းလန်းစိုပြည်ရေးအတွက်တော့ ဇူလိုင် ၇ ရက်ကစပြီး နတ်မောက်က ဘော်ဒါကျောင်းသားတွေ၊ ထွေအုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဘုန်းတော်ပြည့်ကျေးရွာက ပရဟိတအဖွဲ့၊ နတ်မောက်ကွန်ရက်အဖွဲ့တွေ ပေါင်းပြီးတော့ ဗိုလ်ချုပ်အိမ်မှာ သန့်ရှင်းရေးလုပ်ပါတယ်။ နေရာချထားရေးအတွက် အဲဒီနေ့ကတည်းက တစ်ခါတည်းစပြီးလုပ်ခဲ့တာပါ။ ပြီးခဲ့တဲ့ နှစ်ကဆို ကျွန်တော်တို့က ခြောက်ခန်းပဲပြနိုင်တယ်။ အခုနှစ်မှာတော့ ရှစ်ခန်းပြသွားပါမယ်။ 3D ပုံစံလေးတွေ၊ နည်းနည်းလေးဆန်းသစ်တဲ့ ပုံစံလေးတွေကို ကျွန်တော်တို့ကြိုးစားပြီး လုပ်ထားပါတယ်။

ဗိုလ်ချုပ်မွေးနေ့၊ အာဇာနည်နေ့ဆိုရင်တော့ လူက သောင်းချီပြီးလာပါတယ်။ အခုပြခန်းမှာဆိုရင် ကဗျာချစ်တဲ့အဖွဲ့တွေပါတယ်၊ ကျောင်းသားလေးတွေပါတယ်၊ နတ်မောက်ကွန်ရက်လည်း ပါပါတယ်၊ အားလုံးဝိုင်းပြီးကူကြပါတယ်။ အာဇာနည်နေ့မှာ ဗိုလ်ချုပ်မိန့်ခွန်းထဲက ကောက်နုတ်ချက်လေးတွေထုတ်ထားတာ ၁၆ ချက်ကို ပြထားတာလေး ဒီနှစ်အသစ်တိုးပါတယ်။ ကျောင်းသားလေးတွေကိုလည်း အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ ကဗျာ၊ဆောင်းပါးလေးတွေကိုလည်း ပြိုင်ခိုင်းထားပါတယ်။ အဲဒီကနေရွေးချယ်ထားတဲ့ ပထမ၊ ဒုတိယ၊ တတိယဆုတွေကိုလည်း ကလေးတွေရဲ့ လက်ရေးမူအတိုင်းပဲ ဗီနိုင်းထုတ်ပြီး ပြသသွားဖို့ စီစဉ်ထားပါတယ်။

**မောင်ဇွဲမာန်ထူး (စတုတ္ထနှစ်၊ သမိုင်းအထူးပြု၊ မိတ္ထီလာတက္ကသိုလ်)**

ကျွန်တော်တို့ အခုဗိုလ်ချုပ်နေအိမ်ပြတိုက်ကို လေ့လာရေးလာတာပါ။ ကျွန်တော်တို့အဖွဲ့က လူနှစ်ရာကျော်လောက် ပါပါတယ်။ ဗိုလ်ချုပ်နေအိမ်ကိုငယ်ငယ်ကတည်းက ရောက်ဖူးချင်ပေမယ့် အကြောင်းကြောင်းကြောင့် တစ်ခေါက်မှ မရောက်ဖြစ်ခဲ့ပါဘူး။ အခုလိုဗိုလ်ချုပ်နေအိမ်ကို သွားရောက် လေ့လာရမယ်ကြားတော့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့အဖွဲ့တွေ ဗိုလ်ချုပ်နေအိမ်ပေါ်ကိုတက်တော့ လေးဖွဲ့ ခွဲတက်ရပါတယ်။ လူ ၅၀ တက်ခွင့်ပြုပါတယ်။ အိမ်ရဲခံနိုင်ရည်အားကြောင့်လို့ ပြောပါတယ်။ ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းတွေနဲ့ ဓာတ်ပုံတွေ တွဲပြီးပြသထားတာကိုလည်း တွေ့ရပါတယ်။ ဗိုလ်ချုပ်ရဲ့မိန့်ခွန်းတွေ ဖတ်ရင်းနဲ့၊ ဓာတ်ပုံတွေကြည့်ရင်းနဲ့ ဗိုလ်ချုပ်ကို လေးစားတဲ့ စိတ်၊ ဗိုလ်ချုပ်လိုပုဂ္ဂိုလ်မျိုးကို ဆုံးရှုံးသွားရလို့ နှမြောတဲ့စိတ်၊ ယူကျုံးမရတဲ့စိတ်တွေလည်း ခံစားရတယ်။

နေအိမ်ရဲ့တောင်ဘက် ပန်းခြံထဲမှာလည်း ကဗျာလေးတွေကပ်ထားတဲ့အတွက် ကဗျာချစ်တဲ့ ကျွန်တော်တို့လိုသူတွေအတွက် အဆင်ပြေပါတယ်။ ဗိုလ်ချုပ်နေခဲ့တဲ့နေရာကို လေ့လာခွင့်ရလို့လည်း ဝမ်းသာမိပါတယ်။ သေသေချာချာလည်း လေ့လာ မှတ်သားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးရဲ့အိမ်ကိုတော့ မြန်မာနိုင်ငံသားတိုင်း ရောက်ဖူးထားသင့်တယ်လို့ ထင်ပါတယ်။ ဒါမှ ဗိုလ်ချုပ်ရဲ့ စိတ်ဓာတ်တွေ၊ ခံယူချက်တွေ၊ မိန့်ခွန်းတွေကိုတွေ့ရတော့ ဗိုလ်ချုပ်ရဲ့အငွေ့အသက်တွေကိုခံစားမိပြီး မျိုးချစ်စိတ်ဓာတ်တွေ ပိုပြီးတိုးပွားလာမယ်လို့ထင်ပါတယ်။ မရောက်ဖူးသေးတဲ့သူတွေလည်း လာရောက်ဖို့ပြောချင်ပါတယ်။ အထူးသဖြင့် ကျောင်းသားလူငယ်တွေအတွက် အထူးလေ့လာသင့်တဲ့ နေရာဖြစ်လို့ လေ့လာဖို့ တိုက်တွန်းလိုပါတယ်။

**သတင်းနှင့် ဓာတ်ပုံ-နိုင်လင်းကြည်၊ ကြည်လင်း**


မကွေးအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

❍ *ကျော့ဖုံးမှ*

မကွေးအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခြင်းမရှိသလို မြဝတီအသင်းကလည်း တန်ပြန်တိုက်စစ်ဖြင့် ကစားရမည့်အစား ကြံ့သလိုဖျက်ထုတ်နေ၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ မကွေးအသင်းသည် ဖိကစားနိုင်သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့်အနည်းငယ်သာ ဖန်တီးနိုင်ခဲ့သည်။ မကွေးအတွက် ဂိုးများကို ၂၃ မိနစ်တွင် နန္ဒကျော်နှင့် ၄၄ မိနစ်တွင် အောင်မြင့်ထွန်းတို့က သွင်းယူခဲ့သည်။ မိနစ် ၅၀ တွင် အသင်းခေါင်းဆောင် ရဲဝေယံစိုးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ မြဝတီအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ငါးမိနစ်အကြာတွင် ဂိုးထပ်ပေးလိုက်ရ၍ သရေမျှော်လင့်ခွင့် ဆုံးရှုံးခဲ့ရသည်။ မကွေးအသင်းအတွက် တတိယဂိုးကို ၅၅ မိနစ်တွင် နောက်ခံလူ ကျော်ဇင်လွင်က သွင်းယူခဲ့သည်။

**ညီမြတ်သော်တာ**

❑ *ကျော့ဖုံးမှ*

ဖိကစားနိုင်ခဲ့သည်။ ၁၆ မိနစ်တွင် ဇင်မာထွေးက YREO အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၁၇ မိနစ်တွင် မြတ်နိုးခင်၊ ၃၁၊ ၄၀ မိနစ်တွင် နွယ်နီဝင်း၊၃၆ မိနစ်တွင် ဇင်မာထွေး၊ ၄၆ မိနစ်တွင် ဝင်းစန္ဒာထွန်းတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း YREO အသင်းကသာ ပွဲကိုဆက်လက်စိုးမိုးထားပြီး အနိုင်ဂိုးများကို ၅၃ မိနစ်တွင် မြတ်နိုးခင်နှင့် ၈၉ မိနစ်တွင် နွယ်နီဝင်းတို့က သွင်းယူခဲ့သည်။ YREO အသင်းသည် ဒုတိယအကျော့တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခြင်းဖြစ်ပြီး ယခုရာသီ၏ တတိယမြောက်နိုင်ပွဲဖြစ်ခဲ့သည်။

**ရဲရင့်ရှိုင်း**

## အာဇာနည်နေ့အကြောင်း သိကောင်းစရာများဟောပြော

**နေပြည်တော် ဇူလိုင် ၁၈**

(၇၁) နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် အာဇာနည်နေ့အကြောင်း သိကောင်းစရာများ ဟောပြောခြင်းကို ဇူလိုင် ၁၈ ရက်က နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ OIAC- 2 (Our Inspiration Academic Center) တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်လှိုင်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့ဂုဏ်ပြု ကဗျာငါးပုဒ်ကိုရွတ်ဆိုကာ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများကို ဆုချီးမြှင့်၍ စာရေးဆရာခိုင်မင်း (နေပြည်တော်) က “ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များအကြောင်း”ခေါင်းစဉ်ဖြင့် ဟောပြောရာ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။




**ကိုကိုရှုပ (နေပြည်တော်)**

## ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် သရုပ်ပြဆောင်ရွက်

**လယ်ဝေး ဇူလိုင် ၁၈**

လယ်ဝေးမြို့အမှတ်(၄၇)စက်မှုလယ်ယာစခန်းမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးခဲ့သောပေါက်မြိုင်ကျေးရွာဧက ၃၅၃ ဒသမ ၂၀ ကွင်းအတွင်းရှိကွင်းအမှတ် (၁၇၄၅) တောင်သူဦးခင်မောင်မြင့်၏ လယ်မြေတွင် ဌာနပိုင်ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် သရုပ်ပြခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့သရုပ်ပြပွဲတွင် နေပြည်တော်တိုင်း ဦးစီးဌာနမှူး ဦးကျော်ဝေ(ညွှန်ကြားရေးမှူး)၊ ခရိုင်ဦးစီးဌာနမှူး ဦးခင်မောင်သန်း၊ မြို့နယ်ဦးစီးဌာနမှူးတို့က လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ တောင်သူများအားရှင်းလင်းပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**



# (၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ထွန်းဟန်**

(၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ ။ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး အမေ့ရင်ထဲမှာလည်း ပြောစရာစကားတွေ အများကြီး ရှိမယ်ထင်ပါတယ်။ပြည်သူတွေ သိချင်နေကြတဲ့ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး အမေ့ရင်ထဲက စကားတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ တကယ်တော့ ပြောပြချင်တာ မရှိပါဘူး။ ပြည်သူတွေ ပြောတာကိုပဲ နားထောင်ချင်တာပါ။ အခုဆိုရင် အာဇာနည်နေ့ကို ပြည်သူတွေက ဘယ်လိုမြင်သလဲ။ အထူးသဖြင့် ဖေဖေတို့ကို လုံးဝမမီခဲ့တဲ့ ပြည်သူတွေပေါ့။ အများစုကတော့ မမီခဲ့ဘူး။ ဖေဖေတို့ ခေတ်ကိုမီခဲ့တဲ့ ပြည်သူ ပြည်သားတွေဆိုတာ အခု လူနည်းစုဖြစ်သွားပြီ။ လူလတ်ပိုင်းနဲ့ လူငယ်ပိုင်းတွေက လုံးဝမမီခဲ့ဘူး။ အာဇာနည်နေ့နဲ့ ပတ်သက်ရင် ကိုယ်ကိုယ်တိုင်ပြောချင်တာထက် အများပြည်သူက အခုဘယ်လိုမြင်သလဲ၊ အာဇာနည်နေ့ကို ဘာဖြစ်လို့ တန်ဖိုးထားသလဲ၊ အလေးထားသလဲဆိုတာကို ပိုပြီးတော့ သိချင်တာပါ။

**မေး။ ။ တကယ်တမ်းတော့ ဒီစကားတွေကို ပြန်မတူးဆွသင့်ဘူး ထင်ပါတယ်။ ဒါပေမယ့် တစ်တိုင်းပြည်လုံးရဲ့အမျိုးသားခေါင်းဆောင်ကြီးမို့ မေးရတာပါ။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရမယ့်နေ့ စာအုပ်တွေထဲကနေ ဖတ်ရှုမှတ်သားခဲ့ရတဲ့ ဗိုလ်ချုပ်အနေနဲ့ ဝတ်နေကျ အဝတ်အစားမဟုတ်တဲ့အနေအထားနဲ့ ပတ်သက်တာရယ်၊ အိမ်ကနေ မထွက်ခွာခင် သမီးငယ်ဖြစ်တဲ့ အမေစုကို တယုတယ ပွေ့ချီနမ်းပြီး နှုတ်ဆက်သွားတဲ့ ပုံရိပ်တွေ ပြန်မြင်ယောင်တဲ့အခါ အမေစုရဲ့ ခံစားချက်လေးကို ကြားသိချင်ပါတယ်။**

ဖြေ။ ။ အဝတ်အစားနဲ့ ပတ်သက်လို့ တစ်ခါမှလည်း သိပ်ပြီး မစဉ်းစားခဲ့ပါဘူး။ ဖတ်တော့ ဖတ်ဖူးတာပေါ့။ အဲဒီနေ့က ချိတ်ပိုးပုဆိုးနဲ့သွားတယ်ဆိုတာ။ ဒါပေမယ့်လည်း အဝတ်အစားကတော့ သိပ်အရေးကြီးတဲ့ ကိစ္စမဟုတ်ဘူးလို့ ထင်ပါတယ်။ အစိုးရအဖွဲ့ဝင်တစ်ယောက် ဖြစ်တော့လည်း အစိုးရအဖွဲ့ဝင်တစ်ယောက် ပီပီ တစ်ခါတလေတော့လည်း ဝတ်သင့်၊ စားသင့်တယ်ထင်လို့ ဝတ်တယ်လို့ပဲ စိတ်ထဲမှာ ထင်ပါတယ်။ ဒါပေမယ့်လည်း အမေတို့ကို ဒီလိုပဲ ပွေ့ပြီးတော့ နမ်းတယ်၊ မွှေးမွှေးပေးတယ်ဆိုတာတော့ ဖေဖေက လုပ်နေကျပါ။ ရုံးမသွားခင် သားသမီးတွေအားလုံးကို ဒီလိုပဲနှုတ်ဆက်လေ့ရှိပါတယ်။



အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုမှတ်တမ်းဓာတ်ပုံ

**မေး။ ။ လက်ရှိမှာလည်း အမေစုအနေနဲ့ ကြီးလေးတဲ့နိုင်ငံ့တာဝန်တွေ ကိုယ်တိုင်ထမ်းဆောင်နေတော့ ဘယ်လို အချိန်မျိုး၊ ဘယ်လိုအခြေအနေမျိုးမှာ ဖခင်ဗိုလ်ချုပ်ကို လွမ်းဆွတ်မိပါသလဲရှင်။ ဥပမာ- အခက်အခဲတွေနဲ့ ကြုံလာတဲ့အချိန် ဒါမှမဟုတ် အောင်မြင်မှုရရှိခဲ့တဲ့ အခြေအနေမျိုးမှာပေါ့။**

ဖြေ။ ။ လွမ်းဆွတ်တယ်လို့တော့ မပြောချင်ပါဘူး။ အမေက ခလုတ်ထိမှ အမိတတာမျိုးကို သိပ်မကြိုက်ပါဘူး။ ဖေဖေတင် မဟုတ်ပါဘူး။ မေမေရော၊ ဖေဖေရော နှစ်ယောက်စလုံးကို မကြာခဏသတိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးဇူးတင်တဲ့ စိတ်နဲ့ သတိရတာပါ။ ဘယ်လိုအခက်အခဲတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ဘယ်လို စိန်ခေါ်မှုတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ရင်ဆိုင်နိုင်တယ်ဆိုရင် ဒါက မိဘရဲ့ ကျေးဇူးကြောင့်လို့ သတ်မှတ်ပါတယ်။ မေမေရဲ့ သွန်သင်ဆုံးမမှုကြောင့် ဖေဖေရဲ့စိတ်ဓာတ် စံနမူနာအကြောင်းကို လွမ်းဆွတ်တယ်ဆိုတာထက် ကျေးဇူးတင်တဲ့စိတ်နဲ့ ပိုပြီးတော့ သတိရတာ များပါတယ်။

**မေး။ ။ အဘွားဒေါ်ခင်ကြည်ကနေတစ်ဆင့် ပြန်လည်ကြားသိရတဲ့ ဗိုလ်ချုပ်ရဲ့ အကြောင်း၊ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး အမှတ်ရဆုံးအဖြစ်တွေကိုလည်း သိပါရစေရှင်။**

ဖြေ။ ။ ပြောတာတွေက အများကြီးပေါ့။ ဘာမှတ်မိသလဲဆိုတော့ ဖေဖေ့အကြောင်း တိုက်ရိုက် မဟုတ်ပါဘူး။ မေမေ (ဒေါ်ခင်ကြည်) က အရင်တုန်းကဆိုရင် ရုပ်ရှင်တွေကို ဆင်ဆာလုပ်ရတဲ့လူကြီးဆိုတော့ ရုပ်ရှင်တွေကို တစ်ပတ်တစ်ခါ သွားသွားပြီးတော့ ဆင်ဆာသွားလုပ်ရတယ်။ ဒါပေမယ့် မေမေက ရုပ်ရှင်ကြည့်တာတွေကို သိပ်ပြီးတော့ အားမပေးဘူး။ တစ်ခါတလေ ကျောင်းပိတ်ရင် ခေါ်သွားတယ်။ မနက်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံ-ရွှေကိုလေး

## ဗိုလ်ချုပ်အောင်ဆန်း

(၁၃ ဖေဖော်ဝါရီ ၁၉၁၅ - ၁၉ ဇူလိုင် ၁၉၄၇)

**၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် (စနေနေ့)တွင် မကွေးခရိုင် နတ်မောက်မြို့ တောင်ရွာကြီး၌ မွေးဖွားသည်။ ဖခင်ရှေ့နေဦးဖာ၊ မိခင်ဒေါ်စု ဖြစ်သည်။ မွေးချင်းကိုးယောက်တွင် အငယ်ဆုံးဖြစ်၏။ ဇာတာအမည်မှာ ထိန်လင်းဖြစ်သော်လည်း အစ်ကိုဖြစ်သူ အောင်သန်း အမည်နှင့်လိုက်ကာ ‘အောင်ဆန်း’ ဟု တွင်သည်။**

**၁၉၂၃ ခုနှစ် အသက် ၈ နှစ်တွင် နတ်မောက်ဒီပင်္ကရာ ဦးသောဘိတ လောကဓာတ်ကျောင်းတွင် စတင်ပညာသင်ယူခဲ့သည်။**

**၁၉၂၈ ခုနှစ်တွင် ရေနံချောင်းနေရှင်နယ်ကျောင်းသို့ ပြောင်းရွှေ့ပညာသင်ပြီး အတန်းစဉ် ပထမရရှိခဲ့သည်။**

**၁၉၃၀ ပြည့်နှစ်တွင် ရေနံချောင်း နေရှင်နယ်ကျောင်းမှ သတ္တမတန်းအောင်၊ တစ်နိုင်ငံလုံးအဆင့် နဝမရရှိခဲ့သည်။ ဗုဒ္ဓဘာသာစာသင်ကျောင်းများနှင့် အမျိုးသားကျောင်းများ၌ ပထမရကာ ဦးရွှေခိုဆု ချီးမြှင့်ခံရသည်။အစိုးရပညာသင်ဆု တစ်လ ၁၀ ကျပ် သုံးနှစ်ဆက်တိုက်ရရှိခဲ့သည်မှာ ကောလိပ်ပထမနှစ်အထိ ဖြစ်သည်။**

**၁၉၃၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ကွန်မြူနစ်ပါတီဖွဲ့စည်းခဲ့ပြီး သခင်အောင်ဆန်းက ပထမဆုံးအတွင်းရေးမှူး တာဝန်ယူခဲ့သည်။**

**၁၉၄၂ ခုနှစ် စက်တင်ဘာ ၆ ရက် နေ့လယ် ၂ နာရီတွင် ဂျပန်ခေတ် ဆေးရုံကြီး အရှေ့ဘက်ခန်းမဆောင်တွင် သူနာပြုဆရာမ ဒေါ်ခင်ကြည်နှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပပြုလုပ်ခဲ့သည်။**

**၁၉၄၃ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်(ဘီအိုင်အေ)ကို ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)အဖြစ် ပြောင်းလဲဖွဲ့စည်းပြီးနောက် ဘီဒီအေ၏ စစ်သေနာပတိ ဗိုလ်မှူးကြီးအောင်ဆန်းဖြစ်လာသည်။ ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် ဂျပန်ခေတ် လွတ်လပ်ရေးကြေညာပြီး စစ်ဝန်ကြီးဖြစ်လာသည်။**

**၁၉၄၇ ခုနှစ် ဧပြီ ၉ ရက် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲမှာ ဗိုလ်ချုပ် လမ်းမတော်မဲဆန္ဒနယ်က ရွေးကောက်တင်မြှောက်ခံခဲ့ရသည်။ တစ်ပြည်လုံး ဗိုလ်ချုပ်ခေါင်းဆောင်သော ဖဆပလ က အပြတ်အသတ်အနိုင်ရရှိခဲ့သည်။**

**၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဂဠုန်ဦးစောနှင့် အပေါင်းအပါတစ်စု၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသည်။**

အစောကြီးသွားရတယ်။ ကျောင်းပိတ်တဲ့အခါ ခေါ်သွားတယ်ဆိုပေမယ့်လည်း မေမေက ရုပ်ရှင်ကောင်းတွေကို ဘယ်တော့မှ ရွေးလေ့မရှိဘူး။ အလုပ်အနေနဲ့ပဲ သဘောထားပြီး အခြားသူတွေ မကြည့်ချင်တဲ့ဟာတွေကိုပဲ ကြည့်ပြီး ဆင်ဆာလုပ်တယ်။ တစ်ခါတော့ ထူးထူးခြားခြား ကျောင်းပိတ်တုန်းမှာ ကလေးကတော့ ကြည့်ချင်မှာပဲဆိုပြီး ရုပ်ရှင်ကောင်းကောင်း တစ်ခုကို ရွေးထားတယ်။ ဘာကားလဲဆိုတာကိုတော့ မမှတ်မိတော့ပါဘူး။

*စာမျက်နှာ ၉ သို့*

**❐ လူငယ်တွေကို ပြောရမယ်ဆိုရင် ကိုယ့်ရဲ့အင်မတန်မှ တန်ဖိုးရှိတဲ့ အချိန်တွေကို တန်ဖိုးရှိအောင်သုံးပါ။ တန်ဖိုးရှိအောင်သုံးရင် အခု အာဇာနည်ခေါင်းဆောင်ကြီးတွေကို ပြည်သူလူထုက သတိရနေတာ၊ တမ်းတနေတာတွေကို အဲဒါတွေကို အားကျနေတာ မဟုတ်ဘဲနဲ့ ဒီလိုတမ်းတခြင်း၊ သတိရခြင်း ဖြစ်စေတဲ့ မှန်ကန်တဲ့ စိတ်ဓာတ်တွေကိုသာ အားကျတာဖြစ်ရမယ်။ တချို့ကဆိုရင် ထင်ပေါ်ကျော်စောချင်တာပေါ့။ အာဇာနည်ကြီးတွေလို ဖြစ်ချင်တယ်ဆိုတာ အာဇာနည်ကြီးတွေလို ကျော်ကြားချင်တာ၊ ထင်ပေါ်ချင်တာ။**

**❐ အာဇာနည်ကြီးတွေလို ရုန်းကန်ချင်တာက အခက်အခဲတွေကို ရင်ဆိုင်ချင်တာ မဟုတ်ဘူး။ အဲဒါကြောင့် မှန်မှန်ကန်ကန် သုံးသပ်ဖို့၊ မှန်မှန်ကန်ကန် သင်ခန်းစာယူဖို့ကတော့ အရေးကြီးဆုံးပါ။**

*စာမျက်နှာ ၈ မှ အဆက်*

ရုပ်ရှင်ကောင်းကောင်းကို ကြည့်ရတာလည်း အင်မတန်မှ ကြည့်ခဲ့တယ်ဆိုတော့ သိပ်ကြည့်ချင်တာပေါ့ ။

ဒါပေမယ့်လည်း ရုပ်ရှင်သွားပြီး ကြည့်ရမယ့် နေ့မတိုင်မီမှာပဲ အလုပ်တစ်ခု ပေါ်လာတော့ မေမေက ရန်ကုန်အပြင်ကို ထွက်ရတယ်။ ဘယ်လဲမသိဘူး။ ပဲခူးလား၊ ဘာလား အဲဒီလိုဟာမျိုး တစ်နေရာကို သွားမယ်ဆိုတော့ သွားလို့မရဘူး။ အမေက သိပ်သွားချင်တယ်ဆိုတာသိတော့ မေမေက ပြောတယ်၊ မေမေ့မိတ်ဆွေတစ်ယောက်နဲ့ သွားလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ရှင်ရုံက မန်နေဂျာတွေကလည်း သိနေတယ်။ အမေမှတ်မိသလောက်တော့ ဆင်ဆာလုပ်တဲ့ လူကြီးတွေက ညှိသည် သုံးယောက်လား၊ လေးယောက်လား မသိဘူး၊ ခေါ်သွားပိုင်ခွင့်ရှိတယ်။ အရင်ကလည်း မေမေနဲ့ သွားဖူးတယ်ဆိုတော့၊ မေမေ့ မိတ်ဆွေကိုလည်း သိနေတယ်။ မေမေ့မိတ်ဆွေနဲ့သွားဆိုတော့ အမေက ပြောတာပေါ့။ ဘယ်လိုလုပ်သွားမလဲ၊ မေမေ အလုပ်လုပ်မှ မေမေက ဆင်ဆာလုပ်လို့သာ လူခေါ်လို့ရတာ၊ မေမေ မပါဘဲနဲ့ အမေတို့ချည်းပဲသွားရင် ဘယ်လိုဖြစ်မလဲဆိုပြီး ပြောပါတယ်။ အမေက ကြည့်လည်း ကြည့်ချင်တယ်။ မေမေက အဲဒီလို လုပ်လိုက်လို့ မကြည့်ရတော့ပါဘူးဆိုပြီး အမေက စိတ်ကောက်ပြီး အိပ်ရာပေါ်မှာ အိပ်နေတယ်။

အမေတို့ ငယ်ငယ်တုန်းက နေ့လယ်ဆိုရင် အိပ်ရတယ်။ အိပ်ရာထဲမှာ အိပ်နေတော့ မေမေ့မိတ်ဆွေက လာတာပေါ့၊ လာပြီး မနက်ဖြန်အစီအစဉ်အတွက် အမေ့ကို ဘယ်တော့လာခေါ်ရမလဲဆိုတော့ မေမေကပြောတယ်။ "မသွားတော့ဘူး၊ ဗိုလ်ချုပ်အောင်ဆန်းသမီးက ပြောတယ်၊ အဲ့ဒါမမှန်ကန်ဘူးလို့ ပြောတယ်" အဲဒါကတော့ မေမေပြောတဲ့အထဲမှာ သတိအရဆုံးပဲ။ အမေက စိတ်ကောက်နေလို့ အိပ်ချင်ယောင်ဆောင်နေတာဆိုပေမယ့် နောက်တော့ မေမေ့မိတ်ဆွေက အိပ်ချင်ယောင်ဆောင်နေမှန်း သိတယ်။ အိပ်ချင်ယောင်ဆောင်နေမှန်း မျက်ခွံကလှုပ်နေတော့ သိတယ်။ မေမေက တမင်ပြောတာပေါ့။ အဲဒါတော့ ကောင်းကောင်းမှတ်မိတယ်။

**မေး။ ။ နိုင်ငံခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ အာဇာနည်ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးတစ်ယောက်အဖြစ် အဘွားဒေါ်ခင်ကြည်က အမေ့ကို ဘယ်လိုပြုစုပျိုးထောင်ခဲ့ရတယ်ဆိုတာကို မျှဝေပေးပါဦး။**

ဖြေ။ ။ ခုနက ပြောသလို အဲဒီလိုဟာမျိုးပေါ့။ မေမေရဲ့ ပြုစုပျိုးထောင်မှုကိုလည်း မီးမောင်းထိုးပြတဲ့ အနေနဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့ တချို့မိဘတွေက ဆိုရင် လူကြီးပြောတာကို စောဒကတက်ရသလား၊ လူကြီးကို ဒီလိုမေးခွန်းထုတ်ရသလားပေါ့။ သွားဆိုရင် သွား၊ မသွားနဲ့ဆိုရင် မသွားနဲ့၊ မဟုတ်ဘဲနဲ့ ဒါသွားလို့မဖြစ်ဘူး၊ ဒါသွားတာမမှန်ဘူး၊ မသွားသင့်ဘူးဆိုတာကို မေမေက လက်ခံတာကို အမေက အများကြီးတန်ဖိုးထားတယ်။ မှတ်မိတယ်ဆိုတာ မေမေ့အကြောင်း၊ ဖေဖေ့အကြောင်းရယ် မဟုတ်ဘူး။ မိဘနှစ်ပါးစလုံးနဲ့ ပတ်သက်လို့ မှတ်သားစရာလို့ စိတ်ထဲမှာ ယူဆပါတယ်။ မေမေက ဖြောင့်မတ်တယ်၊ တည်ကြည်တယ်၊ အင်မတန်မှ စည်းကမ်းကြီးတယ်။ တချို့မိတ်ဆွေတွေက ပြောပါတယ်။ မေမေက ဖေဖေထက်ကို စည်းကမ်းကြီးတယ်လို့ ပြောပါတယ်။

**မေး။ ။ နိုင်ငံ့အတွက် ဆောင်ရွက်တာတွေနဲ့ ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမေစုတို့ရဲ့ကြားက တူညီမှု၊ ယုံကြည်မှုတွေက ဘာတွေလို့ အမေသုံးသပ်မိပါသလဲ။ ကွဲပြားမှုတွေ ရှိပါသလားရှင့်။**

ဖြေ။ ။ အဲဒါ ကိုယ်တိုင်ပြောဖို့ အင်မတန်မှ ခက်ခဲပါတယ်။ အပြင်က လူတွေ သုံးသပ်တာ ပိုပြီးတော့ ဓမ္မဓိဋ္ဌာန်ကျလိမ့်မယ်လို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း အမှန်အတိုင်းမြင်ဖို့ဆိုတာ လွယ်တာမဟုတ်ပါဘူး။ ဖေဖေတို့ အသက်ရှင်ခဲ့တဲ့ အခြေအနေ၊ ဖေဖေတို့ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံအရ အမေတို့ အတွေ့အကြုံတွေနဲ့ မတူဘူး။ မတူဘူးဆိုတော့ နှိုင်းယှဉ်တယ်ဆိုတာတော့ သိပ်မလွယ်ပါဘူး။ အခက်အခဲတွေကတော့ များတာပေါ့။ ဖေဖေတို့လည်း အခက်အခဲတွေအများကြီးရင်ဆိုင်ခဲ့တယ်။ အမေတို့လည်း အခက်အခဲတွေ အများကြီးရင်ဆိုင်ရတယ်။ ဦးတည်ချက်က နိုင်ငံကောင်းဖို့၊ တည်ငြိမ်ဖို့၊ တိုးတက်ဖို့၊ ညီညွတ်ဖို့ ဦးတည်ချက်တွေကတော့ တူညီတယ်လို့ အမေ့အနေနဲ့ ယူဆတယ်။ ဦးတည်ချက်တွေကို ရင်ဆိုင်တဲ့နေရာမှာ ဒီဦးတည်ချက်တွေနဲ့ ပတ်သက်နေတဲ့ အလုပ်တွေကို ကိုင်တွယ်တဲ့ နေရာမှာတော့ အလုပ်တွေကလည်း မတူဘူးဆိုတော့ ဘယ်လောက်တူတယ်၊ မတူဘူးဆိုတာ ဆုံးဖြတ်ဖို့ခက်ပါတယ်။



နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ နေအိမ်

**မေး။ ။ ဗိုလ်ချုပ်ရဲ့ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွေထဲက အထူးခြားဆုံးနဲ့ အအောင်မြင်ဆုံးလို့ ခံယူမိတဲ့ အရာက ဘာဖြစ်မလဲဆိုတာကို သိချင်ပါတယ်ရှင့်။**

ဖြေ။ ။ အခြေအနေက တစ်ခုတည်းရယ်လို့ မဟုတ်ပါဘူး။ သမိုင်းတစ်လျှောက်မှာ ထူးခြားတဲ့ အခြေအနေတစ်ခုဆိုတာ ပြောရခက်ပါတယ်။ တချို့ကိစ္စတွေမှာ ဥပမာ ကမ္ဘာ့သမိုင်းမှာဆိုရင် အင်မတန်မှ ထူးခြားတဲ့စစ်ပွဲကြီးတွေ ရှိတာတော့ရှိမှာပေါ့။ သမိုင်းဆိုတာ အစဉ်အဆက်တစ်ခုပါပဲ။ တစ်နေ့တည်းနဲ့ဖြစ်တာလည်းမဟုတ်ဘူး။ တစ်နှစ်တည်းနဲ့ ဖြစ်တာလည်း မဟုတ်ဘူး။ တစ်ခုကို ကြည့်ပြီးပြောဖို့ဆိုတာတော့ မလွယ်ပါဘူး။ သို့သော်ငြားလည်း ဖေဖေရဲ့ ဦးတည်ချက်ဖြစ်တဲ့ လွတ်လပ်ရေးရဖို့အတွက် ညှိနှိုင်းဆွေးနွေးတဲ့ဟာ အောင်မြင်ခြင်းဆိုတာ ဒါကတော့ ထင်ထင်ပေါ်ပေါ်ရှိတဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်။

**မေး။ ။ ဒီအာဇာနည်နေ့မှာ အမေ ဂါရဝပြုတဲ့အခါ ငယ်စဉ်က တက်ရောက်ပြီး ဂါရဝပြုခဲ့တာနဲ့ အခုဆိုရင် နိုင်ငံ့အကြီးအကဲတစ်ယောက်၊ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ် တစ်ယောက်အနေနဲ့ တက်ရောက်ပြီးဂါရဝပြုတာ အဲဒီကြားထဲမှာ ခြားနားတဲ့ ခံစားမှုမျိုးများရှိသလား၊ ထူးခြားတဲ့ခံစားချက်များ ရှိလားဆိုတာ ပြောပြပေးဦးရှင့်။**

ဖြေ။ ။ အခုလည်း အမေ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ သွားပြီးတော့ ဂါရဝပြုတာမဟုတ်ပါဘူး မိသားစုတွေနဲ့ အတူတူပဲ။ သမီးအနေနဲ့ ဂါရဝပြုတာပါ။ နိုင်ငံတော်ရဲ့အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတာ ဒီရာထူးကို ကိုင်ထားတဲ့အချိန်မှာပဲ ဖြစ်တာပါ။ ဖေဖေ့သမီးဆိုတာကတော့ ဒါတစ်သက်။ အခုလည်း ဖေဖေ့ကို ဂါရဝပြုတယ်ဆိုတာ မိသားစုအနေနဲ့ ဖေဖေ့သမီးတစ်ယောက်အနေနဲ့ပဲ သွားတာပါ။ အဲဒီတော့ ဘာမှမထူးခြားပါဘူး။

**မေး။ ။ အာဇာနည်နေ့ ဂုဏ်ပြုကဗျာတွေထဲမှာ ဆရာဇော်ဂျီ ၁၉၆၄ခုနှစ်ကရေးဖွဲ့ခဲ့တဲ့ "ပြောလိုက်ပါဘိ ဟောပါဘိ" ဆိုတဲ့ကဗျာကို အမေအကြိုက်နှစ်သက်ဆုံးဖြစ်တယ်လို့ မှတ်သားဖူးပါတယ်။ ကဗျာရဲ့ဆိုလိုရင်းအပေါ် ခံစားမှုကို သိပါရစေရှင့်။**

ဖြေ။ ။ ကဗျာက လွမ်းတာတင် မဟုတ်ဘူး။ သင်ခန်းစာယူဖို့ ဘယ်လိုအဖြစ်အပျက်မျိုးမဆို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သင်ခန်းစာကောင်းကောင်းယူချင်ရင် ယူလို့ရတယ်ဆိုတာ ဒီကဗျာက ပြတာပါ။ ဆရာဇော်ဂျီကလည်း အင်မတန်မှ ကဗျာပညာက ပြောင်မြောက်ပါတယ်။ ဖတ်လို့လည်းကောင်းတယ်။ စကားလုံးလေးတွေကလည်း ရွေးထားတာကလည်း လှတယ်၊ သင့်တော်တယ်။ နောက်ပြီးတော့ အလကားသက်သက် လွမ်းနေတာမဟုတ်ဘူး။ ဒီဟာကို ဒီအဖြစ်အပျက်ကို အခြေခံပြီးတော့ နောင်လာနောက်သားတွေ ပိုပြီးတော့ မှန်ကန်တဲ့စိတ်ဓာတ်၊ ပိုပြီးတော့ မြင့်မားတဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်ပြီးတော့ရေးတာမို့ သဘောကျတာပါ။

**မေး။ ။ အခု နိဂုံးချုပ်အနေနဲ့ မျိုးဆက်သစ် လူငယ်တွေအတွက် အာဇာနည်နေ့ အမှတ်တရ ဩဝါဒစကားလေး ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ အဲဒါကတော့ အမေ ခဏခဏပြောတဲ့ကိစ္စပါ။ ကိုယ် ကောင်းတာလုပ်တယ်ဆိုရင် ဒါဟာ ကိုယ့်အတွက် အကောင်းဆုံးပဲဖြစ်မှာပဲ။ အထူးသဖြင့် မိဘတွေကိုဆိုရင် အမေ အမြဲပဲပြောတယ်။ ကိုယ့်သားသမီးတွေကို ကောင်းတဲ့ အမွေအနှစ် ပေးချင်တယ်ဆိုရင် ကိုယ်မှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန်နေသွားမယ်။ အဲဒါဟာ အကောင်းဆုံးအမွေအနှစ်ပဲ။ ပိုက်ဆံဆိုတာက ဘယ်လောက်ထားပေးခဲ့နိုင်မလဲ။ နောက်ပြီးတော့လည်း ကိုယ်ထားပေးခဲ့တဲ့ ပိုက်ဆံကလည်း နေ့ချင်းညချင်း ပျောက်ရင်လည်း ပျောက်သွားမှာပဲ။ ကိုယ် ဘာမှ မသိနိုင်ဘူး။ အကောင်းဆုံး အမွေအနှစ်ဆိုတာကတော့ မှန်မှန်ကန်ကန် မြင့်မြင့်မြတ်မြတ်နေသွားဖို့ပဲ။ လူငယ်တွေဆိုတာကတော့ အခွင့်အရေးတွေ အများကြီးရှိတယ်။ ကိုယ့်ကိုယ်ကိုယ် တစ်နေ့တစ်ချိန်တစ်ခါမှာ ကောင်းမွန်တဲ့၊ မြင့်မြတ်တဲ့၊ အများကို အကျိုးပြုနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်လာဖို့ အခွင့်အရေးတွေ အများကြီးရှိတယ်။ ကြိုးစားနိုင်တဲ့ အခွင့်အရေးတွေ၊ အချိန်တွေ အများကြီးရှိတယ်။ အသက်ကြီးလာတာနဲ့အမျှ ဒီအခွင့်အရေးတွေက နည်းနည်းသွားတယ်။

အဲဒီတော့ လူငယ်တွေကို ပြောရမယ်ဆိုရင် ကိုယ့်ရဲ့ အင်မတန်မှ တန်ဖိုးရှိတဲ့ အချိန်တွေကို တန်ဖိုးရှိအောင်သုံးပါ။ တန်ဖိုးရှိအောင်သုံးရင် အခု အာဇာနည်ခေါင်းဆောင်ကြီးတွေကို ပြည်သူလူထုက သတိရနေတာ၊ တမ်းတနေတာတွေကို အဲဒါတွေကို အားကျနေတာ မဟုတ်ဘဲနဲ့ ဒီလိုတမ်းတခြင်း၊ သတိရခြင်း ဖြစ်စေတဲ့ မှန်ကန်တဲ့ စိတ်ဓာတ်တွေကိုသာ အားကျတာဖြစ်ရမယ်။ တချို့ကဆိုရင် ထင်ပေါ်ကျော်စောချင်တာပေါ့။ အာဇာနည်ကြီးတွေလို ဖြစ်ချင်တယ်ဆိုတာ အာဇာနည်ကြီးတွေလို ကျော်ကြားချင်တာ၊ ထင်ပေါ်ချင်တာ။ အာဇာနည်ကြီးတွေလို ရုန်းကန်ချင်တာက အခက်အခဲတွေကို ရင်ဆိုင်ချင်တာ မဟုတ်ဘူး။ အဲဒါကြောင့် မှန်မှန်ကန်ကန် သုံးသပ်ဖို့၊ မှန်မှန်ကန်ကန် သင်ခန်းစာယူဖို့ကတော့ အရေးကြီးဆုံးပါ။ တစ်ယောက်နဲ့ တစ်ယောက်နဲ့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ရမှာပါ။ ဘယ်လိုသင်ခန်းစာယူမလဲ၊ ဘယ်လို သုံးသပ်မလဲဆိုတာ အမေ့အနေနဲ့ လူတိုင်း ဒီလိုစဉ်းစားရမယ်၊ ဒီလို စိတ်ထားရမယ်လို့ပြောလို့ကတော့ မဖြစ်နိုင်ပါဘူး။

**မေး။ ။ နောက်ဆုံးအနေနဲ့ ငြိမ်းချမ်းရေးစကားဝိုင်းတွေ နေရာတိုင်းမှာလုပ်နေတာ အဲဒီအပေါ်မှာ အမေ့ရဲ့ ကျေနပ်မှု ဘယ်လောက်အတိုင်းအတာအထိ ရှိသလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျေနပ်ပါတယ်။ ဒါပေမယ့် တစ်ဝိုင်းနဲ့ တစ်ဝိုင်းတော့မတူဘူး။ တချို့ဝိုင်းတွေမှာဆိုရင် ဒီဝိုင်းထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေက မေးတဲ့မေးခွန်းတွေက စိတ်ဝင်စားစရာကောင်းတယ်။ အဖြေတွေကလည်း စိတ်ဝင်စားစရာကောင်းတယ်။ ဒါပေမယ့် နားထောင်တဲ့သူတွေကို ပိုပြီးတော့ သဘောကျတယ်။ တချို့တွေက သူများပြောတာ နားမထောင်ဘူး။ လာကတည်းက ဘာမေးခွန်းမေးမယ်ဆိုတာ ဆုံးဖြတ်ထားပြီးသား။ တခြားသူတွေက မေးတာရော၊ သူတို့ ပြန်ပြီးဖြေတာရော ကောင်းကောင်းနားမထောင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေးခွန်းကထပ်နေတယ်။ ထပ်တယ်ဆိုတာ သူတို့ ကောင်းကောင်း နားမထောင်လို့ဆိုတာ သိသာတယ်။ တချို့ကျတော့ တကယ်ကိုသိချင်တယ်။ ဟိုတစ်ယောက်က ဘာပြောမလဲ သေသေချာချာနားထောင်တယ်။ သေသေချာချာ စဉ်းစားတယ်။ အဲဒီလို ဆွေးနွေးတဲ့သူတွေ ပါလာရင်တော့ ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းတယ်။ ပိုပြီးတော့လည်း ကျေနပ်စရာကောင်းတယ်။ ကျေးလက်တွေက ပိုပြီးပွင့်ပွင့်လင်းလင်းရှိတယ်။ ပြင်ဆင်ထားတာတွေ နည်းတယ်။ သဘာဝကျတယ်။ ကျေးလက်က ပိုပြီးသာတယ်လို့ မပြောချင်ပါဘူး။ ပိုပြီးတော့ ပွင့်လင်းတယ်။ ပိုပြီး သဘာဝကျတယ်။ ။

# ပြောလိုက်ပါဘိ ဟောပါဘိ

ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း၊
မင်း၏သက်လှယ်၊ မင့်သားငယ်သည်၊
သက်နှစ်ဆယ်ပင်ပြည့်ခဲ့ပြီ။
သူသုံးနှစ်သား၊ ဖော်ချင်းများနှင့်
အူယားဖားယား၊
ကစားရာမှ၊ နွားရုပ်ချ၍၊
နတ်ကျသည့်သွင်၊ မင့်ရင်ခွင်သို့
ပြေးဝင်ပုန်းလာ၊ သူ့မူရာကို၊
ငါမြင်ခဲ့၏ မှတ်မိ၏။
မိုးကစိုစို၊ ကျီးအုပ်ပြို၍၊
ထိုမှ၌မှ၊ တို့လမ်းမတွင်၊
ပျံကြဲဝဲကြ၊ ငရဲထသို့၊
အုံ့ကြွမြည်အာ၊ မသာယာကို၊
ငါကြားခဲ့၏ မှတ်မိ၏။
ထိုနေ့၌ပင်၊ ထိုချိန်ထင်၏၊
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်၊
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏၊
မြေခသတင်း၊ မိုးကြိုးခွင်းသို့၊
အိမ်တွင်း အိမ်ပြင်၊ တို့လမ်းခွင်၌၊
မချင့်မရဲ၊ ဝမ်းနည်းခံခက်၊
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်၊
ရွာဦးပိုင်းမှ သချိုင်းထိ။
ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း၊
မင်း၏သားငယ်၊ နှစ်ဆယ်သက်စစ်၊
သူတို့ခေတ်၌၊
တိုင်းချစ်ပြည်ခင်၊ မြတ်စေချင်၏၊
မင်းမြင်ငါကြား၊ စကားဥဒါန်း၊
ဆန်း၏သတ္တိ၊ ဆန်း၏သမာဓိ၊ ဆန်း၏ပညာ
ဆန်းမှာဆုံပေါင်း၊ ယောက်ျားကောင်းတို့၊
ခေါင်းဆောင်သဘော၊ မင့်သားချောကို၊
ပြောလိုက်ပါဘိ ဟောပါဘိ။

**ဇော်ဂျီ**

(အာဇာနည်နေ့အမှတ်တရ ၁၉ ဇူလိုင် ၁၉၄၇-၁၉ ဇူလိုင် ၂၀၁၈၊ စာအုပ်မှ)

# ဗိုလ်ချုပ်အောင်ဆန်း (အတိတ်နှင့် ပစ္စုပ္ပန်)

မသိ၍ ဆို၊
မလို၍ ပြော။
သူ့စိတ်မှာ အလွန်ယဉ်လို့၊
သူ့ညာဉ်မှာ အလွန်သန့်တယ်၊
ထူးချွန်သဘော။

မသိ၍ ထင်၊
မမြင်၍ ပြော။

သူ့ဝိညာဉ် မသေပျောက်ပါဘူး၊
မိုးပေါက်လို အစဉ်ကြည်လို့၊
နေခြည်လို အစဉ်လန်းကာ၊
ဖျန်းဆွတ်စိတ်စော။

**မင်းသုဝဏ်**

(အာဇာနည်နေ့အမှတ်တရ ၁၉ ဇူလိုင် ၁၉၄၇-၁၉ ဇူလိုင် ၂၀၁၈၊ စာအုပ်မှ)

# ရွှေတိဂုံစေတီတော်နှင့် သိင်္ဂုတ္တရကုန်းမြေ ကြံ့ခိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

ရွှေတိဂုံစေတီတော်နှင့် သိင်္ဂုတ္တရကုန်းမြေကြံ့ခိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရှေးဟောင်းရုပ်ပွားတော်တန်ဆောင်း၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရွှေတိဂုံ စေတီတော်နှင့် သိင်္ဂုတ္တရ ကုန်းမြေကြံ့ခိုင်ရေးအတွက် ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စေတီတော်မြတ်ကြီး ဂေါပက အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရွှေတိဂုံစေတီတော်၏ ကြံ့ခိုင်ရေးနှင့် ပတ်သက်၍ ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စေတီတော်နှင့် သိင်္ဂုတ္တရကုန်းမြေ ပြုပြင်ထိန်းသိမ်းထားခြင်း အဆင့်ဆင့်ကို မှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဘူမိဗေဒပညာရှင် ဒေါက်တာ ယုမောင်၊ စေတီတော်ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိ ဦးတင်လှတို့က ရွှေတိဂုံစေတီတော်မြတ်နှင့် သိင်္ဂုတ္တရ ကုန်းမြေ ကြံ့ခိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီး ဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များက အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**







# ခေါင်းဆောင်မှုစွမ်းရည် တိုးမြှင့်ရေးသင်တန်းအမှတ်စဉ်(၄)ဆင်း

**ရန်ကုန် ဇူလိုင် ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နိပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ခေါင်းဆောင်မှု စွမ်းရည်တိုးမြှင့်ရေးသင်တန်း အမှတ်စဉ်(၄) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားပြီး **(အပေါ်ပုံ)**သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ International University of Japan မှ Professor Dr. Aung Myoe က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ဧပြီ ၃၀ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ပြီး အဆိုပါသင်တန်းသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိ၍ ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ စည်းဝေး

**ရန်ကုန် ဇူလိုင် ၁၈**

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဂုဏိကာဘိဝံသ က သြဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက (၂၄)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကို လျှောက်ထားသည်။

ဆက်လက်၍ ဘုန်းတော်ကြီး ကျောင်း ပညာသင်ကြားမှုနှင့်ပတ်သက်၍ ဖြတ်သန်းပြီးကာလ အတွေ့အကြုံများ၊ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အစည်းအဝေး ဆုံးဖြတ်ချက်များရယူ၍ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစိန္တိတာလင်္ကာရက နိဂုံးချုပ်သြဝါဒ မြွက်ကြားသည်။ **သတင်းစဉ်**

# စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်တန်း ပေါက်ခေါင်း၌ကျင်းပ

**ပေါက်ခေါင်း ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) ပညာပေးသင်တန်းကို မြို့မနည်းပညာပြန့်ပွားရေးစင်တာ၌ ဇူလိုင် ၁၇ ရက်က ကျင်းပရာ သင်တန်းသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး ဒေါ်စိန်လှမြင့်နှင့် ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့သည်။

သင်တန်းတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက သင်တန်းပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် ခရိုင် မြေ၊ မျိုး၊ ပိုး တာဝန်ခံများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ကို ရှင်းလင်း ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သရုပ်ပြတရားရုံးပြိုင်ပွဲ ရတနာပုံတက္ကသိုလ်တွင် ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

တရားစီရင်ခြင်းဆိုင်ရာများကို ဆောင်ရွက်ကြရသည့် တရားသူကြီးနှင့် ရှေ့နေများ၏ လုပ်ငန်းတာဝန်ကြီးမားပုံတို့ကို အမှုစစ်ဆေးခြင်း၊ အမှုနှင့်ပတ်သက်သော အကြောင်းအရာများကို မေးမြန်းခြင်း၊ ဆုံးဖြတ်ခြင်း၊ အမှုအမျိုးအစားအပေါ်လိုက်၍ စစ်ဆေးပုံ၊ စစ်ဆေးနည်းများကို ဘာသာရပ်အထောက်အကူပြု လေ့ကျင့်သင်ကြားအစီအစဉ်အဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာနမှ ကြီးမှူးကျင်းပသည့် သရုပ်ပြ တရားရုံးပြိုင်ပွဲကို “ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲဆိုမှု” ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီခွဲက အဆိုပါတက္ကသိုလ် တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပရာ ပဉ္စမနှစ်၊ စတုတ္ထနှစ်၊ တတိယနှစ် သင်တန်းများမှ ကျောင်းသား ကျောင်းသူများဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့သုံးဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

ရှေးဦးစွာ ရတနာပုံတက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ဝေဝေမြင့်က သရုပ်ပြတရားရုံးပြိုင်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြီး သရုပ်ပြတရားရုံးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

“ဥပဒေပညာဆိုတာကတော့ တရားရေးနဲ့ မကင်းပါဘူး။ တရားရေးနယ်ပယ်မှာပဲ ကျင်လည်ကြတယ်။ ဒီမှာ ကျောင်းပြီးလို့ ဘွဲ့ရသွားကြရင် တချို့က တရားသူကြီး လုပ်ကြမယ်၊ ဥပဒေအရာရှိ လုပ်ကြမယ်၊ ရှေ့နေလုပ်ကြမယ်။ အဲဒီလိုစပ်ဆက်မှုတွေကြောင့် ဥပဒေ ပညာဘာသာရပ်က တရားရေးနဲ့ လုံးဝကင်းကွာလို့မရတဲ့ အနေအထားမှာရှိတဲ့ အတွက်ကြောင့် လက်ရှိမြန်မာနိုင်ငံမှာရှိတဲ့ တရားရုံးတွေ ဘယ်လိုလုပ်ဆောင်နေကြသလဲ၊ တရားခွင်တွေမှာ ဘယ်လိုမျိုး စစ်ဆေးနေကြသလဲ။ ဒါတွေကို သူတို့တွေ ကျောင်းသား ကျောင်းသူ ဘဝကတည်းက ကြိုတင်ပြီး လေ့လာနိုင်ဖို့အတွက် သရုပ်ပြ တရားရုံးတွေကို ဖန်တီးပြီးတော့ ပြုလုပ်ပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်။

“ဒီလိုသရုပ်ပြတရားရုံးတွေက ယခင်က လုပ်ခွင့်မရှိခဲ့သလို အနေအထားပါ။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး ဆရာတို့ သင်ကြားရေးတွေမှာ ဘာတွေပေါင်းလာသလဲဆိုရင် တရားရုံးတွေကို လေ့လာရေးထွက်တဲ့ သင်ကြားရေးအထောက်အကူပြု အစီအစဉ်တွေရှိတယ်။ နောက်ပြီး သရုပ်ပြတရားရုံးတွေမှာ သင်ကြားလေ့ကျင့်ပေးဖို့ အခွင့်အရေးတွေပေါ်လာတယ်။ အဲဒီလို အခွင့်အရေးတွေကြောင့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ သရုပ်ပြတရားရုံးကိုလည်း ထိတွေ့ဖူးသွားပြီ။ အဲဒီလို ထိတွေ့ခဲ့တဲ့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပြင်ပတရားခွင်တွေမှာ ပြန်တွေ့ကြတဲ့အခါ ကျောင်းမှာလေ့ကျင့်သင်ကြားခဲ့ရတဲ့ သရုပ်ပြတရားရုံးအတွေ့အကြုံတွေက အလွန်အကျိုးရှိတယ်လို့ ပြောကြတဲ့အတွက် ဆရာတို့အနေနဲ့ လွန်စွာမှ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဒါကြောင့် သရုပ်ပြတရားရုံးအစီအစဉ်တွေကို တစ်နိုင်ငံလုံးမှာ ဖြစ်ဖြစ်၊ တက္ကသိုလ်၊ ကျောင်းတွေမှာ ဖြစ်ဖြစ် စဉ်ဆက်မပြတ် ဆက်လက်လေ့ကျင့်ပေးသွားဖို့ လိုအပ်ပါတယ်လို့ ထင်မြင်မိပါတယ်”ဟု ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ သင်ကြားမှု ဒါရိုက်တာ ဦးဇော်နိုင်(ကထိက၊ ဥပဒေပညာဌာန၊ ရတနာပုံတက္ကသိုလ်)က ပြောကြားသည်။

အဆိုပါအခမ်းအနားတွင် အကဲဖြတ်ဒိုင်များအဖြစ် ဦးလေးမောင် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါက်တာခင်ဆွေဦး (ပါမောက္ခ၊ဌာနမှူး၊ ဥပဒေပညာဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်)၊ ဦးမြင့်အောင် (တရားလွှတ်တော်ရှေ့နေ)တို့က ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ပြီး ပထမဆုရ အဖွဲ့(၂)၊ ဒုတိယဆုရ အဖွဲ့(၃)နှင့် တတိယဆုရ အဖွဲ့(၁)တို့ကို ဥပဒေပညာဌာန (ပါမောက္ခ၊ဌာနမှူး)နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်စံမောင်**



အမှတ်(၂၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သံတွဲ) တပ်ဖွဲ့စုမှူး ရဲအုပ် သန်းစိုးအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဇူလိုင် ၁၇ ရက်က သံတွဲမြို့နယ်အတွင်းရှိ ဆိုင်ကယ်မောင်းနှင်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်စီးဦးထုပ်နှင့် ဆိုင်ကယ်နောက်မီးတွင် တြိဂံပုံ ရောင်ပြန်ပြားများကပ်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇူလိုင် ၁၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# အမျိုးသားမြေအသုံးချမှုကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်များ စုပေါင်းဖော်ထုတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော်  ဇူလိုင်  ၁၈**

အမျိုးသားမြေအသုံးချမှုကောင်စီ၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်များ စုပေါင်းဖော်ထုတ်နိုင်ရေးအတွက် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ်အသုံးချနိုင်ရေးအတွက် လိုအပ်နေသော အမျိုးသားမြေအသုံးချမှု မူဝါဒကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ၌ ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သည့် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အမျိုးသားမြေအသုံးချမှုဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်ကောင်စီ)တို့၏ မြေအသုံးချမှုကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရန် ဆောင်ရွက်ခြင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များကို အထောက်အကူပြုနိုင်ရန် လိုအပ်သည့် လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း အပါအဝင် လုပ်ငန်းတာဝန် ၁၀ ရပ် ရှိပါကြောင်း။

ယခုအစည်းအဝေးတွင် ပထမအကြိမ် အမျိုးသားမြေအသုံးချမှုကောင်စီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အမျိုးသားမြေအသုံးချမှုကောင်စီ တွဲဖက်အတွင်းရေးမှူးဖြစ်သည့် အမြဲတမ်းအတွင်းဝန် (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)မှ ရှင်းလင်းတင်ပြမည်ဖြစ်ပြီး ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဌာနဆိုင်ရာအကြီးအကဲများက လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးစေလိုပါကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီ၏ အစည်းအဝေးများကို ခြောက်လတစ်ကြိမ် ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကြိမ် အစည်းအဝေးကို အောက်တိုဘာလတွင် ကျင်းပရန် လျာထားပါကြောင်း၊ ဒုတိယအကြိမ်အစည်းအဝေး၌ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်တင်ပြရမည်ဖြစ်သဖြင့် အဆိုပါအစည်းအဝေးဆုံးဖြတ်ချက်များ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန်  ဇူလိုင်  ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးမြင့်နိုင် (ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ)သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်တို့နှင့်အတူ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင်ပါဝင်သော တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)တို့အတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုများအား ယနေ့ မွန်းလွဲပိုင်းက လိုက်လံစစ်ဆေးကြည့်ရှုသည်။ **(ယာပုံ)**



ရှေးဦးစွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်အဖွဲ့သည် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) တွင် ပါဝင်သော ရဲရိပ်သာရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှု အား သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းဆွေက ရှင်းလင်းပြသသည်။

ယင်းနောက် တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပါဝင်သော ကျားကွက်သစ်ရပ်ကွက်နှင့် ကျောက်မြောင်းအရှေ့ရပ်ကွက်တို့သို့ သွားရောက်၍ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင် စာရင်း ကြေညာထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းပိုင်က လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဆန္ဒမဲပေးခွင့်ရှိသူ အားလုံး မဲပေးခွင့်ရရှိစေရေး၊ မဲဆန္ဒရှင်စာရင်း ပြုစုရာတွင် အမှားအယွင်းအနည်းဆုံး ဖြစ်စေရေးနှင့် ဒုတိယအကြိမ် ကပ်ထားကြေညာမည့် အောက်တိုဘာလတွင် ပိုမိုပြည့်စုံမှန်ကန်စေရေး အလေးထား ဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကျင်းပ အသင်းဥက္ကဋ္ဌအဖြစ် ဦးမြတ်ခိုင်အား ရွေးချယ်

**ရန်ကုန်  ဇူလိုင်  ၁၈**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (Myanmar Journalists Association-MJA) တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံကို ယနေ့ နံနက် ၁၀ နာရီက Sky Star Hotel ၌ ကျင်းပသည်။




ညီလာခံတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း နာယက ဦးကိုကိုက ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ဂုဏ်ပြုစကား ပြောကြားသည်။ **(ယာပုံ)**

**စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့**

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်းနာယက ဦးကိုကိုက "မကြာမီ ရွေးချယ်တင်မြှောက်မယ့် အလုပ်အမှုဆောင် အဖွဲ့ဟာလည်း လာမယ့်သက်တမ်းမှာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ရမယ့်အခြေအနေဖြစ်နေပါတယ်။ ဒီဟာတွေကို ကျော်လွှားနိုင်မှ ဖြစ်ပါမယ်။ ဒါကြောင့် မီဒီယာသမားတွေဟာ တစ်နေရာတည်းမှာ ဖက်တွယ်မနေဘဲ Multi-media ဖြစ်အောင် သွားရမှာဖြစ်ပါတယ်။ Multi-skill ဖြစ်အောင် လုပ်ရမှာဖြစ်ပါတယ်။ Multi-skill ဖြစ်မှ ရှေ့စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မှာဖြစ်ပါတယ်။ အားလုံးပြုပြင်ပြောင်းလဲမှုနဲ့အတူ Multi-skill ကို သွားကြပါ။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားကြပါ။ အသင်းသားများ အားလုံး တိုင်းပြည်နဲ့လူမျိုးကို ချစ်တဲ့စိတ်၊ ညီညွတ်တဲ့စိတ်၊ သတင်းမီဒီယာပညာရပ်ကို တွယ်တာသောစိတ်ဓာတ်များဖြင့် အသင်းကြီး နှစ်တစ်ရာတိုင်ကျော်အောင် ကြိုးပမ်းကြပါ"ဟု ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးသီဟစောက "သတင်းသမားဆိုတာ ဘာနဲ့လုပ်လုပ်၊ ဘယ်မှာလုပ်လုပ် ကျင့်ဝတ်ကိုလိုက်နာမယ်၊ ရေရှည်တည်တံ့အောင်နေမယ်ဆိုရင် သတင်းစာဆရာကောင်းဖြစ်မှာပါ။ အဲဒီလို သတင်းစာဆရာကောင်းတွေ စုစည်းထားတဲ့ မြန်မာနိုင်ငံသတင်းစာဆရာအသင်းသည်လည်း ဆက်လက်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း တတိယအကြိမ်ညီလာခံသို့ ပေးပို့လာသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)၊ မြန်မာစာနယ်ဇင်းသမဂ္ဂ (MJU)နှင့် နိုင်ငံတကာမြန်မာသတင်းအဖွဲ့(BNI)တို့မှ ပေးပို့သော သဝဏ်လွှာများကို သက်ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဖတ်ကြားကြသည်။

**ပြင်ဆင်ချက်မူကြမ်းများ**

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)၏ ညီလာခံကျင်းပရခြင်းနှင့် ပြင်ဆင်ချက်မူကြမ်းများကို ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ဒုတိယသက်တမ်း (၂၀၁၅-၂၀၁၈) ကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများဖြစ်သည့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) ၏ လုပ်ငန်းစဉ်များနှင့် အထူးကိစ္စဆောင်ရွက်ချက်များ၊ စည်းရုံးရေးမှူး အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို အသင်းအထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်း (Dမင်း)၊ အသင်းစည်းရုံးရေးမှူး ဦးတင်လှိုင် (ဟိုတယ်ခရီး)၊ အသင်းဘဏ္ဍာရေးမှူး ဒေါ်အိအိတင် (အိသူ) တို့က ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ ဆောင်ရွက်မှုကဏ္ဍများ၌ ပါဝင်ဆောင်ရွက် ကူညီပံ့ပိုးရပ်တည်ပေးခဲ့ကြသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်အသင်းသားများအဖြစ် အသင်းတွဲဖက်အတွင်းရေးမှူး (၁) ဦးရဲမင်းဦးက ဖတ်ကြားတင်ပြသည်။

မွန်းလွဲပိုင်းတွင် ညီလာခံဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဒုတိယအကြိမ် သက်တမ်းမှ အလုပ်အမှုဆောင်များ နုတ်ထွက်ကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က ကြေညာသည်။

ညီလာခံတွင် ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့က ရွေးချယ်ခံရသူများ အမည်စာရင်းကို ကြေညာပြီး ကော်မရှင်အဖွဲ့ရှေ့မှောက်တွင် အမှုဆောင်အဖွဲ့ဝင်များက ကတိသစ္စာပြုကြသည်။

**ရွေးချယ်ခဲ့**

တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံမှ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနာယကအဖြစ် ဦးသီဟစော၊ ဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းငြိမ်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်စွာမင်း၊ ဒုတိယဥက္ကဋ္ဌ (၃) ဦးရဲမင်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးသာဇော် အပါအဝင် အသင်းဗဟိုအလုပ်အမှုဆောင် ၃၇ ဦးတို့အား ရွေးချယ်ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဖြစ် ဦးကိုကိုနှင့် ကောင်စီဝင်လောင်းများအဖြစ် ဦးမြတ်ခိုင်၊ ဦးကျော်စွာမင်းနှင့် ဒေါ်အိအိတင်တို့ကို ရွေးချယ်ခဲ့သည်။

ထို့နောက် တတိယအကြိမ် ညီလာခံမှရွေးချယ်ခဲ့သည့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌအသစ် ဦးမြတ်ခိုင်က တာဝန်ယူမှုများနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို သုံးနှစ်တစ်ကြိမ် ရွေးချယ်လျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်၊ ယခု ၂၀၁၈ ခုနှစ်တွင် တတိယအကြိမ် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ မီမီဖြိုး**
**ဓာတ်ပုံ-ရဲထွဋ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ၌ ဝမ်းတွင်းမြို့နယ် ဗိုလ်စွဲ



**မန္တလေး ဇူလိုင် ၁၈**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၁၇) နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲ ၃ နာရီခွဲက မန္တလေးမြို့ ဗထူး အားကစားပြိုင်ကွင်း၌ ဝမ်းတွင်းမြို့နယ်အသင်းနှင့် သာစည်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်သင်းစလုံး ဒုတိယပိုင်း ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီး အချိန်ပို ဆက်လက်ကစားရာ၌လည်း ဂိုးထပ်မံရရှိခြင်းမရှိ၍ ပယ်နယ်တီ အဆုံးဖြတ်ကန်သွင်းရာ ဝမ်းတွင်းမြို့နယ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုကို တက်ရောက်အားပေးကြည့်ရှုကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုများပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဗိုလ်စွဲသည့် ဝမ်းတွင်းမြို့နယ်အသင်းကို ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ်ခုနစ်သိန်း ချီးမြှင့်ပေးပြီး ကျန်ဆုရအသင်းနှင့် အကောင်းဆုံးဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် မန္တလေး-ဗန်းမော်ရေကြောင်းခရီးစဉ် ပြန်လည်ပြေးဆွဲမည်

**မန္တလေး ဇူလိုင် ၁၈**

(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဇူလိုင် ၁၉ ရက်မှစ၍ တစ်နှစ်ခွဲကျော် ရပ်နားထားသည့် မန္တလေး-ဗန်းမော် ရေကြောင်းခရီးစဉ်အား ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဧရာဝတီဌာနခွဲ(မန္တလေး)မှ မန်နေဂျာ ဦးခင်မောင်အေးက ပြောသည်။

အဆိုပါ ရေကြောင်းခရီးစဉ်တွင် ယခင်ပြေးဆွဲပေးခဲ့သည့် ပြည်ကြီးတံခွန်(၄)ရေယာဉ်မှာ စီးနင်းအသုံးပြုသူနည်းပါးသဖြင့် ရပ်ဆိုင်းခဲ့ရာမှ ယခုအခါတွင် ခရီးသွားပြည်သူများ လွယ်ကူအဆင်ပြေစွာသွားလာနိုင်ရန်နှင့် ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေရန် ပြန်လည်ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က စီးနင်းအသုံးပြုသူနည်းတဲ့အတွက် ကုန်ကျစရိတ်နဲ့ တွက်ခြေမကိုက်လို့ရပ်နားခဲ့တာပါ။ အခု ခရီးသွားပြည်သူတွေများပြားလာပြီး ခရီးစဉ်ကလည်း လုံခြုံစိတ်ချရပြီဖြစ်လို့ ရေယာဉ်ကို ပြန်လည်ပြုပြင်မွမ်းမံပြီး ပြေးဆွဲပေးမှာပါ။ အပတ်စဉ် ကြာသပတေးနေ့တိုင်း မန္တလေးဂေါ်ဝိန်ဆိပ်ကမ်းကနေ နံနက် ၆ နာရီဆို စတင်ထွက်ခွာမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ မန္တလေး-ဗန်းမော်ခရီးစဉ်အတွက် ခရီးသည်တစ်ဦးလျှင် ရေယာဉ်စီးနင်းခအနေဖြင့် ရိုးရိုးတန်း ငွေကျပ် ၄၇၀၀ နှင့် အထူးတန်း ငွေကျပ် ၁၄၀၀၀ တို့ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၁၂-၇-၂၀၁၈ ရက်က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၈-၅-၂၀၁၈ ရက်မှ ၂၂-၆-၂၀၁၈ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူနှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၁၈ ဦး၊ ပေါင်း ၂၃ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူသုံးဦးကို လည်းကောင်း၊ ယခင်အစည်းအဝေးမှ စိစစ်ဆဲမဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးကို လည်းကောင်း၊ စုစုပေါင်း ၂၉ ဦးအတွက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိပုံနှိပ်ခြင်းလုပ်ငန်း ၁၅၁၆ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၀၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၀၇ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၂၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ထိုင်းနိုင်ငံ မယ်ဆိုင်လိုဏ်ဂူမှ ကယ်ဆယ်ခဲ့သည့် လူငယ် ၁၃ ဦးတို့ သတင်းမီဒီယာများ၏ ကြိုတင်မေးခွန်းများ ဖြေကြားမှုပြုလုပ်



**မယ်ဆိုင် ဇူလိုင် ၁၈**

ထိုင်းနိုင်ငံ မယ်ဆိုင်လိုဏ်ဂူအတွင်းမှ ကယ်ဆယ်နိုင်ခဲ့သည့် တောဝက်ဘောလုံးအသင်း၏ လူငယ်ဘောလုံးကစားသမား ၁၂ ဦး၊ နည်းပြတစ်ဦးတို့နှင့် တာဝန်ရှိသူများ၏ သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁၈ ရက်က ချင်းရိုင်းခရိုင် အုပ်ချုပ်ရေးရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစာရှင်းလင်းပွဲတွင် လူငယ်များ ဘောလုံးကန်ပြနိုင်ရန်အတွက် စီစဉ်ထားရှိပြီး၊ ဆေးရုံမှဆင်းလာသည့် လူငယ်များကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ရှောင်ရှားနိုင်ရန် ၎င်းတို့အား မေးမြန်းလိုသည့် မေးခွန်းများကို မီဒီယာများက ဇူလိုင် ၁၆ ရက် ညနေပိုင်းကတည်းက သက်ဆိုင်ရာများထံ ကြိုတင်ပေးပို့ထားရခြင်း ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ထိုင်းနိုင်ငံမှ မီဒီယာများအပါအဝင် နိုင်ငံတကာမှ မီဒီယာ ၃၀၀ကျော် တက်ရောက်သတင်းယူခဲ့ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

# ဖားကန့်မြေပြိုမှုဖြစ်ပွားရာနေရာ၌ သေဆုံးနေသူနှစ်ဦး ထပ်မံတွေ့ရှိ

**ဖားကန့် ဇူလိုင် ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာရှိ မဟာအစပထမ ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်က ကမ်းပါးယံပြိုကျမှု ဖြစ်စဉ်ကြောင့် ရေမဆေးကျောက်ရှာဖွေသူများ နုန်းကန်အတွင်းသို့ ပြုတ်ကျသေဆုံးသူနှင့် ဒဏ်ရာရရှိသူများရှိခဲ့ပြီး အခင်းဖြစ်နုန်းကန်အတွင်း ပျောက်ဆုံးသူများအားရှာဖွေရန်ခက်ခဲသည့် အနေအထားကြောင့် စောင့်ကြည့်ရေးအဖွဲ့များက ဆက်လက်စောင့်ကြည့်နေခဲ့ရာ ယနေ့ နံနက် ၁၀ နာရီခန့်တွင် သေဆုံးနေသူတစ်ဦးနှင့် မွန်းလွဲ ၂ နာရီခန့်တွင် တစ်ဦးအခင်းဖြစ်နုန်းကန်အတွင်း ပုပ်ပွ၍ပေါ်လာသည်ကိုတွေ့ရှိခဲ့ပြီး လူမှုကူညီရေးအသင်းအဖွဲ့များက ဆယ်ယူကာ လုံးခင်းဆေးရုံသို့ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါနုန်းကန်အတွင်း ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင်လည်း ဆက်လက် စောင့်ကြည့်ရေးအဖွဲ့များက အမည်မသိ အမျိုးသားအလောင်းတစ်လောင်းအား ပုပ်ပွလျက်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးရုံးများထံ သတင်းပေးပို့တိုင်ကြားထားသည့် လူပျောက်သူခြောက်ဦးနှင့်လည်း သက်ဆိုင်မှုမရှိဟုသိရကာ တွေ့ရှိရသည့်အလောင်းသည် မမှတ်မိနိုင်လောက်အောင် ပျက်စီးနေသည့်အတွက် မီးသင်္ဂြိုဟ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် သေဆုံးသူပေါင်း ၂၀၊ ဒဏ်ရာရရှိသူ ၄၃ ဦးဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ မစိုးရိမ်ရတော့သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မိုးညှင်းခရိုင်ရုံးမှ ကနဦးသေဆုံးသူ ၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၁ သိန်း၊ ဒဏ်ရာရရှိခဲ့သူ ၂၄ ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂ သိန်းကို ဒုတိယဦးစီးမှူး ဒေါ်ရွှေဇင်နိုင်ဦးဆောင်လျက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- လီဗာပူးအသင်းသည် ရိုးမားဂိုးသမား အဲလစ်ဆင်ကို ခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၆၆ ဒသမ ၈ သန်းခန့်ဖြင့် သဘောတူညီမှု ရရှိပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်က ဖော်ပြထားသည်။ အဲလစ်ဆင်(၂၅နှစ်)သည် ၎င်း၏ ကစားသမားဘဝကို ဘရာဇီးကလပ်တွင် စတင်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ရာသီ ရိုးမားအသင်းတွင် စီးရီးအေပွဲ ၃၇ ပွဲ ကစားထားခဲ့သူဖြစ်ကာ ရိုးမားအသင်း၌ နှစ်ရာသီကြာ ဖြတ်သန်းခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းနှင့်အတူ ငါးပွဲကစားပေးထားကာ သုံးပွဲဂိုးမပေးရအောင် စွမ်းဆောင်ပေးထားနိုင်သူလည်း ဖြစ်သည်။
- ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံဂိုးသမား ကော့တွိုက်စ်သည် ပေါင် ၃၀ သန်းဖြင့် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့သွားနိုင်ကြောင်း စပိန်ဘက်ကလာသော သတင်းရင်းမြစ်တွင် ဖော်ပြထားပြီး အခြားသတင်းတစ်ရပ်တွင်မူ ၎င်းရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားပါက ၎င်း၏နေရာကို အစားထိုးနိုင်ရန်အတွက် အသက် ၃၆ နှစ်အရွယ်ရှိ အာဆင်နယ်ဂိုးသမား ပီတာချက်ဇ်ကို ပြန်လည်ခေါ်ယူရန် (သို့) အသက် ၃၁ နှစ်အရွယ် လက်စတာ ဂိုးသမား ရှမိုက်ကယ်ကို ခေါ်ယူရန် စဉ်းစားလျက်ရှိနေကြောင်း ဖော်ပြထားသည်။
- ဝက်ဖို့ဒ်အသင်း၏ အသက် ၂၁ နှစ်အရွယ် ဘရာဇီးတိုက်စစ်ကစားသမား ရစ်ချက်လီဆန်သည် ၎င်း၏ နည်းပြဟောင်းဖြစ်သော မာကို ဆေးဗားလ်ရှိရာ အဲဗာတန်သို့ ပြောင်းရွှေ့နိုင်ကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- ဘုန်းမောက်အသင်းသည် လီဗန်တေးနှင့် ကိုလံဘီယာကွင်းလယ်ကစားသမား အသက် ၂၃ နှစ်အရွယ် ဂျက်ဖာဆန် လာမာကို ခေါ်ယူနိုင်ရန်အတွက် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၂ သန်း သုံးစွဲရလိမ့်မည်ဖြစ်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် အီတလီကလပ် ဆက်ဆူအိုလိုအသင်းမှ အသက် ၂၅ နှစ်အရွယ် ဆီနီဂေါတိုက်စစ်ကစားသမား ဘာဘာကာကို ပေါင် ၁၂ သန်းဖြင့် ခေါ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း မေရာတွင် ဖော်ပြထားသည်။
- ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားသော ခရစ္စတီယာနိုရော်နယ်ဒို၏နေရာကို အစားထိုးရန်အတွက် ပထမဦးစားပေး ကစားသမားအဖြစ် အသက် ၂၇ နှစ် အရွယ် ချယ်လ်ဆီးအသင်း၏ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား ဟာဇက်**(အောက်ပုံ)**ကို ရီးရဲမက်ဒရစ်က ခေါ်ယူသွားရန် ချိန်ရွယ်နေကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။ ၎င်းသည် စတန်းဖို့ဒ်ဘရစ်၌ ခြောက်နှစ် ကစားပြီးနောက် ယခုအခါအသင်းမှ ထွက်ခွာရန် အဆင်သင့် ဖြစ်နေကြောင်းလည်း ထုတ်ဖော်ပြောဆိုထားသူ ဖြစ်သည်။ **အောင်ဇော်**



# သရက်ချောင်းမြို့နယ်၌ မြစ်ရေကြီးနေပြီး အခြေခံပညာကျောင်းငါးကျောင်း ယာယီပိတ်ထားခဲ့ရ

**သရက်ချောင်း ဇူလိုင် ၁၈**

သရက်ချောင်းမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းနေသဖြင့် ရပ်ကွက်၊ ကျေးရွာများအတွင်း မြစ်ရေကြီးပြီး ရေလွှမ်းနေသောကြောင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ကျေးရွာငါးရွာရှိ ကျောင်းငါးကျောင်းကို ဇူလိုင် ၁၈ ရက်တွင် ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ယာယီပိတ်ထားသောကျောင်းများမှာ အလက(ခွဲ)ဥတ္တုကျေးရွာ၊ အမက တီတွတ်ပြင်ကျေးရွာ၊ အမက - အိမ်ရှေ့ပြင်ကျေးရွာ၊ အမက - အတွင်းကဇိ၊ အမက - သူရဲတောင်ကျေးရွာ တို့ဖြစ်သည်။ အဆိုပါ ကျောင်းများကို ဇူလိုင် ၁၈ ရက်အစား ဇူလိုင် ၂၁ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန်စီစဉ်ထားရှိကြောင်း ပညာရေးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၉ -၇-၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၃၀ - **တိုင်းပြည်အတွက်အသက်ပေးကာ လွတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့ တို့ဗိုလ်ချုပ်**
- ၇း၁၅ - **၂၀၁၈ခုနှစ်၊ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၉း၂၅ - **အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည် (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်) နှင့် တွေ့ဆုံမေးမြန်းခန်း**
- ၉း၄၅ - **ဗိုလ်ချုပ်အောင်ဆန်း၏ ဘ၀တစ်စိတ်တစ်ဒေသ**
- ၁၀း၀၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သော မိန့်ခွန်းများ**
- ၁၀း၄၀ - **အောက်မေ့အမှတ်ရဖွယ် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်ဆီ**
- ၁၁း၂၀ - ဆယ့်ကိုးဇူလိုင် (၃) (ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊သခင်မြ)
- ၁၂း၃၀ - ဆယ့်ကိုးဇူလိုင် (၁) (ဦးဘ၀င်း၊ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း၊မန်းဘခိုင်)
- ၁၃း၂၀ - မြန်မာဇာတ်လမ်းတွဲ **ဇနီးချောများကွန်ရက်** (အပိုင်း- ၁၆)
- ၁၄း၀၀ - **ရေနံချောင်းမြို့မှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစေ့တစောင်း**
- ၁၄း၁၀ - **နတ်မောက်သားအာဇာနည်**
- ၁၄း၃၀ - ဆယ့်ကိုးဇူလိုင် (၂) (ဦးရာဇာတ်၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး)
- ၁၅း၀၀ - နိုင်ငံခြား ဇာတ်လမ်းတွဲ **မကြွေတဲ့နှင်းဆီ** (အပိုင်း-၆၅)

**ညပိုင်း**

- ၁၆း၃၅ - **အာဇာနည်နေ့ ဘယ်ခါမမေ့နိုင်သည့် ပြည်သူတို့ရဲ့စကားသံ**
- ၁၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၉း၄၅ - **အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည် (နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်) နှင့် တွေ့ဆုံမေးမြန်းခန်း**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ
- ၂၀း၃၅ - (၇၁)နှစ်မြောက် အာဇာနည်နေ့ မြင်ကွင်းများ
- Britain's Got Talent(3)
- မှတ်မှတ်ထင်ထင် မြန်မာ့ ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက် တာ-ကြည်စိုးထွန်း၊ အောင်ထွန်းလေး)

# ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးကို မုဒိမ်းမှုဖြင့်အရေးယူရန် တိုင်ကြားသည့်အမှု မှန်ကန်မှုမရှိ

ရန်ကုန် ဇူလိုင် ၁၈

**ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးကို မုဒိမ်းမှုဖြင့် အရေးယူပေးရန် အိမ်အကူဖြစ်သူ ဒေါ်ခင်မာမြင့်က တိုင်တန်းသည့်အမှုနှင့် စပ်လျဉ်း၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းဖော်ထုတ်ရေးရဲတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ခဲ့ရာ တိုင်တန်းသည့်အမှုမှာ မှန်ကန်မှုမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။**

**အရေးယူဆောင်ရွက်ခဲ့**

ဖြစ်စဉ်မှာ သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပြည်ထောင်စုရိပ်မွန်အိမ်ရာရှိ ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးနေအိမ်၌ ဒေါ်ဇင်မာဦး၏အသက် (၇၅) နှစ်အရွယ်ရှိ မိခင်ဖြစ်သူကို ပြုစုရန် အိမ်အကူဖြစ်သူ ခင်မာမြင့် (၄၀) နှစ်အား အခင်းမဖြစ်မီ ၈ ရက်ခန့်က ခေါ်ယူထားရှိခဲ့ရာ ဇူလိုင် ၁၃ ရက် ည ၈ နာရီခန့်တွင် ဒေါ်ဇင်မာဦး အပြင်သို့ သွားရောက်နေစဉ် သီဟတင်စိုး နေအိမ်သို့ ပြန်လည်ရောက်ရှိလာပြီး ခင်မာမြင့်အား သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း တိုင်တန်းချက်အရ သုဝဏ္ဏနယ်မြေ ရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

အမှုမှန်ဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အနီးကပ်ကြီးကြပ်၍ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲတပ်ဖွဲ့ဝင်များ၊ သဃ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော အထူးအမှုစစ် အဖွဲ့က တရားလိုခင်မာမြင့် (ခ)ညိုညို (ခ) ဇင်မာမြင့်အား သက်သေများနှင့်အတူ စစ်ဆေးဆောင်ရွက်ခဲ့ရာ ခင်မာမြင့်(ခ)ညိုညို (ခ)ဇင်မာမြင့်မှာ လွန်ခဲ့သော ၄ နှစ်ခန့်က ခင်ပွန်းဖြစ်သူ လေဖြတ်ပြီးနောက် မိသားစုစား၀တ်နေရေး အဆင်မပြေသဖြင့် အိမ်အကူလုပ်ရန် ဒေါ်ညိုနှင့် ဆက်သွယ်ခဲ့ပြီး ဒေါ်ညိုက အိမ်အကူလုပ်၍ အိမ်ရှင်ယောကျ်ားများအား မိန်းမမာယာဖြင့် မြှူဆွယ်ပြီး မုဒိမ်းမှုဖြစ်အောင်ပြုလုပ်ရန်နှင့် အမှုဖြစ်ပါက ငွေကြေးညှိနှိုင်းသည့်ကိစ္စကို ၎င်းက တာ၀န်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောဆိုပြီး လုပ်ကြံဖန်တီး၍ ရရှိသော ငွေကြေးကို ခွဲဝေသုံးစွဲမည်ဟု သင်ကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**မမှန်မကန် လီဆယ်တိုင်ကြား**

ထို့ပြင် ခင်မာမြင့် (ခ) ညိုညို (ခ) ဇင်မာမြင့်သည် လွန်ခဲ့သော လေးနှစ်ခန့်က ဒေါ်ညို၏ ဆက်သွယ်ပေးမှုဖြင့် တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်ရှိ နေအိမ်၊ ပုဇွန်တောင်မြို့နယ် ဈေးအနီးရှိ နေအိမ်၊ ဗဟန်းမြို့နယ်နေ ရုပ်ရှင်သရုပ်ဆောင် နေဆန်း၏နေအိမ်၊ ဒဂုံအရှေ့မြို့နယ် (၉)ရပ်ကွက်ရှိ နေအိမ်၊ တာမွေမြို့နယ်ရှိ တိရစ္ဆာန်ဆေးကုဆရာ၀န် အမျိုးသမီးတစ်ဦး၏ နေအိမ်တို့တွင် ဒေါ်ညို၏ အဆက်အသွယ်ဖြင့် အိမ်အကူလုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး အိမ်ရှင်အမျိုးသားများအား မြှူဆွယ်လုပ်ကြံဖန်တီးရန် ဆောင်ရွက်ခဲ့သော်လည်း အဆင်မပြေသဖြင့် အလုပ်မှထွက်ခဲ့ကြောင်း၊ ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပဲခူးဈေးအနီးရှိ တရုတ်လူမျိုးတစ်ဦး၏ နေအိမ်တွင် အိမ်အကူလုပ်ခဲ့ပြီး အိမ်ရှင်မိသားစုမှာ ရန်ကုန်သို့ သွားနေစဉ် ၎င်းနေအိမ်တွင် အလုပ်လုပ်သည့် ကုလားဆိုသူက ၎င်းအား သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်သဖြင့် ဒေါ်ညိုအား ပြောပြခဲ့ရာ ၎င်းကသားမယားအဖြစ်ပြုကျင့်ခံရသည်ဟု ပြောဆိုရန်သင်ပေးပြီး တရုတ်မိသားစုထံမှ လျော်ကြေးငွေ တောင်းခံခဲ့သော်လည်း အဆင်မပြေသဖြင့် ပဲခူး အမှတ် (၃)ရဲစခန်း၌ သားမယားအဖြစ် ပြုကျင့်ခံရသည်ဟု မမှန်မကန် လီဆယ်တိုင်ကြားရန် ဒေါ်ညိုက စေခိုင်းခြင်းကြောင့် တိုင်တန်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**အမှုရေးဖွင့်**

ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးနေအိမ်၌ အိမ်အကူလုပ်ရန် ဒေါ်ညို၏ ဆက်သွယ်ပေးမှုကြောင့် ဇူလိုင် ၅ ရက်တွင် ရောက်ရှိခဲ့ပြီး ဒေါ်ဇင်မာဦး၏ အသက် (၇၅) နှစ်အရွယ်ရှိ မိခင်အား ပြုစုပေးရန် ခေါ်ယူထားခြင်းဖြစ်ရာ ဒေါ်ဇင်မာဦးမရှိခိုက် သီဟတင်စိုးက ၎င်းအား သားမယားပြုကျင့်ခဲ့ကြောင်း လိမ်ညာပြောဆိုရန် ဒေါ်ညိုသင်ပြသည့်အတိုင်း လိမ်ညာပြောဆို ကြံစည်၍ အမှုရေးဖွင့်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

မခင်မာမြင့်အား အိမ်အကူလုပ်ရန် ဆက်သွယ်ပေးသူ ဒေါ်ညို(၆၅)နှစ်အား စစ်ဆေးခဲ့ရာ သီဟတင်စိုးက ခင်မာမြင့် (ခ) ညိုညို (ခ) ဇင်မာမြင့်အား သားမယားပြုကျင့်ခဲ့ကြောင်း ရဲစခန်းတွင် အမှုဖွင့်ရန်နှင့် ငွေကြေးညှိနှိုင်းပါက ၎င်းမှ ဈေးစကားပြောမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး သီဟတင်စိုး၏ ဇနီး ဇင်မာဦးအား နစ်နာမှုအတွက် ငွေကျပ်သိန်း ၁၀၀ပေးပါက ကျေနပ်မည်ဖြစ်ကြောင်း တောင်းဆိုမှုအပေါ် လိုက်နာခြင်းမရှိသဖြင့် သုဝဏ္ဏနယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရပြီး အလားတူဖြစ်စဉ်မျိုး သာကေတနယ်မြေရဲစခန်းတွင်လည်း မသင်းသင်းထက်အောင်က တရားလိုပြုလုပ်၍ ဆရာ၀န်တစ်ဦးအားအမှု ရေးဖွင့် တိုင်တန်းခဲ့ဖူးကြောင်း၊ ပဲခူးမြို့မရဲစခန်းတွင်လည်း ခင်မာညို (ခ) ညိုညို (ခ) ဇင်မာမြင့်က တရားလိုပြုလုပ်၍ အမျိုးသားတစ်ဦးအား မုဒိမ်းမှုဖြင့် ရေးဖွင့် တိုင်တန်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။



ဇင်မာမြင့်(ခ)ညိုညို(ခ)ခင်မာမြင့်၊ ဒေါ်ညို

**ထိရောက်စွာအရေးယူနိုင်ရေး**

သရုပ်ဆောင် သီဟတင်စိုးအပေါ် မုဒိမ်းမှုဖြင့် အရေးယူရန် တိုင်တန်းချက်မှာ မှန်ကန်မှုမရှိဘဲ တရားလို ခင်မာမြင့် (ခ) ညိုညို (ခ) ဇင်မာမြင့် နှင့် ဒေါ်ညိုတို့ပူးပေါင်း၍ လီဆယ်တိုင်တန်းခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်သိရှိရသဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သက်ငယ်မုဒိမ်းမှုဖြစ်စဉ်တစ်ခုတွင် တိုင်ကြားသူမရှိဖြစ်နေ၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ကိုယ်ရေးအရာရှိကိုယ်တိုင် အမှုဖွင့်တိုင်ကြား

**ပွင့်ဖြူ ဇူလိုင် ၁၈**

ပွင့်ဖြူမြို့နယ် ဖလံကျင်းကျေးရွာ၌ ဇွန် ၃၀ ရက်က အသက် ၁၂နှစ်အရွယ် ငါးတန်းကျောင်းသူတစ်ဦး မုဒိမ်းကျင့်ခံခဲ့ရသည့် ဖြစ်စဉ်တစ်ခုတွင် ကာယကံရှင်မိသားစု အပါအဝင်မည်သူကမျှ သက်ဆိုင်ရာသို့ တိုင်ကြားခဲ့ခြင်းမရှိ၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို၏ ကိုယ်ရေးအရာရှိ ဦးအောင်ဝင်းက ပွင့်ဖြူမြို့မရဲစခန်း၌ ဇူလိုင် ၁၆ ရက်က အမှုဖွင့်တိုင်ကြားလိုက်ကြောင်း သိရသည်။

"ကျွန်တော့်ဖုန်း မက်ဆင်ဂျာကို ဖလံကျင်းရွာမှာ သက်ငယ်မုဒိမ်းမှုဖြစ်တဲ့ ကိစ္စအချက်အလက်တွေ ရောက်လာပါတယ်။ ဝန်ကြီးချုပ်ကိုတင်ပြတဲ့အခါမှာ ဝန်ကြီးချုပ်က အမှုအခြေအနေစုံစမ်းဖို့၊ သေချာခိုင်မာရင်အမှုဖွင့်ဖို့ ညွှန်ကြားပါတယ်။ စုံစမ်းလိုက်တော့ ကျူးလွန်ခံရသူ မိန်းကလေးကို ဆေးစစ်ပေးတဲ့ ကျန်းမာရေးဆရာမရဲ့ ပြောစကားတွေ၊ ဘေးပတ်ဝန်းကျင်နဲ့ ဆွေမျိုးတွေရဲ့စကားတွေအရ ကျူးလွန်ခံရတာ သေချာနေပါတယ်။ ကာယကံရှင်မိသားစုမှာ ဘယ်လိုဖိအားတွေ၊ စိုးရွံ့မှုတွေရှိနေတယ်မသိဘူး၊ အမှုမဖွင့်ကြဘူး။ ဒါကြောင့် ကျွန်တော်က တရားလိုလုပ်ပြီး အမှုဖွင့်ခဲ့တာပါ" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိ ဦးအောင်ဝင်းက ပြောသည်။

ယင်းဖြစ်စဉ်၌ ပြေလည်မှုရရှိရန် ငွေကြေးဖြင့်ညှိနှိုင်းမှုများရှိနေသည်ဟု ဒေသခံများက ပြောဆိုနေကြပြီး ယခုဖြစ်စဉ်မတိုင်မီ သုံးလခန့်ကလည်း အလားတူကိစ္စမျိုးကို ငွေကြေးဖြင့် ပြေလည်မှု ယူခဲ့သော သက်ငယ်မုဒိမ်းမှု ဖြစ်စဉ်တစ်ခုရှိခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူးက ဖြစ်ပွားနေသောမှုခင်းများတွင် ရပ်ရွာဓလေ့အရ ကျေအေး၍ရသောအမှုများ ရှိသော်လည်း ယခုဖြစ်စဉ်မျိုးမှာ ကျေအေး၍ရသော ဖြစ်စဉ်မျိုးမဟုတ်ကြောင်း၊ သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်၍ မိဘိုင်းဖုန်းများ သုံးစွဲမှုအပါအဝင် အသိပညာပေးလုပ်ငန်းများကို ကျေးရွာများ၌ လုပ်ဆောင်နေကြောင်း ပြောခဲ့သည်။

ကိုယ်ရေးအရာရှိ ဦးအောင်ဝင်း၏ တိုင်ကြားမှုကို ပွင့်ဖြူမြို့မရဲစခန်းက (ပ)၁၄၄/၂၀၁၈ ၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုလက်ခံဆောင်ရွက်ထားကာ တိုင်ကြားခံရသူ ရန်ဝေဖြိုး(၁၆)နှစ်မှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။

**ဧယျတု(မကွေး)**

# ကွတ်ခိုင်မြို့နယ်၌ ငွေကျပ်သိန်း ၁၉၆၂၀ တန်ဖိုးရှိ ဘိန်းညိုမှုန့်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မူးယစ်တပ်ဖွဲ့စု (၂၂) မှုဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် ညနေ ၆ နာရီခန့်က ကွတ်ခိုင်မြို့ အထွက်၊ ကွတ်ခိုင်-တာမိုးညဲသွားကားလမ်း နမ့်ဟူးကျေးရွာအနီး၌ ကျုံးလီခမ်း မောင်းနှင်လာသည့် TOYOTA LANDCRUISER မော်တော်ယာဉ် ရောက်ရှိလာ၍ ရှာဖွေရာ ငွေကျပ်သိန်း ၁၉၆၂၀ တန်ဖိုးရှိ ဘိန်းညိုမှုန့် ၂၁၈ ထုပ် (ဘိန်းညိုမှုန့်အလေးချိန် ၂၁၈ ကီလို) နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ည ၁၀ နာရီခွဲက မိုင်းပါလ္လိုးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းလပ်မြို့နယ် ဝမ်ယန်းကျေးရွာအဝင်လမ်း၌ လောတား မောင်းနှင်ပြီး လော်ဂျာလိုက်ပါလာသည့် ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ငွေကျပ် ၁၀၈၈ သိန်းတန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀၈၈၀၀ ကိုလည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီ ၁၅ မိနစ်က ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်မြင့် အောင်လမ်းနေ မသန်းဝင်း (ခ)မသင်းသင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၄၀ နှင့် ငွေကျပ် ၂၆၂၃၅၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



ကျုံးလီခမ်းအား ဖမ်းဆီးရမိသည့် ဘိန်းညိုမှုန့်များနှင့်အတူ တွေ့ရစဉ်။

**ကိုရဲ**

## ယွမ်ခြောက်သောင်းဖြင့် ရောင်းစားခံခဲ့ရသူ အမျိုးသမီးငယ်တစ်ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့

**မန်စီ ဇူလိုင် ၁၈**

ဗန်းမော်ခရိုင် မန်စီမြို့ ပြင်ဦးလွင်ရပ်ကွက်၌ နေထိုင်သူ မ---- အသက် ၂၃ နှစ် သည် ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်က တရုတ်နိုင်ငံ ကျန်းဖုန်းမြို့သို့ အလုပ်ရှာရန် ထွက်ခွာခဲ့ပြီး ယခင်က ရင်းနှီးခဲ့ သူ မခေါ်န်ရာနှင့်ဆက်သွယ်ခဲ့ရာ တရုတ်ယောကျ်ားယူရန် စည်းရုံးခြင်းခံခဲ့ရပြီး မခေါ်န်ရာနှင့်အစ်မဝမ်းကွဲတော်စပ်သူ မအဘောက်တို့က တာ့လီမြို့ရှိ တရုတ်ယောကျ်ားတစ်ဦးထံ ယွမ် ၆၀၀၀၀ ဖြင့် ရောင်းစားခဲ့သည်။ မိခင်ဖြစ်သူ ဒေါ်ရွယ်ဆိုင်းသည် သမီးဖြစ်သူ လူကုန်ကူးခံရသည်ကို သိရှိရပြီး ဇူလိုင် ၁၃ ရက်တွင် လွယ်ဂျယ် လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့စိတ်မှူး၏ ဖုန်းသို့ ဆက်သွယ်အကူအညီ တောင်းခံလာခဲ့သည်။

လွယ်ဂျယ်လူကုန်တားတပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူးအောင်လှိုင် ဦးစီးသော တပ်ဖွဲ့ဝင်များသည် တရုတ်နိုင်ငံ ကျန်းဖုန်းရဲတပ်ဖွဲ့ဝင်များနှင့် ချိတ်ဆက်ပြီးတရားခံများ ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၃ ရက်က ယွမ် ၆၀၀၀၀ ဖြင့် ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသော မခေါ်န်ရာ (ခ) မမရှုခေါ်န်ရာ (၂၈ နှစ်)၊ နှင့် မအဘောက်(ခ)မဘောက်လှိုင် (၃၅ နှစ်) တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး လွယ်ဂျယ်နယ်မြေ ရဲစခန်း၌ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

# မြောက်ကိုရီးယား၌ နျူကလီးယားလက်နက်ကင်းစင်ရေး အချိန်ကာလသတ်မှတ်ချက်မရှိဟု ထရန့်ပြော

**ဝါရှင်တန် ဇူလိုင် ၁၈**

မြောက်ကိုရီးယား၌ နျူကလီးယားလက်နက်ကင်းစင်စေရေး အလျင်လိုသည့် ညှိနှိုင်းမှုများ လုပ်ဆောင်သွားရန် မရှိဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောသည်။ အင်္ဂါနေ့က အိမ်ဖြူတော်၌ လွှတ်တော်အဖွဲ့ဝင်များနှင့် အစည်းအဝေးတွင် အမေရိကန်သမ္မတ ထရန့်က ယင်းသို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနှင့် ဆွေးနွေးညှိနှိုင်းမှုများမှာ အဆင်ပြေပြေ လုပ်ဆောင်နေကြောင်း၊ မြောက်ကိုရီးယားနိုင်ငံဘက်ကလည်း နျူကလီးယားစမ်းသပ်မှုများနှင့် ဒုံးကျည်ပစ်ခတ်မှုများကို ရပ်နားထားကြောင်း ထရန့်က ဆက်ပြောသည်။ အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားတို့သည် ကောင်းမွန်သည့် ဆက်ဆံရေးရှိကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြောက်ကိုရီးယားအပေါ် အချိန်ကာလ သတ်မှတ်ထားခြင်း မရှိကြောင်း ၎င်းက ဆက်ပြောသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ပြုလုပ်ခဲ့သည့် သမိုင်းဝင်ဆွေးနွေးပွဲအပြီး နှစ်ဖက်စလုံးမှ ထုတ်ပြန်သော ထုတ်ပြန်ချက်တွင်လည်း နျူကလီးယားကင်းစင်ရေးအတွက် တိကျသည့် အချိန်သတ်မှတ်ချက်မပါဝင်ပေ။ လွန်ခဲ့သောလက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် မြောက်ကိုရီးယား အာဏာရ အလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌတို့တွေ့ဆုံခဲ့စဉ် နှစ်ဖက်ကြား ခြားနားမှုများ ရှိလာခဲ့သည်။ အစည်းအဝေးအပြီး ပြုံယမ်းဘက်မှ အမေရိကန်သည် တစ်ဖက်သတ်ဆန်သည်ဟု စွပ်စွဲခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖျက်သိမ်းခြင်းအတွက် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာမှ မျှော်လင့်တကြီး စိတ်စောနေမှုများကို ထရန့်က လျှော့ချရန် ကြိုးပမ်းနေသည်။

**အင်န်အိတ်ချ်ကေ**




# တောင်ကိုရီးယားနိုင်ငံတွင် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပြီး ငါးဦးသေဆုံး

**ဆိုးလ် ဇူလိုင် ၁၈**

တောင်ကိုရီးယားနိုင်ငံ မြောက်ဂျိဆန်ပြည်နယ် ပိုဟန်မြို့ရှိ လေတပ်စခန်းတစ်ခုတွင် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ရဟတ်ယာဉ်တွင် လိုက်ပါလာသူများအနက် ငါးဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



ရဟတ်ယာဉ်ကို ပုံမှန်စစ်ဆေးမှုဆောင်ရွက်ပြီးနောက် ပျံသန်းမှုဆောင်ရွက်စဉ် မြေပြင်နှင့် ၁၀ မီတာခန့် အကွာအဝေးသို့ ရောက်ရှိချိန်တွင် ပျက်ကျသွားခဲ့ပြီး မီးလောင်သွားခဲ့ကြောင်း၊ ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူများအနက် ငါးဦးသေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ အထူးတပ်ဖွဲ့အနေဖြင့် အခင်းဖြစ်ပွားရသည့် ကိစ္စနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပျက်ကျမှုဖြစ်ပွားခဲ့သည့် ရဟတ်ယာဉ်သည် အမ်ယူအိတ်ချ်-၁ အမျိုးအစား ရဟတ်ယာဉ်ဖြစ်ပြီး တောင်ကိုရီးယား အထူးတပ်ဖွဲ့၏ တိုက်ခိုက်မှုစစ်ဆင်ရေးတွင် အသုံးပြုသည့် ရဟတ်ယာဉ်မျိုးဖြစ်ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်ကို လျှပ်တစ်ပြက် တိုက်ခိုက်ရေးနှင့် ကျွန်းကာကွယ်မှု စစ်ဆင်ရေးများတွင် အသုံးပြုကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

# ဘယ်လာရုစ်နိုင်ငံ မင့်မြို့ရှိ တရားရုံးတစ်ရုံးက သတင်းထောက်တစ်ဦးကို ထောင်ဒဏ်လေးနှစ် ပြစ်ဒဏ်ချမှတ်

**မင့် ဇူလိုင် ၁၈**

မင့်မြို့ရှိ တရားရုံးတစ်ရုံးကအလွတ်တန်းသတင်းထောက်တစ်ဦးကို ရဲအရာရှိအား ကိုယ်ထိလက်ရောက်ကျူးလွန်မှုဖြင့် ထောင်ဒဏ်လေးနှစ် ပြစ်ဒဏ်ချမှတ်လိုက်သည်။

အသက် ၃၈ နှစ်ရှိ ဒီမီထရီဟယ်လ်ကိုအား မေ ၂၂ ရက်က အိမ်နီးချင်း ယူကရိန်းမှ မွေးရပ်မြေ ဘယ်လာရုစ်နေအိမ် အလည်ပြန်လာစဉ် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သောနှစ်က ၎င်းသည် ဘယ်လာရုစ်မြို့တော် မင့်တွင်ရှိနေစဉ် ရဲအရာရှိများက ၎င်း၏ အိမ်နီးချင်း တိုက်ခန်းသို့ ကျယ်လောင်သောသီချင်းသံများကြောင့် တိုင်ချက်အရ လာရောက်စစ်ဆေးစဉ် ၎င်းအနေဖြင့် ရဲအရာရှိများကို ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက စွပ်စွဲပြောဆိုခဲ့သည်။

အဆိုပါကိစ္စဖြစ်ပြီးနောက် ဟယ်လ်ကိုသည် ဘယ်လာရုစ်မှ ထွက်ခွာသွားခဲ့ပြီးနောက် မေလတွင် ၎င်း၏ သားထံ အလည်ပြန်လာစဉ် ယူကရိန်းနယ်စပ်တွင် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

၎င်းက ရဲအရာရှိအား ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့မှုကို ငြင်းဆန်ခဲ့ပြီး အဆိုပါကိစ္စသည် နိုင်ငံရေးလှုပ်ရှားမှုတစ်ခုသာဖြစ်ကြောင်း ပြောခဲ့သည်။

အသက် ၃၈ နှစ်ရှိ ဟယ်လ်ကိုသည် အတိုက်အခံ ဘယ်လာရက်စကီပါတီဇန်ဝက်ဘ်ဆိုက်အပါအဝင် အခြား ယူကရိန်း လွတ်လပ်ပြီး ဘက်မလိုက်သော မီဒီယာပေါင်းစုံအတွက် အလွတ်သတင်းထောက် လုပ်ကိုင်ပေးလျက်ရှိကြောင်း သိရသည်။ ၎င်းသည် ယူကရိန်းအရှေ့ပိုင်းတွင် ဖြစ်ပွားလျက်ရှိသော ဂိုဏ်းဂဏကွဲပဋိပက္ခအတွက် သတင်းရယူပေးလျက်ရှိသလို သည်တိုင်းမ်မီဒီယာအတွက်လည်း လုပ်ကိုင်ပေးလျက်ရှိသည်။

ဘယ်လာရုစ်သည် ယခုနှစ် နယ်စည်းမခြားသတင်းထောက်များ ကမ္ဘာ့မီဒီယာလွတ်လပ်ခွင့် အညွှန်းကိန်းတွင် နိုင်ငံပေါင်း ၁၈၀ ရှိသည့်အနက် ၁၅၅ နိုင်ငံမြောက်ဖြစ်သည်။

**အေအက်ဖ်ပီ**

# မွန်ဂိုလီးယား၌ ရေလွှမ်းမိုးမှုကြောင့် ၄၈ ဦးသေဆုံး

**အူလန်ဘာတော ဇူလိုင် ၁၈**

မွန်ဂိုလီးယားနိုင်ငံ ဘေယန်းအူဂျီပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၂၅၀၀ ကျော် ထိခိုက်ခံစားခဲ့ရပြီး ၄၈ ဦးသေဆုံးခဲ့ကြောင်း မွန်ဂိုလီးယား အာဏာပိုင်များက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

နေအိမ်ပေါင်း ၁၈၅ အိမ်မှ လူပေါင်း ၆၀၀ ခန့်မှာ အခုအခါအရေးပေါ်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရကြောင်း အမျိုးသားအရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီမှ ဗိုလ်မှူးချုပ် ဂွန်ဘိုဂျာ့က ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင် ပြောသည်။

နိုင်ငံ၏ အနောက်ပိုင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသတို့ရှိ အဓိကမြစ်များတွင် မြစ်ရေမြင့်တက်လျက်ရှိကြောင်း မိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ဆီရာလီယွန်တွင် စက်သုံးဆီဈေးမြင့်တက်မှုကြောင့် ဆန္ဒပြသည့် ခေါင်းဆောင်တစ်ဦးကို ဖမ်းဆီး

**ဖရီးတောင်း ဇူလိုင် ၁၈**

ဆီရာလီယွန်ရှိ ရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၇ ရက်က စက်သုံးဆီဈေး မြင့်တက်မှုကြောင့် လှုံ့ဆော်ဆန္ဒပြသူတစ်ဦးကို ဖမ်းဆီးခဲ့ပြီး ကျန်ဆန္ဒပြသူများကို လူစုခွဲခဲ့ရကြောင်း၊ ယခုဖြစ်ရပ်သည် ဧပြီလ သမ္မတသစ် နိုင်ငံတော်တာဝန်ယူပြီးနောက် ပထမဆုံးဖြစ်ခဲ့သည့် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယခုလအစောပိုင်းက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ဂျူးလီယက်မက်ဒါဘိုင်အိုအစိုးရသည် ဆန္ဒပြခွင့် ပိတ်ပင်ခြင်းကို ပြုလုပ်ခဲ့ကြောင်းနှင့် ယခင်အစိုးရလက်ထက်က ဆန္ဒပြသူများကို သတ်ဖြတ်ရှင်းလင်းခဲ့သည့် ရဲအရာရှိများကိုလည်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

၆၀၀၀ လီယွန် (၀ ဒသမ ၆၇ ယူရို) မှ ၈၀၀၀ လီယွန် (၀ ဒသမ ၈၉ ယူရို) အထိ မြင့်တက်ခဲ့သည့် စက်သုံးဆီဈေးမြင့်တက်မှုကြောင့် ဆန္ဒပြအဖွဲ့ကို ဦးဆောင်ကာ ဆန္ဒပြမှုပြုလုပ်ခဲ့သည့် ဒေသတွင်း ဉာဏ်ကြီးရှင်အဖွဲ့ကို ဦးဆောင်သူ အက်မွန့်ဒ်အဘူကိုလည်း သက်ဆိုင်ရာ အာဏာပိုင်များက ဖရီးတောင်းမြို့၌ ဖမ်းဆီးခဲ့သည်။

လတ်တလောတွင် ဆူပူအုံကြွမှုဖြစ်အောင် ဆန္ဒပြလှုံ့ဆော်ခဲ့သူ အက်မွန့်ဒ်အဘူကို ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးဌာနက စစ်ဆေးမေးမြန်းလျက်ရှိကြောင်း ရဲမှူးကြီး ဘရီမာကာမာရာက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

ထို့အတူ အခြားဆန္ဒပြသူများကိုလည်း ဖြိုခွဲလိုက်ပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆန္ဒပြမှုသည် တရားဝင်မဟုတ်သောကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဂျူးလီယက်မက်ဒါဘိုင်အိုအစိုးရ ပျားရည်ဆမ်းအုပ်ချုပ်မှု ရက်ပေါင်း ၁၀၀ အတွင်း နိုင်ငံ၏ ခန့်မှန်းရသုံးခြေငွေစာရင်း များပြားနေသောကြောင့် ဇူလိုင် ၁၃ ရက်မှစပြီး ဆီဈေးများတိုးမြှင့်မည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



**နိုင်ငံတကာ သတင်းတိုထွာ**

## ယီမင်၌ စစ်ပွဲများရပ်နားမည့် အစီအစဉ်ကို အီရန်ကြိုဆို

**တီဟီရန် ဇူလိုင် ၁၈**

အီရန်နိုင်ငံခြားရေးဝန်ကြီးသည် ယီမင်၌ စစ်ပွဲများ သုံးလတာ ရပ်နားထားမည် ဆိုသည့်အစီအစဉ်ကို ကြိုဆိုထောက်ခံကြောင်း သတင်းထုတ်ပြန်ချက်ကို အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည်။

အပျက်အစီးများလှသည့် ယီမင် စစ်ပွဲကို အဆုံးသတ်စေမည့် မည်သည့် ရည်ရွယ်ချက် လုပ်ကိုင်မှုမျိုးကို မဆို အီရန်က ကူညီပေးသွားရန် အဆင်သင့် ရှိကြောင်း နိုင်ငံရေးအရ အဖြေရှာခြင်း၊ ဆွေးနွေးပွဲများ ပြုလုပ်၍လည်း စစ်ပွဲ ရပ်နားသွားအောင် လုပ်ဆောင်ရာတွင် ကူညီရန်အသင့်ရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘာဟမ် ကွာစမီက ပြောခဲ့သည်။

ယီမင်ပြည်တွင်းစစ် အဆုံးသတ်သွားစေရေး အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှလည်း ဝိုင်းဝန်းကူညီပေးကြရန် တိုက်တွန်းကြောင်းလည်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

## မက္ကဆီကိုတောင်ပိုင်းတွင် မြေယာပိုင်ဆိုင်မှု အငြင်းပွားရာမှ ၁၃ ဦးသေဆုံး

**အောက်ဇာကာ ဇူလိုင် ၁၈**

မက္ကဆီကိုတောင်ပိုင်းပြည်နယ် အောက်ဇာကာတွင် မြေယာအခွင့်အရေးအတွက် အုပ်စုနှစ်ခုကြား အငြင်းပွားမှုဖြစ်ပွားခဲ့ရာ လူ ၁၃ ဦးသေဆုံးခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းအစိုးရရှေ့နေများက ပြောသည်။

ရူတီပက်ဒေသတွင် ဖြစ်ပွားခဲ့သော အဆိုပါမြေယာပိုင်ဆိုင်မှု အမှုအခင်းသည် အများပိုင်မြေယာထိန်းသိမ်းရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦး အငြင်းပွားမြေယာအတွင်းသို့ ဝင်ရောက်စဉ် အခြားအိမ်နီးချင်း အုပ်စုက တိုက်ခိုက်ခဲ့ရာမှ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူများထဲတွင် အမျိုးသမီး နှစ်ဦးပါဝင်ပြီး အခြားတစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောသည်။

အဆိုပါ အမှုအခင်းဖြစ်ပွားပြီးနောက် ယင်းနေရာအနီးတစ်ဝိုက်တွင် ရဲတပ်ဖွဲ့ဝင်များ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ အောက်ဇာကာပြည်နယ်သည် မက္ကဆီကိုနိုင်ငံ၏ အဆင်းရဲဆုံး ပြည်နယ်တစ်ခုဖြစ်ကာ ဒေသခံတိုင်းရင်းသားများ မြေယာပိုင်ဆိုင်မှု မကြာခဏ ဖြစ်ပွားရာ ပြည်နယ်တစ်ခုလည်း ဖြစ်သည်။

ယခုဖြစ်ရပ်တွင် ပါဝင်ခဲ့သော အဖွဲ့နှစ်ဖွဲ့သည် တစ်ဖက်နှင့်တစ်ဖက် လွန်ခဲ့သောနှစ်ပေါင်း ၁၉၇၀ ပြည့်လွန်နှစ်ကတည်းက ရန်ထောင်နေသော အဖွဲ့များ ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုတွေ လျှော့နည်းဖို့ အားလုံးဝိုင်းဝန်းထိန်းညှိစို့

**တင်လင်းအောင်**



ဥရောပသမဂ္ဂဟာ ဆိုးရွားနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုတွေကို လျှော့နည်းစေဖို့ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ကို အတူတကွလုပ်ဆောင်သွားဖို့ တိုက်တွန်းလိုက်ပါတယ်။ သူတို့တွေသာ အတူတကွ လက်တွဲမလုပ်ဆောင်နိုင်ပါက ကုန်သွယ်ရေးမှာ ပဋိပက္ခတွေနဲ့ ပရမ်းပတာ ဖရိုဖရဲဖြစ်ကုန်တော့မှာပဲဆိုပြီး ဇူလိုင် ၁၆ ရက်က တိုက်တွန်းလိုက်တာဖြစ်ပါတယ်။

**ဒေါ်နယ်တက်စ်ရဲ့မှတ်ချက်ထွက်ပေါ်**

အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲအသွင်ဆောင်နေမှု အကျိုးဆက်ကြောင့် ကမ္ဘာ့စီးပွားရေး ဖရိုဖရဲဖြစ်သွားမှာကို စိုးရိမ်တဲ့အတွက် အခုလိုမျိုး ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်ရဲ့ မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းပဲဖြစ်ပါတယ်။ အမေရိကန်ဟာ သူ့ရဲ့ဥရောပနဲ့ ကနေဒါမဟာမိတ်တွေကိုလည်း အလွတ်မပေးဘဲ ကုန်သွယ်ရေး ရန်စမှုတွေ လုပ်ခဲ့ပါတယ်။

ကုန်သွယ်ရေးစစ်ပွဲ မဖြစ်ပွားဖို့ရာ ဥရောပနဲ့ တရုတ်နိုင်ငံတို့ရဲ့ တာဝန်ပဲဖြစ်သလို အမေရိကန်နဲ့ ရုရှားတို့ရဲ့ တာဝန်လည်းဖြစ်ပါတယ်။ ဆိုခဲ့တဲ့နိုင်ငံတွေဟာ စနစ်တကျဖြစ်နေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးကို မဖျက်ဆီးဘဲ တိုးတက်အောင် ကြံဆောင်ကြရမှာပဲဖြစ်ပါတယ်။ သမိုင်းမှာ မဖြစ်စဖူး အဖြစ်ထူးတဲ့ ကုန်သွယ်ရေးစစ်ပွဲမဖြစ်ပွားဖို့ လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်လို့ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပေကျင်းရောက်ခိုက် တိုက်တွန်းပြောကြားခဲ့ပါတယ်။

**ကာကွယ်ဖို့ အချိန်ရှိပါသေးတယ်**

ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားမယ့် ပဋိပက္ခတွေနဲ့ ပရမ်းပတာ ဖရိုဖရဲအခြေအနေတွေကို ကာကွယ်ဖို့ အချိန်ရှိပါသေးတယ်လို့ ပေကျင်းမှာ ဇူလိုင် ၁၆ ရက်က ပြုလုပ်တဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ကုန်သွယ်ရေးသဘောထားကွဲလွဲမှုနောက်ခံဖြစ်ရပ်တွေ ထိန်းညှိမယ့် ဥရောပ-တရုတ် ထိပ်သီးအစည်းအဝေးမှာ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပြောကြားခဲ့တာဖြစ်ပါတယ်။

> **"ကုန်သွယ်ရေးစစ်ပွဲ မဖြစ်ပွားဖို့ရာ ဥရောပနဲ့ တရုတ်နိုင်ငံတို့ရဲ့ တာဝန်ပဲဖြစ်သလို အမေရိကန်နဲ့ ရုရှားတို့ရဲ့ တာဝန်လည်း ဖြစ်ပါတယ်။ ဆိုခဲ့တဲ့နိုင်ငံတွေဟာ စနစ်တကျဖြစ်နေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးကို မဖျက်ဆီးဘဲ တိုးတက်အောင် ကြံဆောင်ကြရမှာပဲဖြစ်"**

**မဟာမိတ်နိုင်ငံတွေကို ကူညီဖို့ ကြိုးစား**

အမေရိကန်သမ္မတ ဒေါ်နယ် ထရန့်ရဲ့ အမေရိကန်သည်သာ ပထမဆိုတဲ့ အစိုးရရဲ့ပြည်တွင်းလုပ်ငန်းတွေကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးခြင်းဆိုင်ရာ မူဝါဒထုတ်ပြန်ပြီးတဲ့နောက်မှာ နိုင်ငံပေါင်း ၂၈ နိုင်ငံနဲ့ သာမက သန်း ၅၀၀ ပြည်သူတွေနဲ့ ကမ္ဘာ့အကြီးဆုံး ဈေးကွက်ရှိနေတဲ့ ဥရောပသမဂ္ဂဟာ သူ့ရဲ့မဟာမိတ်နိုင်ငံတွေကို ကူညီကျားကန်ဖို့ ကြိုးစားနေပါတယ်။

တရုတ်နိုင်ငံနဲ့ ဥရောပသမဂ္ဂ အရာရှိတွေကြား ပြုလုပ်တဲ့ ပေကျင်း အစည်းအဝေးမှာ ဥရောပသမဂ္ဂ ကော်မရှင်အကြီးအကဲ ဂျင်-ကလောဒီဂျန်ကာလည်း ပါဝင်တက်ရောက်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ ဟယ်လ်ဆင်ကီမှာ တွေ့ဆုံနေပါတယ်။

**ရန်သူတော်များသဖွယ် ဖော်ညွှန်းပြောဆို**

ဇူလိုင် ၁၅ ရက်က ထုတ်လွှင့်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ငြိုးမာန်ဖွဲ့လေသလား အောက်မေ့ရလောက်အောင် ဥရောပသမဂ္ဂ၊ ရုရှားနဲ့ တရုတ်တို့ကို သူ့ရဲ့ရန်သူတော်များသဖွယ် ဖော်ညွှန်းပြောဆိုခဲ့ပါတယ်။

**မှန်ကန်တဲ့လုပ်ရပ်မဖြစ်**

ကမ္ဘာကြီးဟာ ကုန်သွယ်ရေးဆိုင်ရာ ထိပ်တိုက်တွေ့ဆုံခြင်းကို မလိုလားဘဲ ကုန်သွယ်ရေး ပြုပြင်ပြောင်းလဲမှုတွေ လိုအပ်နေပြီလို့ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပြောပါတယ်။ မှန်ပါတယ်။ ကုန်သွယ်ရေးမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ထိပ်တိုက်တွေ့ဆုံမှုတွေကို ပြုလုပ်ခြင်းဟာ ဘယ်သူ့ဘယ်သူကိုမှ အကျိုးမရစေသလို မှန်ကန်တဲ့လုပ်ရပ်လည်း မဖြစ်သင့်ပါဘူး။

**ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ဖို့ ကြိုးစား**

ယခင်လအစောပိုင်းမှာ အခွန်အကောက်တွေနဲ့ ပတ်သက်ပြီးတော့ တရုတ်နဲ့ အမေရိကန်ရဲ့ အခြေအနေအပေါ် ယာယီအဆင်ပြေချောမွေ့ကြောင်း ကြေညာခဲ့သော်လည်း တကယ့်လက်တွေ့မှာတော့ အမေရိကန်ပြည်ထောင်စုဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်ခြင်းတွေ၊ တင်ပို့မှုကို ထိန်းချုပ်ခြင်းတွေနဲ့ တရုတ်နည်းပညာကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံခြင်းတို့အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။ သို့သော်လည်း တရုတ်ကလည်း ငြိမ်ခံမနေဘဲ ပြန်လည်လက်တုံ့ပြန်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့အခွန်စည်းကြပ်မှုတွေဟာ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အခွန်စည်းကြပ်မှုဟာ တရုတ်နိုင်ငံကို ရိုက်ခတ်စေပါတယ်။ ထို့အတူပဲ ဆိုးရွားလှတဲ့ ကုန်သွယ်မှုသဘောတူညီချက်တွေကို ဖရိုဖရဲဖြစ်စေပါတယ်။

ဒါတင်မကသေးပါဘူး။ အမေရိကန်ပြည်ထောင်စုဟာ အီးယူကိုလည်း ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။ ဒါကြောင့်မို့ အမေရိကန်ရဲ့ ကုန်သွယ်ရေးဟာ ကမ္ဘာကြီးအပေါ် ဆိုးကျိုးတွေသက်ရောက်နိုင်တဲ့အတွက် ညှိညှိနှိုင်းနှိုင်း ပူးပေါင်းလုပ်ဆောင်ဖို့ တိုက်တွန်းလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

**မျှတတဲ့ အဖြေတစ်ခုထွက်လာဖို့ လိုအပ်**

ထို့အတူ အစည်းအဝေးလက်ခံကျင်းပရာ အိမ်ရှင် တရုတ်နိုင်ငံ၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ ရုရှားသမ္မတ ပူတင်တို့ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးရဲ့ ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို အတူတကွ စတင်ပူးပေါင်းလုပ်ဆောင်ဖို့ တိုက်တွန်းရခြင်းပဲဖြစ်ပါတယ်လို့ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ်က ပြောပါတယ်။

ဒီနေ့ "ကျွန်တော်တို့တွေဟာ ကြောက်စရာကောင်းတဲ့ ကစားနည်းကို ကစားမလားဆိုတာနဲ့ပတ်သက်ပြီး ချီတုံချတုံ၊ မပြတ်မသားဖြစ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဘာနဲ့အလားသဏ္ဍာန်တူသလဲဆိုတော့ ယူကရိန်းနဲ့ ဆီးရီးယားနိုင်ငံမှာ ဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ ခပ်ဆင်ဆင်တူနေပါတယ်။ ဒါကြောင့်ပဲ အားလုံးလက်ခံနိုင်တဲ့၊ မျှတတဲ့ အဖြေတစ်ခုထွက်လာဖို့ လိုအပ်ပါတယ်" လို့ဒေါ်နယ်တက်စ်က ဆိုပါတယ်။

**ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဖို့ လိုအပ်နေ**

တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ တွေ့ဆုံတဲ့အခါ ဥရောပသမဂ္ဂကော်မရှင်အကြီးအကဲ ဂျင်-ကလောဒီဂျန်ကာက "နိုင်ငံအားလုံး ပါဝင်တဲ့ ကောင်းမွန်တဲ့ စနစ်တစ်ခုဟာ တိုက်ခိုက်ခံနေရတယ်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက မကြုံစဖူးပါပဲ"လို့ ပြောခဲ့ပါတယ်။

"ကျွန်တော်တို့တွေဟာ တစ်ဖက်သတ်ဆန်တဲ့ တိုက်ခိုက်မှုမျိုးကို လက်ခံလို့မရပါဘူး။ အဲလိုတိုက်ခိုက်တဲ့အခါ နိုင်ငံအားလုံးပါဝင်တဲ့ ကောင်းမွန်တဲ့ ဘက်ပေါင်းစုံစနစ်တစ်ခုဟာ ထိခိုက်နိုင်တယ်၊ ပြီးတော့လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်နေတယ်"လို့ သူက ဆက်လက်ပြီး ပြောခဲ့ပါတယ်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က မေလနှောင်းပိုင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ကုစားဖို့ လိုအပ်တယ်လို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ အဲဒီလို ပြောလိုက်တဲ့အချိန်နဲ့ တစ်ပြိုင်တည်းမှာပဲ ဥရောပကုမ္ပဏီတွေဟာ စတီးလ်နဲ့ အလူမီနီယမ် သွင်းကုန်တွေအပေါ် အမေရိကန်က အခွန်ကောက်ခံခြင်းကို အခွင့်သာရင် လက်တုံ့ပြန်ဖို့ တောင့်ခံထားကြပါတယ်။ အမေရိကန်နိုင်ငံရဲ့ စတီးလ်နဲ့ အလူမီနီယမ်တွေအပေါ် အခွန် တိုးမြှင့်ကောက်ခံမယ်ဆိုတဲ့ ကြေညာချက်ဟာ ဇွန် ၁ ရက်မှာ စတင်အကျုံးဝင်ခဲ့ပါတယ်။

**ပါးရိုက်ရင် နားကိုက်မယ့်တုံ့ပြန်မှုမျိုး ပြန်လည်တုံ့ပြန်**

ဥရောပသမဂ္ဂရဲ့ စတီးလ်နဲ့ အလူမီနီယမ်သွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံတဲ့ကိစ္စ၊ ရုရှားနဲ့ အမေရိကန်နိုင်ငံရဲ့ အဓိကကုန်သွယ်ရေးမိတ်ဖက်များကိစ္စတွေအပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ယခုလအစောပိုင်းမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ တရုတ်သွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။ အခုလိုလုပ်ခြင်းဟာ တရုတ်နိုင်ငံအပေါ် ပါးရိုက်ရင် နားကိုက်မယ့်တုံ့ပြန်မှုမျိုး ပြန်လည်တုံ့ပြန်တာပဲ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်ကလည်း အမေရိကန်ဟာ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေအပေါ် အခွန်ကောက်မှုတွေ ထပ်မံလုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ ထပ်မံခြိမ်းခြောက်ခဲ့ပါတယ်။

**ရိုက်ခတ်မှုတွေဖြစ်ပေါ်**

ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးအားပြိုင်မှုဟာ ကျန်တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကုန်သွယ်ရေးအပေါ် ရိုက်ခတ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ ယခင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ဖြစ်လာပြီး အနည်းငယ်ကျဆင်းခဲ့တယ်လို့ အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

ကုန်သွယ်ရေးပဋိပက္ခဟာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းနဲ့ မဆိုင်ဘဲ နိုင်ငံအားလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့စီးပွားရေးပုံစံဟာ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာခဲ့ပြီဖြစ်သလို စက်မှုလုပ်ငန်းတွေဟာလည်း ကမ္ဘာ့အဆင့် ဖြစ်ပေါ်ပြောင်းလဲလာခဲ့ပြီဖြစ်သော်လည်း ယင်းနဲ့ဆက်စပ်တဲ့ နိုင်ငံတွေအားလုံး အကျိုးသက်ရောက်မှု ရှိမှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# မေ့ပျောက်၍မရသော ဗိုလ်ချုပ်မှာစကား

## တက္ကသိုလ်ပွင့်သူအောင်

ဇူလိုင် ၁၉ ရက်သည် မြန်မာပြည်သူတစ်ရပ်လုံး၏ မမေ့နိုင်သော၊ မမေ့အပ်သော နေ့တစ်နေ့ဖြစ်သည်။ ဤနေ့သည် မြန်မာပြည်သူတစ်ရပ်လုံး၏ ဝမ်းနည်းကြေကွဲဖွယ်ရာ အာဇာနည်နေ့ပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ် ဇူလိုင် ၁၉ရက်ဆိုလျှင် ၇၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့် ၇၁ နှစ်က ထိုအချိန်ကာလသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်ကြီးများအနေဖြင့် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းနေချိန်ဖြစ်သည်။

**လုပ်ကြံခံရပြီ**

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်က အတွင်းဝန်များရုံးတွင် အစည်းအဝေးတက်ရန် ထူးထူးခြားခြား ရွှေဖလားရောင်ဇန်ကောက်လုံချည်၊ မန္တလေးပိုးတိုက်ပုံတို့ဖြင့် မြန်မာဆန်ဆန်ဝတ်ဆင်ထားပြီး ဆံပင်ကိုလည်း သပ်သပ်ရပ်ရပ်ညှပ်ထားသော ဗိုလ်ချုပ်အောင်ဆန်းမှာ ခံ့ညားလှသည်။ ထိုနေ့ ရာသီဥတုက ကြည်လင်မှုမရှိ၊ မိုးတဖွဲဖွဲကျဆင်းနေသည်။ ထိုနေ့နံနက် ၈ နာရီခွဲအချိန်ခန့်တွင် ရန်ကုန်မြို့အင်းလျားကန်စောင်း အေဒီလမ်း ခြံဝင်းတစ်ခုထဲမှ စစ်မိုးကာတာလပတ်များမိုးထားသော နံပါတ် RA-3123 သုံးတန်ထရပ်ကားသည် ပြည်လမ်းမကြီးပေါ်သို့တက်၍ မြို့ထဲသို့ မောင်းနှင်သွားသည်။ နံနက် ၁၀ နာရီ ၅ မိနစ်အချိန်တွင် နံပါတ် RC 1814 အစိမ်းရောင်ဂျစ်ကားသည် ထိုခြံထဲမှပင်ထွက်လာကာ ပြည်လမ်းမကြီးပေါ်သို့တက်၍ မြို့ထဲသို့ ဦးတည်မောင်းနှင်သွားသည်။ ယင်းဂျစ်ကားပေါ်တွင် မိုးကာအင်္ကျီများခြုံထားသော လူငါးယောက်တို့ လိုက်ပါသွားသည်။

ထို့နောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်ကြီးများဖြစ်ကြသော ဘဏ္ဍာရေးဝန်ကြီး သခင်မြ၊ သတင်းဖြန့်ချိရေးနှင့် ဝါဒဖြန့်ဖြူးရေးဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ထောက်ပံ့ရေးဝန်ကြီး ဦးဘဝင်း(ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို)၊ တောင်တန်းနယ်ဝန်ကြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုနှင့် အလုပ်သမားဌာနဝန်ကြီး မန်းဘခိုင်၊ ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး ဦးရာဇတ်၊ အတွင်းဝန်ဦးအုန်းမောင်၊ သက်တော်စောင့် ကိုထွေးတို့သည် နယ်ချဲ့လက်ပါးစေ မသမာသူတို့၏ လက်ချက်ဖြင့် လုပ်ကြံခံရကာ ကျဆုံးခဲ့ကြရသည်။

ဗိုလ်ချုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့သူများမှာ ဂဠုန်ဦးစော၏ တပည့်များဖြစ်သော ကိုစိုး၊ ဘညွန့်၊ သက်နှင်း၊ မှုံကြီးနှင့် ရန်ကြီးအောင်တို့ ဖြစ်ကြသည်။ ဗိုလ်ချုပ်နှင့် ဝန်ကြီးများသည် လေ့ပြေးရင်းတက်ကျိုးဟူသော စကားအတိုင်း ဂဠုန်ဦးစော၏တပည့် လူသတ်သမားတို့၏လက်ချက်ဖြင့် လွတ်လပ်ရေးခရီးတစ်ဝက်၌ ကျဆုံးခဲ့ရာ တိုင်းပြည်နှင့် လူမျိုးအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည်မှာ ၇၁ နှစ် ကြာညောင်းခဲ့ပြီဖြစ်သော်လည်း မြန်မာပြည်သူလူထုကြီးတစ်ရပ်လုံးက အမှတ်တရရှိနေဆဲဖြစ်ကြသည့်အပြင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော စကားများကို မေ့ပျောက်၍မရကြပေ။

**အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီး**

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သော မိန့်ခွန်းတွင် "တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျလောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်းမိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီးကို ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်"ဟူ၍ ထည့်သွင်းမှာကြားခဲ့သည်။ ထိုမှာကြားပြောကြားခဲ့သည့်စကားသည် အထူးမှတ်သားလိုက်နာဖွယ်ဖြစ်သည်။

**ဒီမိုကရေစီဆိုတာ**

ထို့အပြင် ဒီမိုကရေစီနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် မေလ ၁၉ ရက်တွင် ကျင်းပခဲ့သော ပဏာမညီလာခံ၌ "ဒီမိုကရေစီဆိုတာ ဘယ်လိုအင်္ဂါရပ်မျိုးနဲ့ ညီညွတ်ရမလဲ။ အဲဒီလို ကျုပ်ပြည့်တင်းပြည့် ဒီမိုကရေစီမျိုးကို ကျုပ်တို့ ဘယ်လိုတည်ဆောက်ရမလဲ။ ချက်ချင်းဖြစ်မလား။ ဘယ်လောက်ကြာမလဲ။ ဘယ်နည်းအကောင်းဆုံးလဲဆိုတာတွေကို အခု ကျုပ်တို့တိုင်းပြည်တည်ဆောက်ရမယ့်အခါ အထူးစဉ်းစားရမယ့်အချက်တွေပဲ။ နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနဲ့ ကင်းလို့မဖြစ်နိုင်ဘူး" စသည်ဖြင့် ပြောကြားခဲ့သည်။

၁၉၄၅ ခုနှစ် ဩဂုတ်လက စတုတ္ထအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားခဲ့ရာ၌ "ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ဗမာနိုင်ငံထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနဲ့ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကိုအားပေးတယ်။ အဲဒါကြောင့် (ဒီမိုကရေစီ)ဝါဒကို ကျွန်တော်တို့ ရည်ရွယ်ရမယ်" ဟူ၍ ထည့်သွင်းမှာကြားခဲ့သည်။

**တောင်သူလယ်သမားများ အခွင့်အရေး**

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတ၊ အလုပ်လုပ်နိုင်သော လူသားအရင်းအမြစ်၊ အလွန်နိုးကြားကြိုးစားသော တောင်သူလယ်သမားများ၏ စွမ်းအားဖြင့်ပေါင်းစပ်၍ နိုင်ငံ၏ စီးပွားရေးအတွက် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံပြီး မြှင့်တင်ပေးရန် အကောင်းဆုံးအနေအထားရှိနေသည့် နိုင်ငံဖြစ်သည်ကို ဗိုလ်ချုပ်အောင်ဆန်းက မြင်ခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသော တောင်သူလယ်သမားညီလာခံ၌ "တောင်သူလယ်သမားတွေဟာ ဗမာပြည်မှာ လူများစုဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာ ခင်ဗျားတို့ရဲ့ လွတ်လပ်ရေး ပါလာမယ်။ တောင်သူလယ်သမား လူအများစုရဲ့ အခွင့်အရေးမပါတဲ့ လွတ်လပ်ရေးဟာ အဓိပ္ပာယ်မရှိဘူးလို့ ယူဆတယ်။ ခုအခါမှာတော့ ဆင့်ပါးစပ်နှမ်းပက်သလိုမျိုး ဖြစ်နေတယ်။ လုပ်ချင်သလိုမလုပ်နိုင်ဘူး။ ခင်ဗျားတို့လိုချင်ကြသလို မြေရှင်စနစ်ကို ပြုပြင်ပြောင်းလဲချင်တယ်။ လယ်ပိုင်ရှင်စနစ်ကို ဖြုတ်ပစ်နိုင်ဖို့ပဲ"ဟူ၍ ပြောကြားခဲ့သည်။

**နိုင်ငံစည်းလုံးညီညွတ်ရေး**

နိုင်ငံစည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၅ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပခဲ့သော ခေါင်းဆောင်များအစည်းအဝေး၌ "ကျွန်တော်တို့ မြန်မာပြည်ရဲ့အရေးဟာ မြန်မာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့လူတွေ ညီညွတ်စွာနဲ့ လုပ်တတ်မယ်။ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်တယ်။ ကျွန်တော်ခေါင်းဆောင်တဲ့ တပ်မတော်ကလည်း ယုံကြည်တယ်။ ဒါကြောင့် တိုင်းပြည်မှာ ညီညွတ်ရေးဟာ အခု အဓိကလုပ်ငန်းပဲ"ဟု ပြောကြားခဲ့သည်။

**လူမှာ ဖန်တီးနိုင်တဲ့အစွမ်းရှိ**

လူတိုင်းလူတိုင်း ကြိုးစားအားထုတ်အလုပ်လုပ်ကြရန်နှင့်ပတ်သက်၍လည်း ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံ၌ ဗိုလ်ချုပ်အောင်ဆန်းက "လူဆိုတာ ဖန်တီးနိုင်တဲ့သတ္တိရှိတယ်။ ခွန်အားရှိတယ်။ ဘာပဲဖြစ်ဖြစ် ကမ္ဘာလောကကြီးမှာဖြစ်နေတဲ့ သဘာဝတရားတွေ၊ လူက နောက်ဆုံးမှာ လွှမ်းမိုးရမယ်။ တောင်ကြီးပေမယ်လို့ ဖဝါးအောက်ရောက်တယ်။ အဲဒီလိုပဲ ဘယ်လောက်အပြန့်ကျယ်တဲ့ သမုဒ္ဒရာကြီးတွေတောင်မှ လူရဲ့ဉာဏ်နဲ့ဖန်တီးလိုက်တဲ့ သင်္ဘောတွေ၊ ရေငုပ်သင်္ဘောတွေ၊ လေယာဉ်ပျံတွေနဲ့ ကူးပြီးသွားလာနိုင်အောင် လူတွေဟာ ဖန်တီးလာခဲ့ကြတယ်။ ဘာသာတရားအရပြောမယ်ဆိုရင် လူကမှ ဘုရားဖြစ်နိုင်တယ်။ ဒီတော့ လူမှာ ဖန်တီးနိုင်တဲ့ အစွမ်းသတ္တိရှိတယ်" ဟု ပြောကြားခဲ့သည်။



**ခေါင်းဆောင်ဆိုသည်မှာ**

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်မှာကြားချက်များစွာရှိသည့်အနက် ခေါင်းဆောင်နှင့်ပတ်သက်၍ ပြောကြားချက်များမှာ မှတ်သားလိုက်နာသင့်ပေသည်။ ဗိုလ်ချုပ်သည် ကိုယ်တိုင်မယုံကြည်ပါပဲလျက် မိမိခေါင်းဆောင်မှု ကျဆုံးမည်စိုးသည့်အတွက် လျှော့ပေးတတ်သူမျိုး မဟုတ်ပေ။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က ရန်ကုန်မြို့တော်ခန်းမတွင်ပြုလုပ်သော ဧည့်ခံပွဲတွင် ဗိုလ်ချုပ်က "ခေါင်းဆောင်လုပ်တဲ့လူတွေဟာ နောက်လိုက်လူတွေထက် ပိုပြီးအမြင်ကျယ်ရမယ်။ ခေါင်းဆောင်ဟာ ဟိုလူပြောဟုတ်နိုးနိုး၊ ဒီလူပြောဟုတ်နိုးနိုး ယောင်ချာချာလုပ်ရင် ခေါင်းဆောင်မဟုတ်ဘူး။ ခေါင်းဆောင်လုပ်တဲ့လူဟာ ကိုယ်ယုံကြည်တဲ့ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြနိုင်ရမယ်။ အသက်စွန့်သင့်တဲ့နေရာမှာ စွန့်ရဲရမယ်။ ပရိယာယ်သုံးသင့်တဲ့နေရာမှာ သုံးရမယ်။ အချိန်အခါလိုက်ပြီး လုပ်ရမယ်။ အများယောင်လို့ယောင်ရတယ် အမောင်တောင်မှန်းမြောက်မှန်းမသိဆိုရင် ခေါင်းဆောင်မဟုတ်ဘူး"ဟု ပြောကြားခဲ့ရာ ထိုမိန့်ခွန်းမှာ အလွန်တန်ဖိုးရှိ၍ မှတ်သားလိုက်နာရမည့် ပြောကြားမှုပင်ဖြစ်သည်။

**စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်**

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်က ကျင်းပခဲ့သော ပင်လုံညီလာခံ၌ "တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်းသိနိုင်တယ်"ဟု ပြောကြားချက်မှာလည်း မှတ်သားဖွယ်ရာဖြစ်သည်။

မှန်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး လွတ်လပ်ရေးဗိသုကာကြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသော သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်တို့အပါအဝင်၊ အတွင်းဝန်ဦးအုန်းမောင်နှင့် သက်တော်စောင့်ကိုထွေးတို့ ကျဆုံးခဲ့သည်မှာ ယခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ၇၁ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ မှာကြားချက်များကို ပြည်သူလူထုက မေ့ပျောက်၍မရကြသလို ထိုမိန့်ခွန်းမှာကြားချက်များကို အမြဲတမ်းမှတ်သားလိုက်နာ၍ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးရှိစေမည့်အလုပ်ဟူသမျှ အားလုံးပူးပေါင်းလုပ်ကိုင်ရမည်ဖြစ်ပါကြောင်း ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြု၍ ရေးသားလိုက်ရပါသည်။ ။

" ဒီမိုကရေစီဆိုတာ ဘယ်လိုအင်္ဂါရပ်မျိုးနဲ့ ညီညွတ်ရမလဲ။ အဲဒီလို ကျုပ်ပြည့်တင်းပြည့် ဒီမိုကရေစီမျိုးကို ကျုပ်တို့ ဘယ်လိုတည်ဆောက်ရမလဲ။ ချက်ချင်းဖြစ်မလား၊ ဘယ်လောက်ကြာမလဲ။ ဘယ်နည်းအကောင်းဆုံးလဲဆိုတာတွေကို အခု ကျုပ်တို့တိုင်းပြည်တည်ဆောက်ရမယ့်အခါ အထူးစဉ်းစားရမယ့်အချက်တွေပဲ။ နိုင်ငံရေးဟာ စီးပွားရေးအခြေခံပေါ်မှာ တည်တယ်။ နိုင်ငံရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွေကလည်း စီးပွားရေးသဘောတရားတွေနဲ့ ကင်းလို့မဖြစ်နိုင်ဘူး"

# ထန်တလန်မြို့နယ်တွင် ကျေးရွာများသို့ ပြည်သူ့ဝန်ဆောင်မှုများ ရွေ့လျားစနစ်ဖြင့် ဆောင်ရွက်ပေး

**ထန်တလန် ဇူလိုင် ၁၈**

ချင်းပြည်နယ် ထန်တလန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ ပြည်သူ့ဝန်ဆောင်မှုများကို ကျေးရွာများသို့ ရွေ့လျား(မိုဘိုင်း)စနစ်ဖြင့် ဇူလိုင် ၁၆ ရက်က လိုက်လံဆောင်ရွက်ပေးခဲ့ကာ အသိပညာပေး ဟောပြောပွဲများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဝန်ဆောင်မှုများကို နံနက်ပိုင်းတွင် ဇန်ဇန်းကျေးရွာ ကျေးလက်ခန်းမ၌ အခြေပြု၍လည်းကောင်း၊ နေ့လယ်ပိုင်းတွင် ဖာရွှန်းကျေးရွာခန်းမ၌ အခြေပြု၍လည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီး အသိပညာပေးဟောပြောပွဲများကိုပါ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဝန်ဆောင်မှုများဆောင်ရွက်ပေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်က ကျေးလက်နေပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ရွေ့လျားဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသော ဆယ်အိမ်စုမှူး အမျိုးသမီးများအတွက် ဝတ်စုံများကို ထောက်ပံ့ပေးသည်။

ထို့နောက် မြို့နယ်လဝကဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ တာဝန်ရှိသူများက ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကဏ္ဍအလိုက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဒေသခံများအတွက် အိုင်အိုဒင်းဆားထုပ်များ ဖြန့်ဝေပေးကာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ကျေးရွာမှ သက်ကြီးဘိုးဘွားခြောက်ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ ထောက်ပံ့ပေးအပ်ခြင်း၊ ကျန်းမာရေးဦးစီးဌာနကလည်း အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ထောင်ဆေးစိမ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ထိုင်းနိုင်ငံမှ မြန်မာအလုပ်သမားများအား မြန်မာအလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ချုပ် တွေ့ဆုံ

**ဗန်ကောက် ဇူလိုင် ၁၈**

ထိုင်းနိုင်ငံတွင် Techanical Meeting တက်ရောက်ရန် ရောက်ရှိနေသော အလုပ်သမား၊ လူဝန်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံအတွင်း မြန်မာအလုပ်သမား အင်အားအများဆုံး လုပ်ကိုင်လျက်ရှိသည့် စက်ရုံများသို့ ဇူလိုင် ၁၇ ရက်က သွားရောက်၍ မြန်မာနိုင်ငံသား အလုပ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပြီး အလုပ်သမားများ၏ တင်ပြချက်များကိုလည်း ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။



ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် အဖွဲ့ဝင်များသည် စမုစခွန်ခရိုင်ရှိ RJM ကုမ္ပဏီလီမိတက်သို့ သွားရောက်ပြီး စက်ရုံအစည်းဝေးခန်းမတွင် မြန်မာအလုပ်သမားများ၊ စက်ရုံတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စက်ရုံဖွဲ့စည်းမှု၊ နိုင်ငံခြားသားအလုပ်သမား ခန့်အပ်ထားမှု၊ အလုပ်သမားများ ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကာ သက်ဆိုင်ရာကဏ္ဍအလိုက် အလုပ်သမားများနှင့် စက်ရုံတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကူညီဆောင်ရွက်ပေးခြင်း၊ အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

RJM ကုမ္ပဏီလီမိတက်တွင် မြန်မာနိုင်ငံသား အလုပ်သမား ၁၅၀၀ ခန့် အလုပ်လုပ်ကိုင်လျက်ရှိပြီး ထိုအထဲတွင် MOU ဖြင့်စေလွှတ်ထားသော အလုပ်သမား ၃၀၀ ခန့်ရှိကြောင်းနှင့် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Thai Union စက်ရုံရှိ မြန်မာအလုပ်သမားများနှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ အလုပ်သမား သံအရာရှိရုံးမှ သိရသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**

## အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားနှင့် ပြိုင်ပွဲများ မြို့နယ်အသီးသီးတွင် ကျင်းပ

**ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲများ၊ ပြပွဲများနှင့် ဟောပြောပွဲများ အပါအဝင် အခမ်းအနားများကို မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသည်။**

**ပူတာအို**

ကချင်ပြည်နယ် ပူတာအိုမြို့ ပမ္မတီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမိုးနိုင်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများနှင့် စာအုပ်စာပေလှူဒါန်းမိတ်ဆွေခေါင်းစဉ်ဖြင့်ဟောပြောပြီး အာဇာနည်နေ့အကြောင်းသိကောင်းစရာ ပိုစတာများ၊ နိုင်ငံတော်အကြီးအကဲများ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများကလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သိကောင်းစရာများနှင့် အစားအသောက်များဆိုင်ရာ သတိပြုစရာများကို ဟောပြောခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြီး အာဇာနည်နေ့အကြို ပုံတူပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ခင်ဦးမြို့ကွန်မြူနတီစင်တာ၌ ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ကြည်ဆန်းက အာဇာနည်နေ့အကြို ပုံတူပန်းချီပြိုင်ပွဲ ကျင်းပခြင်းရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားပြီး အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၃၆ ဦးက ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူများကို ရေးဆွဲယှဉ်ပြိုင်ခဲ့သည်။

**ခင်ဦးစိုးဝေ**

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့၌ ကျင်းပခဲ့သည့် အာဇာနည်နေ့အကြို အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် အတွေးပန်းချီပြိုင်ပွဲနှင့် မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းတို့က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲများတွင် ဆုရသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။ အဆိုပါပြိုင်ပွဲများသို့ ပုလဲမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း ၁၈ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

**မန်တုံ**

ရှမ်းပြည်နယ် မြောက်ပိုင်း မန်တုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်ကလည်းကောင်း၊ အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်ကလည်းကောင်း ကျင်းပခဲ့ပြီး ပြိုင်ပွဲများတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ပညာရေးမှူးရုံးက ကြီးမှူး၍ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို စလင်းမြို့အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့သည်။ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ၁၉ ဇူလိုင် မမေ့နိုင်၊ အာဇာနည်နေ့ ဒို့မမေ့၊ မိုးနဲ့အပြိုင်မျက်ရေဖြိုင် စသည့် ခေါင်းစဉ်သုံးမျိုးပေးထားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ ခေါင်းစဉ်ကို ရွေးချယ်ယှဉ်ပြိုင်ကြကြောင်း၊ ပြိုင်ပွဲများတွင် စလင်းမြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆၉ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## ဘားအံ-မြဝတီသွား သာမညအပြင်လမ်း ရေကျော်ပျက်စီးမှုကို အချိန်မီပြုပြင်ပေးခဲ့

**ဘားအံ ဇူလိုင် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ဘားအံ-မြဝတီလမ်း သာမညအပြင်လမ်းပိုင်းတွင် ဇူလိုင် ၁၇ ရက် နံနက် ၁၁ နာရီခန့်မှစတင်ပြီး လမ်းအရှည် ပေ ၁၅၀ ခန့်၌ ရေကျော်ခဲ့၍ ယာဉ်သွားလာမှုများကို ခေတ္တပိတ်ထားခဲ့ရပြီး ရေကျော်သည့်နေရာတွင် တာဝန်ရှိသူများက ပြုပြင်မှုများ အမြန်ဆုံးဆောင်ရွက်ခဲ့၍ မွန်းလွဲ ၁ နာရီခန့်မှစပြီး ယာဉ်တစ်စီးချင်း သွားလာနိုင်ခဲ့ကြောင်း သိရသည်။

“သာမညမှာက အတွင်းလမ်း အပြင်လမ်းဆိုပြီး နှစ်လမ်းရှိတယ်၊ အတွင်းလမ်းက ဝန်ချိန်များများမပါရင် ယာဉ်ကြီးယာဉ်ငယ် အကုန်သွားလို့ရပါတယ်၊ ဒါပေမယ့် မြဝတီဘက်ကဆင်းလာတဲ့ ကုန်ကားတွေကျတော့ ဝန်များတဲ့အတွက် အတွင်းလမ်းထဲက အောင်သိဒ္ဓိကုန်းကို မတတ်နိုင်လို့ သာမညအပြင်လမ်းက သွားကြရတာပါ၊ အခု အပြင်လမ်းမှာ ရေကျော်နေပေမယ့် ခရီးသည်တင်ယာဉ်နဲ့ ဝန်ပေါ့တဲ့ ကုန်ကားတွေတော့ အတွင်းလမ်းက သွားလို့ရပါတယ်”ဟု သာမညရွာတွင်နေထိုင်သည့် ကိုမောင်ဦးက ပြောသည်။

ရေကျော်နေသည့် အပြင်လမ်းနေရာတွင် ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့၊ မီးသတ်နှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများက လာရောက်ဆောင်ရွက်ပေးလျက်ရှိပြီး CRBC ကုမ္ပဏီမှ ဘက်ဟိုးယာဉ်နှင့် ကျောက်သယ်ယာဉ်များကို အသုံးပြုကာ ရေကျော်၍လမ်းပျက်သွားသော နေရာများတွင် ကျောက်ထည့်ပြီး ဘက်ဟိုးနှင့်ကြိတ်၍ ယာယီသွားနိုင်အောင် ပြုပြင်ခဲ့ရာ မွန်းလွဲ ၁ နာရီအချိန်မှစ၍ ယာဉ်များကို တစ်စီးချင်းဖြတ်သန်းခွင့်ပြုနိုင်ခဲ့ကြောင်း၊ တစ်စီးချင်းဖြတ်ခွင့်ပြုပြီးနောက်တွင်လည်း တာဝန်ရှိသူများက ယာဉ်များကို စနစ်တကျ စေလွှတ်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

## ထန်းတောကျေးရွာတွင် လယ်ကွင်းများနစ်မြုပ်၍ ကော့ဖျာကျေးရွာတွင် မြေသားလမ်း ရေတိုက်စားမှုဖြစ်ပွား

**လှိုင်းဘွဲ့ ဇူလိုင် ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တာပေါင်ကျေးရွာအုပ်စု ထန်းတောကျေးရွာတွင် ဇူလိုင် ၁၇ ရက်က စပါးခင်းများနစ်မြုပ်ခြင်းနှင့် ကော့ဖျာကျေးရွာတွင် မြေသားလမ်း ရေတိုက်စားသဖြင့် ပြတ်တောက်သွားကြောင်း သိရသည်။

ထန်းတောကျေးရွာတွင် ထန်းတောကျေးရွာနေ ဦးသန်းလှ၊ ဦးခင်ဝင်းနှင့် ဒေါ်ခင်စန်းတို့ ပိုင်ဆိုင်သော စပါးစိုက်ခင်းဧက သုံးဧက၊ ပျိုးခင်း တစ်ဧကကို ရေများလွှမ်းခဲ့ပြီး ကော့ဖျာကျေးရွာမှအသွားလမ်း အရှည်မိုင် ၂ မိုင် ၂ ဖာလုံ၊ အကျယ် ၂၁ ပေ၊ အမြင့် ၄ ပေရှိမြေသားလမ်းမှာ ရေတိုက်စားမှုကြောင့် အရှည်ပေ ၄၀ ခန့် မြေသားများ ပြိုကျပြတ်တောက်သွားခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့် (ပြန်/ဆက်)**

## အမာမြို့နယ်မှ သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**အမာ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်း ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်က ပင်လယ်ဒီရေ အဆမတန်မြင့်တက်လာပြီး ရေလှိုင်းရိုက်ခတ်မှုကြောင့် ဒေါ်ညိမ်းကျေးရွာအုပ်စုနှင့် နောက်မီးကျေးရွာအုပ်စုအတွင်းရှိ ပင်လယ်ကမ်းစပ်ရွာများမှ လူနေအိမ်များ ပြိုကျပျက်စီးခဲ့ရာ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်ခဲ့သော ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ငွေများကို ဖျာပုံခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဇူလိုင် ၁၆ ရက်တွင် ကျေးရွာ သို့ကွင်းဆင်း၍ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နေအိမ်များပြိုကျခဲ့သော ဒေါ်ညိမ်းကျေးရွာအုပ်စုမှ အိမ်ထောင်စု ၂၃ စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ်တစ်သိန်းစီနှင့် လူဦးရေ ၉၀ အတွက် တစ်ပတ်စာ ဆန်ဖိုး၊ ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးပါ ပုံးတစ်ပုံးစီတို့ကိုလည်းကောင်း၊ နောက်မီးကျေးရွာအုပ်စုမှ အိမ်ပြိုပျက်ခဲ့သော အိမ်ထောင်စု ခြောက်စုအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ်ခြောက်သိန်းနှင့် လူ ၂၄ ဦးအတွက် တစ်ပတ်စာ ဆန်ဖိုး၊ ကယ်ဆယ်ရေးပစ္စည်းပုံးများကို တာဝန်ရှိသူများက သဘာဝဘေးသင့်ပြည်သူများထံ လက်ရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၁၈-၇-၂၀၁၈**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၁၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၉ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၆ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၂ ・ ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၆၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၈ ・ ၈၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・ ၄၈၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# တိုင်းရင်းသူလေးများ၏ ခေတ်စုံအလှစုံ ပန်းချီပြပွဲ ၃ ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ပြသ

**ရန်ကုန် ဇူလိုင် ၁၈**

တိုင်းရင်းသူလေးများ၏ ရိုးသားဖြူစင်သော စိတ်ထားအလှ၊ မျက်နှာအလှနှင့် ရိုးရာယဉ်ကျေးမှု ဝတ်စုံလေးများ၏ အလှများကိုဖော်ကျူးထားသော တိုင်းရင်းသူလေးများအကြောင်း စိတ်ကူးပုံဖော်ထားသည့် ပန်းချီဦးမာလာ၏ ခေတ်စုံအလှစုံပန်းချီပြပွဲ ၃ ကို ရန်ကုန်မြို့ အမျိုးသားပြတိုက်တွင် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ ခင်းကျင်းပြသခဲ့သည်။

ပြသထားသောပန်းချီကားများတွင် အလင်းအမှောင်ပြင်းပြင်းကစားထားခြင်းမရှိဘဲ မျက်နှာခံစားမှုနှင့် အဝတ်အစား၏ ထူးခြားမှုများကိုသာ ဦးစားပေးရေးဆွဲထားကာ တိုင်းရင်းသူလေးများ၏ ရုပ်ပုံလွှာကို ဒူးအထက်ပိုင်းမှ စတင်ဖော်ပြ၍ အရွယ်အစားညီ ရေးဆွဲထားသည်ကို တွေ့ရသည်။ ရိုးသားပြီး အပြစ်ကင်းစင်သော တိုင်းရင်းသူလေးများ၏ပုံများတွင် ပုံရိပ်နောက်ခံအဖြစ် ထူးခြားပြီးလူသိများသော ရှုခင်းနောက်ခံများနှင့် ဘုရားစေတီပုံများကို ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရသည်။

ပန်းချီဆရာကြီး ဦးမာလာက ပြပွဲ၌အဓိကထားပြသထားသော ပန်းချီကားများအကြောင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ ရှမ်းပြည်နယ်ဖြစ်ဖြစ် ကချင်ပြည်နယ် ဖြစ်ဖြစ်၊ နယ်တစ်နယ်သွားတဲ့အခါမှာ ပွဲတော်တွေရှိတယ်၊ ဈေးတွေရှိတယ်။ အဲဒီမှာဆိုရင် အမျိုးသမီးတွေ အတော်များများက သူတို့ရဲ့ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းပြီး ဝတ်တာကို ထူးခြားမှုအနေနဲ့ တွေ့ရတယ်။ အချို့တိုင်းရင်းသား အမျိုးသားတွေက ခေါင်းပေါင်းနဲ့ လုံချည်နဲ့ရှိမယ်၊ ခေါင်းပေါင်းနဲ့ ဘောင်းဘီနဲ့ရှိမယ်။ ဒါလောက်ပဲကွာတာ။ အမျိုးသားတွေမှာ လေး၊ ငါးမျိုးလောက်တော့ ထူးထူးခြားခြားလေးတွေတော့ တွေ့တယ်။ နောက်တစ်ပွဲကျရင်တော့ အဲဒါပါမယ်။ အခုကတော့ အမျိုးသမီးတွေချည်းပဲ စီးရီးတစ်ခုအဖြစ် ကျွန်တော်လုပ်ဖြစ်တာပါ"ဟု ဖြေကြားသည်။

နုပျိုပြေပြစ်သော အချိုးအစားနှင့် ပကတိရိုးသားဖြူစင်မှုတို့ ပေါ်လွင်အောင် သရုပ်ဖော်ထားသော ပန်းချီကားပေါင်း ၄၃ ကားကို ကားချပ်များနှင့်အချိုးညီစွာ ထွန်းညှိထားသော မီးအလင်းရောင်နှင့်အတူ အမျိုးသားပြတိုက်၏ ပထမထပ်တွင် ခင်းကျင်းပြသထားသည်။ ပန်းချီဆရာကြီး ဦးမာလာအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း ခေတ်စုံအလှစုံပန်းချီပြပွဲ(၁)ကို ခင်းကျင်းပြသခဲ့ပြီးနောက် ယခုပြပွဲဖြစ်မြောက်ရေးအတွက် နှစ်နှစ်ကျော်ကြာ အချိန်ယူပြင်ဆင်ခဲ့ရကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**



# ဖျာပုံခရိုင်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး

**ဖျာပုံ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းမှ ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ဒေသခံများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဇူလိုင် ၁၇ ရက်တွင် အမာမြို့ခါးပြတ်ကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

"ဒီဒေသက အင်္ဂလန်ကျားဖောင်လုပ်ငန်းရှင်နဲ့ လုပ်သား အများစုရှိတဲ့ ဒေသဖြစ်တယ်။ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး လုပ်ငန်းရှင် လုပ်သားများ သိထားသင့်တဲ့ ဥပဒေ၊ လိုက်နာရမယ့် စည်းကမ်းချက်တွေ မျှဝေပေးဖို့နဲ့ ဒေသမှာရှိတဲ့ ရေလုပ်ငန်းရှင်၊ ရေလုပ်သားတွေ တွေ့ကြုံနေရတဲ့အခက်အခဲတွေကို သိရှိဖို့ အခက်အခဲများကို ဝိုင်းဝန်းဖြေရှင်း ညှိနှိုင်းဆောင်ရွက်ပေးဖို့ ရည်ရွယ်ပြီး အခုလို မြေပြင်အထိ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပေးရခြင်းဖြစ်ပါတယ်"ဟု ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်မောင်က ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူးက မြန်မာ့ပင်လယ်ပြင်ရှိ ဧရာဝတီ ငါးဖမ်းကွက်များမှ အင်္ဂလန်ကျားဖောင် ငါးဖမ်းကွက်များ အခြေအနေနှင့် ရေလုပ်ငန်းရှင်နှင့် ရေလုပ်သားများ နှစ်ဦးသဘောတူ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်ပတ်သက်သော သိကောင်းစရာများကိုလည်းကောင်း၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့ဒုတိယတပ်ဖွဲ့မှူး ရဲမှူးဘချစ်နှင့် ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆွေဦးတို့က ပင်လယ်ပြင်တွင် ရေလုပ်ငန်းလုပ်ကိုင်သူများနှင့်ပတ်သက်သည့် မှုခင်းဖြစ်ရပ်များ၊ လိုက်နာသင့်သည့် ပြစ်မှုဆိုင်ရာဥပဒေများ၊ မှုခင်းလျော့ပါးရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အချက်အလက်များကိုလည်းကောင်း၊ အမာမြို့ ခေတ္တအုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်က ကျေးရွာအငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ဖျာပုံခရိုင် မြန်မာ့အာမခံလုပ်ငန်းမှ ဦးမျိုးမြင့်က ရေလုပ်ငန်းနှင့်ပတ်သက်၍ အာမခံထားနိုင်သည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများကလည်း သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။




"ဒီရေလုပ်ငန်းက မိရိုးဖလာလုပ်ငန်းတစ်ခုလိုဖြစ်နေတယ်၊ အဓိကက ရေလုပ်သားရှားပါးမှုပြဿနာတွေ ရှိနေတယ်။ ဒါတွေကို ကြုံသလိုဖြေရှင်းနေကြတယ်။ အခုလို လုပ်ငန်းနဲ့ပတ်သက်ပြီး မျက်နှာချင်းဆိုင်ဆွေးနွေးပွဲ လုပ်ပေးတာ ကြိုဆိုပါတယ်။ အထူးသဖြင့် ငါးဖမ်းလုပ်ငန်းနဲ့ပတ်သက်တဲ့လိုက်နာရမယ့် စည်းကမ်းချက်၊ ဥပဒေ ၊ ငါးဖမ်းဧရိယာ၊ နောက်ကြိုသိသင့်တဲ့ ပင်လယ်ပြင်အမှုခင်းဆိုင်ရာ ဗဟုသုတတွေရရှိခဲ့ပါတယ်"ဟု ဒေသခံ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

မြန်မာ့ပင်လယ်ပြင်တွင် ဧရာဝတီတိုင်းဒေသကြီးအတွက် ငါးဖမ်းဧရိယာ ၄၄ ကွက် ဖမ်းဆီးခွင့်ရရှိထားသည့်အနက် ဖျာပုံမြို့နယ်အတွင်းမှ အင်္ဂလန်ကျားဖောင်လုပ်ငန်းရှင်များသည် နှစ်စဉ် ငါးဖမ်းဧရိယာ D4, D5, D9, D10 နှင့် C10 ငါးဖမ်းကွက်များ၌ အင်္ဂလန်ကျားဖောင် ငါးဖမ်းဆီးလုပ်ငန်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မကွေးတိုင်းဒေသကြီးအတွင်း စားအုန်းဆီသုံးစွဲသူ များပြားနေ

**မကွေး ဇူလိုင် ၁၈**

မြန်မာနိုင်ငံ၏ဆီအိုးကြီးဟု တင်စားခေါ်ဝေါ်ကြရသော ဆီထွက်သီးနှံများ အများဆုံးထွက်ရှိရာ မကွေးတိုင်းဒေသကြီးတွင် ပဲဆီ၊ နှမ်းဆီများ ရောင်းအားကျဆင်းလျက်ရှိပြီး စားအုန်းဆီများကိုသာ သုံးစွဲသူများပြားလျက်ရှိသည်ဟုသိရသည်။

"အရင်တုန်းက လူတွေက စားအုန်းဆီဆိုရင် ကြောက်ကြတယ်၊ ခုကျမှ ပွင့်ပွင့်လင်းလင်းပြောရရင် လူတွေလည်း ယဉ်ပါးသွားပြီပေါ့၊ ကျွန်တော်တို့စစချင်းရောင်းတော့ စားအုန်းဆီက ရောင်းရတာခက်တယ်၊ ၁၉၉၂-၁၉၉၃ ခုနှစ်လောက်ကပေါ့၊ ခုတော့ စားအုန်းဆီကို လက်လီဆိုင်တွေက ရောနှောရောင်းလာကြတယ်"ဟု မကွေးမြို့မှ ဆီစက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဆီအသုံးပြု၍ ကြော်လှော်ချက်ပြုတ်ရောင်းချသူများသည် စားအုန်းဆီများကိုသာ အသုံးပြုမှုများပြားလျက်ရှိပြီး ဈေးဆိုင်များမှ ဆီရောင်းချသူများကလည်း ပဲဆီ၊ နှမ်းဆီများတွင်ပါ စားအုန်းဆီများ ရောနှောရောင်းချကြလျက်ရှိသည်ဟု သိရသည်။

"ဆီစက်လုပ်ငန်းက အခုလုပ်ငန်းမကောင်းဘူး၊ ရောင်းအားကျလာတယ်၊ မြေပဲကလည်း အရင်နှစ်တွေကထက် ဈေးတက်ဝယ်ရတယ်၊ မြေပဲဈေးတက်တော့မြေပဲဆီကို ဦးတို့က ဈေးတက်ရောင်းတယ်၊ ဈေးတက်တော့ ဝယ်တဲ့သူက မြေပဲဆီမစားတော့ဘဲနဲ့ ဈေးချိုတဲ့ စားအုန်းဆီ ဝယ်စားကြတော့တယ်၊ တချို့ဆီဆိုင်တွေကျတော့လည်း ပဲဆီထဲကို စားအုန်းဆီရောပြီးတော့ ရောင်းကြတာတွေလည်းရှိတယ်၊ ဦးတို့ကတော့ မြေပဲဆီစစ်စစ်ကို အာမခံနဲ့ရောင်းတာဆိုတော့ တခြားဆီရောထားတာလည်းမရှိတော့ ဈေးချမရောင်းနိုင်ဘူးပေါ့၊ ရောင်းအားကတော့ အရင်တုန်းကနဲ့မတူဘူး၊ သိသိသာသာကိုကျတယ်"ဟု ရေစကြိုမြို့မှ ဆီစက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ပြည်ပမှ စားအုန်းဆီဝင်ရောက်လာမှုမှာ များပြားနေသောကြောင့်လည်း ပြည်သူများအနေဖြင့် ဈေးနှုန်းချိုသာသည့်စားအုန်းဆီကို စားသုံးမှုများပြားလာလျက်ရှိပြီး ယခုနှစ်များတွင် ပဲဆီ၊ နှမ်းဆီကြိတ်ရောင်းသည့်ဆီစက်များမှာ လုပ်ငန်းမကောင်းသဖြင့် လုပ်ငန်းလုပ်ကိုင်သူလည်း နည်းပါးလာလျက်ရှိသည်ဟု သိရသည်။

ဆီစက်လုပ်ငန်းကို နှစ် ၂၀ ကျော် လုပ်ကိုင်လာခဲ့သော မကွေးမြို့မှ ဆီစက်ပိုင်ရှင်ဦးစောလှဖေက "ဆီလုပ်ငန်းလုပ်တာ နှစ် ၂၀ ကျော်ပြီ၊ အရင်ကတော့ စားအုန်းဆီ သိပ်မဝင်သေးတော့ လုပ်ငန်းကောင်းတာပေါ့၊ မြန်မာနိုင်ငံက တန်ခုနစ်သောင်းကျော် စားအုန်းဆီသွင်းတယ်၊ နိုင်ငံခြားက သွင်းတာပေါ့၊ နိုင်ငံတွင်းစားသုံးမှုက တန်တစ်သိန်းကျော်ရှိတယ်၊ နိုင်ငံတွင်း ထုတ်လုပ်နိုင်တာက တန်သုံးသောင်းကျော်လောက်ပဲ ရှိတာပေါ့"ဟု ပြောသည်။

စားအုန်းဆီတစ်ပိဿာလျှင်ကျပ် ၁၆၀၀ ခန့်ဈေးရှိပြီး မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၄၇၀၀ ခန့်၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၅၀၀၀ ခန့်ရှိကာ ပဲဆီ၊ နှမ်းဆီထဲတွင် စားအုန်းဆီရောထားသော ရောဆီမှာမူ ရောသည့်ပမာဏ အနည်းအများအပေါ်မူတည်ကာ ဈေးနှုန်းအမျိုးမျိုးရှိသည်ဟု သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

## သတင်းတိုများ

### မိုးညှင်း၌သမဝါယမအသင်းများသို့ချေးငွေကျပ်သန်း ၂၇၀၀ ကျော် ပေးအပ်

မိုးညှင်းမြို့နယ်အတွင်းရှိ သမဝါယမအသင်းများသို့ အသေးစား အရင်းအနှီးချေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးတင့်လွင်က Exim Bank မှ ချေးငွေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သမဝါယမအသင်းများအတွက် အသေးစားအရင်းအနှီးချေးငွေ ကျပ် ၂၇၄၉ ဒသမ ၁၆၅၆ သန်းကို လွှတ်တော်ကိုယ်စားလှယ်က သမဝါယမအသင်းစုဥက္ကဋ္ဌထံပေးအပ်ပြီး ဇန်နဝါရီလအတွင်းက ချေးငွေများကို အစောဆုံးပြေကျေစွာ ပြန်လည်ပေးအပ်ပြီးသည့် သမဝါယမအသင်း ငါးသင်းကိုလည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ခဲ့သည်။

**ဗထူး**

### တွံတေး၌ လက်သမားသင်တန်းဆင်း

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရွာသစ်ကြီးကျေးရွာ အညာစုကျောင်းကြီးဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၅ ရက်မှ ၁၇ ရက်အထိ ၁၄ ရက်ကြာ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းဆင်းပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရသူများအား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးက ဆုများချီးမြှင့်ပေးခဲ့သည်။

**မျိုးလှိုင် (တွံတေး)**

### စလင်း၌ စားသုံးသူရေးရာများ ပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စုစုထွန်းနှင့် တာဝန်ရှိသူများကြီးမှူး၍ စလင်းမြို့နယ် တောစိမ့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စားသုံးသူရေးရာအကြောင်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး၊ ခရိုင်ဒုတိယဦးစီးမှူး ဦးဝင်းမြင့်သောင်းနှင့် စလင်းမြို့နယ်တာဝန်ခံ ဦးဆန်းလင်းမောင်တို့က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စားသောက်ကုန်ပစ္စည်းများ ဝယ်ယူစားသုံးရာတွင် သတိပြုရမည့်အချက်များဖြစ်သော စားသောက်ကုန်ပစ္စည်းများ သက်တမ်းလွန်နေခြင်း ရှိမရှိ၊ ထုတ်လုပ်ရက်နှင့် ကုန်ဆုံးရက်များပါဝင်မှု ရှိ မရှိ၊ ဓာတုဆိုးဆေးများ ပါဝင်မှုရှိမရှိ စသည်တို့ကို သတိပြုရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာနှင့်ပတ်သက်သည့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### ဆိပ်ဖြူမြို့နယ်တွင် ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် လက်ဆည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းကို လက်ဆည်ကျေးလက်ကျန်းမာရေးဌာနခွဲမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်နီနီလင်းကျော်နှင့် ဝန်ထမ်းများက ဇူလိုင် ၁၇ ရက်တွင် ဆောင်ရွက်ပေးခဲ့သည်။ ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာများ၊ လက်ဆေးနည်း၊ သန့်ရှင်းသော အစားအစာများနှင့် အင်အားဖြစ်စေသော အစားအစာများအကြောင်းစသည်တို့ကို အသိပေးဟောပြောပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၄၂၀ ခန့်အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်နှင့် အရပ်တိုင်းပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေဖို့ အပိုင်း(၅)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူ တပ်ဆင်ပေးသည့် လျှပ်စစ်လုပ်သားများနှင့် လျှပ်စစ်ဓာတ်အား ရယူသုံးစွဲသူတို့သည် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ဖော်ပြပါ သတိမှတ်ချက်များကို လိုက်နာကြရန် လိုအပ်သည်။

၁။ လျှပ်စစ်ဓာတ်အားကို အသုံးပြုသူ၏ ပိုင်နက်အတွင်း မီးလုံးများ၊ ပန်ကာများ၊ ဒဏ်ခံကြိုးများနှင့် အခြားတပ်ဆင်ထားသော ကိရိယာများ၏ ပင်ကိုစွမ်းပကား တစ်နည်းဆိုရသော် အသွင်လက္ခဏာများကို မပြောင်းလဲသည့် ဆောင်ရွက်မှုမျိုးမှလွဲ၍ လက်ရှိလျှပ်စစ်သွယ်တန်းတပ်ဆင်ထားခြင်းကို တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များ အပါအဝင် မည်သည့် လျှပ်စစ်ဆက်သွယ်တပ်ဆင်ခြင်းလုပ်ငန်းကိုမဆို လျှပ်စစ်စစ်ဆေးရေးဌာနက ထုတ်ပေးထားသည့် လျှပ်စစ်ကျွမ်းကျင်မှုမှတ်ပုံတင်လက်မှတ်ရရှိပြီးသော လုပ်သားများမှအပ မည်သူမျှ ဆောင်ရွက်ခြင်းမပြုရ။

၂။ အထက်အပိုဒ် ၁ ပါ နည်းလမ်းကို ဆန့်ကျင်၍ ဆောင်ရွက်ထားသော လျှပ်စစ်တပ်ဆင်မှုအားလုံးကို လျှပ်စစ်ဆိုင်ရာလုပ်ပိုင်ခွင့်ရရှိသူက လျှပ်စစ်ဓာတ်အား ဆက်သွယ်ပေးခြင်းမပြုရ။

၃။ အဆောက်အအုံအတွင်း၌ ဖြစ်စေ၊ အဆောက်အအုံ၏ အနီးအပါး၌ဖြစ်စေ အကာမဲ့ဓာတ်ကြိုးများရှိနေလျှင် ယင်းဓာတ်ကြိုးများကို ပိုင်ဆိုင်သူသည် လှေကား သို့မဟုတ် အခြားအကူအညီပစ္စည်းမပါဘဲ အကာမဲ့ဓာတ်ကြိုးများကို လွယ်လင့်တကူ ကိုင်တွယ်၍မရအောင် တာဝန်ယူရမည်။

၄။ အကာမဲ့ ဓာတ်ကြိုးကို အဆောက်အအုံအတွင်း၌ တပ်ဆင်အသုံးပြုလိုလျှင် လိုအပ်သည့်အခါ ဓာတ်အားမရှိအောင် အလွယ်တကူ ပြုလုပ်နိုင်ရေးအတွက် ဖွင့်/ပိတ်ခလုတ်များကို လက်လှမ်းမီသော နေရာတွင်ထားရမည်။

၅။ လျှပ်စစ်စစ်ဆေးရာဌာနက လိုအပ်သည်ဟု ယူဆသော အခြားအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်မှုများကိုလည်း လိုက်နာ လုပ်ဆောင်ရမည်။

၆။ လျှပ်စစ်ဓာတ်ကြိုးနှင့် လျှပ်စစ်ကိရိယာများကို ကိုင်တွယ်၍ အလုပ်လုပ်နေစဉ် မတော်တဆဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ ထိုပစ္စည်းများသို့ ဓာတ်အားကျရောက်ပြီး အန္တရာယ်မဖြစ်ပေါ်စေရန် ဓာတ်ကြိုးတစ်ခုခု သို့မဟုတ် လျှပ်စစ်ပစ္စည်းတစ်ခုခုကို ကိုင်တွယ်ခြင်းမပြုမီ မြေဓာတ်ချခြင်းဖြင့် သော်လည်းကောင်း၊ အခြား သင့်လျော်သောနည်းဖြင့် သော်လည်းကောင်း၊ ယင်းဓာတ်ကြိုး သို့မဟုတ် လျှပ်စစ်ပစ္စည်းများသို့ မတော်တဆကျရောက်လာမည့် ဓာတ်အားကို ထုတ်ပစ်နိုင်အောင် ကြိုတင်ကာကွယ်မှု ပြုလုပ်ထားရမည်။

၇။ ဓာတ်အားရှိသော ဝိုင်ယာကြိုးနှင့် ကိရိယာများတွင် တရားဝင် တာဝန်ပေးအပ်ထားသူမှအပ မည်သူမျှ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။ ယင်းပုဂ္ဂိုလ်ကိုလည်း မည်သူမျှဝင်ရောက်ကူညီခြင်းမပြုရ။ ဓာတ်အားရှိသော ဝိုင်ယာကြိုးနှင့် ကိရိယာများကို ဆက်သွယ်တပ်ဆင်သူ၊ တိုးချဲ့သူနှင့် ပြင်ဆင်ထိန်းသိမ်းသူတို့သည် လျှပ်စစ်စစ်ဆေးရေးဌာနက သတ်မှတ်ထားသည့် လျှပ်စစ်အန္တရာယ် ကာကွယ်မှုများကို လိုက်နာရမည်။

၈။ ဗို့အားမြင့် ဓာတ်တိုင်များပေါ်တွင် တပ်ဆင်ထားသော ကြေးနန်းဆက်သွယ်ရေးကြိုးပေါ်၌ အလုပ်လုပ်သည့်အခါ ယင်းကြေးနန်းဆက်သွယ်ရေး ကြိုးများကို ဗို့အားမြင့်ကြိုးများဟု မှတ်ယူရမည်။

၉။ လျှပ်စစ်ကြောင့် လောင်ကျွမ်းသောမီးများကို ငြိမ်းသတ်ရန်အတွက် သင့်လျော်သော မီးသတ်ဆေးဘူးကိရိယာများအပြင် ချက်ချင်းအလွယ်တကူမီးငြိမ်းသတ်နိုင်ရန် သန့်စင်ခြောက်သွေ့သော သဲများဖြည့်ထားသည့် လက်ဆွဲသံပုံးများကို ထင်ရှားစွာ အမှတ်အသားပြုလုပ်၍ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲစက်ရုံများ၏ အဆောက်အအုံများအနီးတွင် အဆင်သင့် ထားရှိရမည်။

၁၀။ ၁၉၅၁ ခုနှစ် အလုပ်ရုံများ၏ အက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ ၃ နှင့် အကျုံးဝင်သော လျှပ်စစ်ဓာတ်အား အသုံးပြုသည့် စက်ရုံများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများနှင့် လျှပ်စစ်ဓာတ်အားရယူသုံးစွဲသည့် အခြားနေရာများတွင် မြင်လွယ်သောနေရာများ၌ လျှပ်စစ်ဓာတ်လိုက်ခံရသူများအား ပြုစုရမည့် ညွှန်ကြားချက်များကို မြန်မာဘာသာဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲ ထားရမည်။

၁၁။ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်ဓာတ်အားအသုံးပြုသည့်စက်ရုံများ၊ အလုပ်ရုံများနှင့် အခြားနေရာများတွင် လျှပ်စစ်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာ၌ လျှပ်စစ်လုပ်သားများသည် အန္တရာယ်ကင်းရှင်းစွာနှင့် ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရမည်။

၁၂။ အလတ်စားနှင့် ဗို့အားမြင့် လျှပ်စစ်တပ်ဆင်ခြင်း ကိစ္စရပ်များ၌ မော်တာများ၊ လျှပ်ထုတ်စက်များ၊ လျှပ်တာပြောင်းကိရိယာများ၊ လျှပ်စစ်ထိန်းချုပ်ခြင်း သို့မဟုတ် ညှိခြင်းအတွက် အသုံးပြုသော ကိရိယာများ၊ ဗို့အားမြင့် ကောင်းကင်ဓာတ်ကြိုးတပ်ဆင်သည့် ဓာတ်တိုင်များအားလုံး၏ မြင်လွယ်သောနေရာများတွင် မြန်မာဘာသာဖြင့် အန္တရာယ်ဟူသော စာလုံးများ ရေးသားထားသည့် သတိပေးကြော်ငြာကို အမြဲတမ်း ချိတ်ဆွဲထားရမည်။

၁၃။ အကယ်၍ မော်တာ၊ လျှပ်ထုတ်စက်၊ လျှပ်တာပြောင်းကိရိယာနှင့် အခြားကိရိယာများကို အဆောက်အအုံတစ်ခုတည်းအတွင်း၌ တပ်ဆင်အသုံးပြုလျှင် အဆိုပါ အဆောက်အအုံ၏ မြင်လွယ်သောနေရာတွင် မြန်မာဘာသာဖြင့် အန္တရာယ်ဟူသော စာလုံးများရေးသားထားသည့် သတိပေးကြော်ငြာကို အမြဲတမ်း ချိတ်ဆွဲထားရမည်။

၁၄။ မည်သည့် လျှပ်စစ်ဓာတ်ကြိုး၊ လျှပ်စစ်ကိရိယာများတွင်မဆို လျှပ်စစ်ဓာတ်အား ရှိ မရှိ တိကျစွာမသိခဲ့လျှင် လျှပ်စစ်ဓာတ်အား ရှိသည်ဟူသာ မှတ်ယူရမည်။

**လျှပ်စစ်စွမ်းအားနှင့် အီလက်ထရွန်နစ်ပညာ**

လျှပ်စစ်ဓာတ်အားကို စတင်ထုတ်လုပ်ခဲ့စဉ်က လျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းဖြင့် မီးအလင်းရောင်ရရှိရန်နှင့် မော်တာများလည်ပတ်ရန်အတွက်သာ အဓိကရည်ရွယ်ခဲ့ကြသော်လည်း ရေဒီယိုသိပ္ပံပညာ တိုးတက်ထွန်းကားလာမှုကြောင့် လျှပ်စစ်ဓာတ်အား အနည်းငယ်မျှသုံးစွဲရုံဖြင့် လုပ်ငန်းပမာဏ များစွာပြီးမြောက်စေနိုင်သော အီလက်ထရွန်နစ်ပစ္စည်းများကို ဆက်လက်တီထွင်နိုင်ခဲ့ကြသည်။

အင်္ဂလိပ်လူမျိုး ဓာတုဗေဒနှင့် ရူပဗေဒပညာရှင် မိုက်ကယ်ဖာရာဒေးသည် ဒိုင်နမိုကို တီထွင်ခဲ့ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ထို့ပြင် ဖာရာဒေးသည် လျှပ်စစ်ထရန်စဖော်မာကိုပါ တီထွင် ကြံဆပေးခဲ့ပြီး လျှပ်စစ်ဓာတ်အား



ပို့ဆောင်ဖြန့်ဖြူးခြင်းနှင့် ရယူသုံးစွဲခြင်း ခေတ်သစ်ကို ထူထောင်နိုင်ခဲ့သည်။

လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ခြင်းမရှိခဲ့သော်လည်း ကောင်းကင်တိမ်တိုက်များ၏အောက်ခြေရှိ လျှပ်စစ်အမဓာတ်နှင့် မြေပြင်ရှိ လျှပ်စစ်အဖိုဓာတ်တို့၏ သဘောသဘာဝကို လေ့လာတွေ့ရှိခဲ့သော အမေရိကန်လူမျိုး စာရေးဆရာနှင့် သိပ္ပံပညာရှင်ဖြစ်သည့် ဘင်ဂျမင်ဖရန်ကလင်သည် မိုးကြိုးလွှဲကို ဦးစွာတီထွင်အသုံးချနိုင်ခဲ့သည်။ အမေရိကန်လူမျိုး တီထွင်သူ ပညာရှင် ဆင်မြူရယ်ဖင်လီဗရိစ်မော့စ် ဆိုသူကလည်း ဒီစီလျှပ်စစ်ဓာတ်အားကိုအသုံးပြုကာ သင်္ကေတဖြင့် သတင်းပို့ဆက်သွယ်နည်းကို တီထွင်ခဲ့သည်။ တီထွင်သူမော့စ်ကို ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါ သတင်းပို့သင်္ကေတကို မော့စ်သင်္ကေတဟု ယနေ့ထိတိုင် ခေါ်ဝေါ်သုံးစွဲနေကြဆဲ ဖြစ်သည်။

ယင်းနောက် အီတလီလူမျိုး ဂူးဂလီမိုးမာကိုနီက ရေဒီယိုအချက်ပြစနစ်ကို လေထဲသို့လွှင့်ခြင်းနှင့် ကြိုးမဲ့ကြေးနန်းစက်ဖြင့် သတင်းပို့ခြင်းကို တီထွင်ခဲ့ပြီး ရေဒီယိုသိပ္ပံခေတ်ကို အစပျိုးခဲ့သည်။ တစ်ဖန် အမေရိကန်လူမျိုး သိပ္ပံပညာရှင် အလက်ဇန္ဒာဂရေဟမ်ဘဲလ်က ဒီစီလျှပ်စစ်ကိုပင်အသုံးပြုကာ စကားပြောကြေးနန်းခေါ် တယ်လီဖုန်းကို အောင်မြင်စွာ စမ်းသပ်တီထွင်နိုင်ခဲ့သည်။

အထက်ပါ တီထွင်သူပုဂ္ဂိုလ်များ၏ ကျေးဇူးကြောင့် ရေဒီယိုသိပ္ပံ ပညာရပ်များမှသည် အီလက်ထရွန်နစ်ပညာရပ်များဆီသို့ တဖြည်းဖြည်းချင်း ကူးပြောင်းလာခဲ့သည်။ နှစ်ဆယ်ရာစု၏ အလယ်ပိုင်းလွန် ကာလခန့်မှစ၍ အီလက်ထရွန်နစ် ပညာရပ်များ တိုးတက်ထွန်းကားလာခဲ့ပြီး အီလက်ထရွန်နစ်ဆိုင်ရာ ပစ္စည်းများဖြစ်သည့် ကက်ဆက်ရီကော်ဒါ၊ ရုပ်/သံဖမ်းစက်၊ ရုပ်/သံဖွင့်စက်၊ အိမ်သုံးနှင့် လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများစွာတို့ကို ထုတ်လုပ်အသုံးပြုနိုင်ခဲ့ကြသည်။

နှစ်ဆယ်ရာစု၏ နှောင်းပိုင်းတွင်မူ အီလက်ထရွန်နစ် နည်းပညာရပ်များ တစ်ဟုန်ထိုး ပြောင်းလဲတိုးတက်လာခဲ့သည့်အတွက် လူ့အသုံးအဆောင် လျှပ်စစ်ပစ္စည်းများ၏ ထုတ်လုပ်မှုနည်းပညာများကလည်း ထူးခြားစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

အီလက်ထရွန်နစ်နည်းပညာ၏ ပြောင်းလဲတိုးတက်မှုပြယုဂ်တစ်ခုဖြစ်သော ကွန်ပျူတာများသည် ပညာရေး၊ စီးပွားရေး၊ လူထုဆက်သွယ်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် လူသားအထောက်အကူပြု လုပ်ငန်းများအားလုံး၏ အဓိကနေရာများတွင် ဝင်ရောက်နေရာယူလျက် ရှိနေကြသည်။

အီလက်ထရွန်နစ် နည်းပညာရပ်များ မည်သို့ပင်ပြောင်းလဲတိုးတက်နေစေကာမူ အီလက်ထရွန်နစ်ပစ္စည်းများကို သုံးစွဲနိုင်ရန် တစ်နည်းဆိုရသော် အီလက်ထရွန်နစ်ပစ္စည်းများအား အလုပ်လုပ်စေရန် အခြေခံအားဖြင့် လျှပ်စစ်ဓာတ်အားကို လိုအပ်သည်။ အီလက်ထရွန်နစ်ပစ္စည်းများ ပိုမိုများပြားလာလေ လျှပ်စစ်ဓာတ်အား သုံးစွဲမှုပမာဏလည်း ပိုမိုမြင့်တက်လာလေဖြစ်သည်။ မျက်မှောက် အီလက်ထရွန်နစ်ခေတ်တွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏမှာ ကိန်းဂဏန်းအားဖြင့် ပိုမိုကြီးမားလျက်ရှိနေသည်။

အီလက်ထရွန်နစ်ပစ္စည်းများ၏ အခြေခံလိုအပ်ချက်မှာ လျှပ်စစ်ဓာတ်အားပင်ဖြစ်သည့်အားလျော်စွာ ယနေ့မျက်မှောက် အီလက်ထရွန်နစ်ခေတ်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့ဆောင်ဖြန့်ဖြူးခြင်းနှင့် ရယူသုံးစွဲခြင်း နယ်ပယ်အသီးသီးတို့တွင် အန္တရာယ်ကင်းရှင်းရေးသည် အဓိကအခန်းကဏ္ဍ၌ ရှိနေသည်။ နောင်တွင်လည်း ယခုထက်ပို၍ ပြောင်းလဲတိုးတက်လာဦးမည်ဖြစ်ရာ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးသည် အနာဂတ်ကာလတွင်လည်း အရေးကြီးနေဦးမည်သာ ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သုံးစွဲနေသရွေ့ကာလပတ်လုံး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်အန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအစီအမံများကို အစဉ်အမြဲဆောင်ရွက်နေကြရဦးမည်သာ ဖြစ်သည်။ ။

---

**ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ ကမာရွတ်မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းမှ စတုတ္ထတန်း ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေစဉ်။**

ထင်ပေါ်ဝင်း(ကမာရွတ်)



## ကမမောင်းမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**ကမမောင်း ဇူလိုင် ၁၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့မှ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၇ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ရေးမှူး ဦးကျော်သူက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးက ကမမောင်းမြို့သို့ လှိုင်းဘွဲ့မြို့နယ် ကမ်းနီကျေးရွာ ဓာတ်အားခွဲရုံမှ ၃၃ ကေဗွီလျှပ်စစ်ဓာတ်အားလိုင်းရောက်ရှိနေပြီဖြစ်သဖြင့် မကြာမီရက်ပိုင်းအတွင်း ၂၄ နာရီလျှပ်စစ်မီး အသုံးပြုရတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဆောင်ရန်ရှောင်ရန်အချက်များ၊ သတိပြုဆင်ခြင်ရမည့်အချက်များကို ပြည်သူများသိရှိပြီး အန္တရာယ်မကင်းသည့် အပြုအမူများကို ရှောင်ရှားနိုင်ရန် ပညာပေးဟောပြောပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၀.၄ ကေဗွီ လိုင်းကြိုးများ၊ ထရန်စဖော်မာများတွင် လျှပ်စစ်ဓာတ်အား အစမ်းလွှတ်ထားပြီဖြစ်၍ အိမ်များမှ ဓာတ်ကြိုးနှင့်မလွတ်ကင်းသည့် သစ်ပင်များ ခုတ်ရှင်းလိုလျှင် ပြည်သူများအနေဖြင့် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အကြောင်းကြား အသိပေးစေလိုကြောင်း ပညာပေးဟော ပြောခဲ့သည်။

ဆက်လက်၍ လျှပ်စစ်အင်ဂျင်နီယာမှူးက အလင်းရောင်စီမံချက်(One Stop Service) စနစ်ဖြင့် နေ့ချင်းပြီး အိမ်သုံးမီတာများ တပ်ဆင်ပေးခြင်းနှင့် လျှပ်စစ်မီတာ



အသုံးပြုခများပေးသွင်းခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ဟောပြောပွဲတက်ရောက်လာသည့် ပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် မြို့လျှပ်စစ်အင်ဂျင်နီယာမှူးတို့က ပြန်လည်ရှင်းပြဖြေကြားခဲ့သည်။ ထို့နောက် မြို့နေပြည်သူများထံသို့ လျှပ်စစ် အန္တရာယ်သတိပေး လက်ကမ်းစာစောင်များကိုလည်း လျှပ်စစ်ရုံးဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီး မြေယာခွန်ဥပဒေရေးဆွဲရန် လယ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံ

**မြင်းမူ ဇူလိုင် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မြေယာခွန်ဥပဒေ(မူကြမ်း) ရေးဆွဲနိုင်ရေးအတွက် တိုင်းဒေသကြီးလွှတ်တော် တာဝန်ရှိသူများနှင့် ဒေသခံ တောင်သူလယ်သမားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က မြင်းမူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်သစ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသန်းလှိုင်က မြေယာခွန်တိုးမြှင့်ကောက်ခံနိုင်ရေးလုပ်ငန်းများ၊ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲကောက်ခံခြင်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြေယာခွန်တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ ယခင် အင်္ဂလိပ်အစိုးရလက်ထက်က သတ်မှတ်ထားသည့် မြေယာခွန်များအပေါ် ပြောင်းလဲကောက်ခံရန်နှင့် သင့်တော်သည့် ဆပွားနှုန်းဖြင့် ကောက်ခံရန် ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ဒေသခံ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးချက်များတွင် မြေယာခွန်နှုန်းထားအပေါ် လယ်ယာမြေတစ်ကေလျှင် အဆ ၁၀၀ သို့မဟုတ် ၂၀၀ သတ်မှတ်ခြင်း၊ တန်ဖိုးမြှင့်သီးနှံ မြေခွန်ကောက်ခံရေး၊ မြေယာခွန်စည်းကြပ်ရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) အမည်ပေါက်သည့်တောင်သူများအပေါ် ကောက်ခံခြင်း၊ ပုံစံ(၇)မရှိသည့်တောင်သူများအား မြေပြင်တွင် အမှန်တကယ်စိုက်ပျိုးသည့်အပေါ် ကောက်ခံခြင်း စသည့်အချက်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **အောင်စိုးဖေ(မြင်းမူ)**

## စားသောက်သုံးစွဲရန်မသင့်သော စားသောက်ကုန်များကို ကျောက်ပန်းတောင်းမြို့၌ မီးရှို့ဖျက်ဆီး

**ကျောက်ပန်းတောင်း ဇူလိုင် ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန(မြို့နယ်တာဝန်ခံရုံး)က မြို့မစည်ပင်သာယာဈေးနှင့် တမ္ပဝတီဈေးသစ်ကြီးတို့တွင် လိုက်လံစစ်ဆေးရာ သိမ်းဆည်းရရှိသည့် စားသောက်သုံးစွဲရန်မသင့်သော စားသောက်ကုန်ပစ္စည်းများကို ဇူလိုင် ၁၇ ရက်က မြို့အရှေ့ရှိ စည်ပင်သာယာအမှိုက်ကျင်း၌ စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန(မြို့နယ်တာဝန်ခံရုံး)အနေဖြင့် ပူးပေါင်းအဖွဲ့အစည်းများဖြစ်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကျန်းမာရေးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် သက်ဆိုင်ရာဈေးကော်မတီများနှင့်အတူ မြို့မစည်ပင်သာယာဈေးနှင့် တမ္ပဝတီဈေးသစ်ကြီးတို့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ထုတ်ပြန်ကြေညာထားသည့် စားသုံးရန်မသင့်သော ကုန်ပစ္စည်းများဖြစ်သည့် ရွှေဟသာ်အရောင်တင်မှုန့်ထုပ်များ၊ မုန့်များ၊ မိတ်ကပ်နှင့် အလှကုန်ပစ္စည်းများ၊ သက်တမ်းလွန် အချိုရည်မျိုးစုံ၊ နို့ဆီနှင့် နို့ဘူးများကို သိမ်းဆည်းခဲ့ပြီးနောက် အဆိုပါ သိမ်းဆည်းရရှိသည့် အစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများကို မြို့အရှေ့စည်ပင်သာယာအမှိုက်ကျင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ရှေ့မှောက်တွင် စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**

## တနသ်ာရီမြို့နယ်တွင် မြစ်ရေကြီး၍ အိမ်ထောင်စုများ ရေလွတ်ရာသို့ရွှေ့ပြောင်းရ

**တနင်္သာရီ ဇူလိုင် ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေများလျှံတက်လာခဲ့ကာ ဇူလိုင် ၁၇ ရက် နံနက် ၆ နာရီခန့်မှစ၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ နေအိမ်များတွင် ရေများဝင်ရောက်လာမှုကြောင့် ရေဝင်သည့်အိမ်များမှ ပြည်သူများအနေဖြင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေထိုင်ရလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၁၇ ရက် နံနက် ၆ နာရီ တိုင်းထွာချက်အရ တနင်္သာရီမြစ်ရေသည် ၁၉ ပေ ၆လက်မ ရှိနေပြီး မြို့၏ စိုးရိမ်ရေအမှတ်အထက် ၂ ပေ ၆လက်မ ကျော်လွန်မြင့်တက်လျက်ရှိရာ မြစ်ကမ်းတစ်လျှောက် ရပ်ကွက်များမှ နေအိမ်များတွင် ရေဝင်နစ်မြုပ်မှုကို ကြုံရခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ရေဝင်နစ်မြုပ်မှုများကြောင့် သူဌေးအနောက်ကျေးရွာမှ အိမ်ထောင်စုခြောက်စုသည် ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း၊ ဘန်သဲကျေးရွာမှ အိမ်ထောင်စု ၁၀စုသည် ကျေးရွာဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ လယ်တောင်ယာရွာမှ အိမ်ထောင်စုတစ်စုသည် ဆွေမျိုးများနေအိမ်သို့လည်းကောင်း ပြောင်းရွှေ့နေထိုင်နေရသည်။

ချောင်းငယ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်စည်ဖြိုးက "ကယ်ဆယ်ရေးစခန်း သုံးခု ဖွင့်လှစ်ထားပါတယ်၊ အခုရေကြီးနစ်မြုပ်တာက ချောင်းငယ်ရပ်ကွက်က သီတာလမ်း၊ မွန်စု၊ တပ်ဦးတို့မှာ နေအိမ် ၃၀ ရေနစ်မြုပ်နေတယ်၊ ချောင်းကြီးရပ်ကွက်မှာ ရွှေလိပ်ပြာ၊ တိုးချဲ့(၁)၊ (၂)၊ (၃)၊ (၅) နဲ့ ဆေးရုံကုန်းက မြေနိမ့်ပိုင်းရပ်ကွက်တွေက နေအိမ်တွေနစ်မြုပ်လို့ ပြောင်းရွှေ့တာတွေရှိတယ်၊ ကယ်ဆယ်ရေးစခန်းက ချောင်းကြီးရပ်ခန်းမမှာ တစ်ခု၊ ချောင်းငယ်ရပ်ကွက် ရိပ်သာကျောင်းမှာ တစ်ခုနဲ့ ဘန်သဲကျေးရွာမှာ တစ်ခုပါ၊ ရေကြီးနစ်မြုပ်တာက မြို့ပေါ်မှာ မွန်စု၊ တပ်ဦးနဲ့ ရွှေလိပ်ပြာစက်မှုဇုန်၊ ဆေးရုံကုန်း၊ တိုးချဲ့(၁)၊ (၂)၊ (၃)၊ (၅) ရပ်ကွက်တွေနဲ့ ကျေးရွာတွေက ဘန်သဲ၊ ပျို့အိုင်၊ မြေမအုံ၊ မြန်မာ့အင်းတော်၊ ချောင်းလမု၊ မော်တုန်း၊ သူဌေးကုန်း၊ တလိုင်းတပ်၊ ဇဝဲ၊ အရှေ့မော်တုံ၊ အန်တာပြင်နဲ့ ထုံးနွယ် စုစုပေါင်း ၁၃ ရွာမှာ ရေကြီးနစ်မြုပ်နေပါတယ်"ဟု ပြောသည်။

အဆိုပါ ရေဘေးသင့်အိမ်ထောင်စုများအတွက် နေထိုင်စားသောက်ရေးကို မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူကာ ဆန်၊ သောက်ရေနှင့် အခြားစားသောက်ဖွယ်ရာများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်က သွားရောက်ထောက်ပံ့ရန် စီစဉ်ထားကြောင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း ရွှေ့ပြောင်းရသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်

## မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၄ ဦးကို တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် ဇူလိုင် ၁၈**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၄ ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇူလိုင် ၁၇ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။




မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် လိုအပ်သည်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဝင် CNCMC တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမား ၁၄ ဦး အပါအဝင် အမျိုးသား ၃၉၉ ဦး၊ အမျိုးသမီး ၁၈၀ နှင့် ကလေး ၂၁ ဦး စုစုပေါင်း ၆၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး၌ တစ်နှစ်တာအတွင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့

**မကွေး ဇူလိုင် ၁၈**

တည်ဆဲဥပဒေများအရ ရရှိနိုင်သည့်အခွင့်အရေးများကို ပြည်သူများ ပြည့်ဝစွာခံစားခွင့်ရရှိစေရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သက်တမ်း ဒုတိယတစ်နှစ်ကာလအတွင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့ပြီး သိသာထင်ရှားစွာ တွေ့မြင်နိုင်သည့်အောင်မြင်မှုများ၊ မတွေ့မြင်နိုင်သည့်အောင်မြင်မှုများရှိခဲ့သလို စိန်ခေါ်မှုများနှင့် ရှန်းကန်ရဆဲလုပ်ငန်းစဉ်များလည်းရှိကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

### ဆည်၊ တမံ လုပ်ငန်းများ

ဒုတိယ(၁)နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်များအတွက် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၇ ရက်က ပြုလုပ်ခဲ့ပြီး ဒေသတွင်းမီဒီယာများ၏ မေးမြန်းချက်များကို အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။ စိုက်ပျိုးရေရရှိရေးနှင့် သီးနှံထွက်ကုန်တိုးတက်ရေးအတွက် ကျေးလက်ဆည်ကန်များ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့အတွက် တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်း ၆၆၀၆ ဒသမ ၂၂၆ ဖြင့် လုပ်ငန်းပေါင်း ၁၉၃ ခု၊ ရေနံလက်ယက်တွင်းတိမ် ရန်ပုံငွေ ကျပ် ၆၈ ဒသမ ၂ သန်းဖြင့် ရွှေစက်တော်မင်္ဂလာကန် လျှိုပိတ်တမံတစ်ခုနှင့် အထွေထွေပိုလျှံရန်ပုံငွေ ကျပ် ၁၇ သန်းဖြင့် ဝက်သည်းကန်တာပေါင်အုတ်စီခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၌ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၂၈၄၃ ဒသမ ၄၁၃ သန်းဖြင့် လုပ်ဆောင်ခဲ့ကြောင်း ရှင်းလင်းပွဲမှ သိရသည်။

### လမ်းလုပ်ငန်းများ

ကျေးလက်ဒေသများတွင် တွင်းတိမ်၊ လက်တူးကန်၊ မြေသားရေကန်၊ စိမ့်စမ်းနှင့် အခြားလုပ်ငန်း ၃၉၈ ခုတို့အတွက် ငွေကျပ် ၄၃၆၂ ဒသမ ၆၃၃၉ သန်း အသုံးပြုတည်ဆောက်ပေးခဲ့ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၂၆ ရုံးကို ငွေကျပ် ၂၆၉ ဒသမ ၈ သန်း အသုံးပြုတည်ဆောက်ခဲ့သည်ဟုလည်း သိရသည်။

### ကျန်းမာရေးကဏ္ဍ

ပြည်သူ့ကျန်းမာရေးကဏ္ဍအတွက် ကျေးလက်ကျန်းမာရေးဌာန ၁၆ ခု ၊ ဌာနခွဲ ၉၆ ခုကို ပြည်ထောင်စုရန်ပုံငွေ ကျပ် ၈၄၄၈ ဒသမ ၃၄၅ သန်း အသုံးပြုတည်ဆောက်ခဲ့ပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၁၄ ခုကို ငွေကျပ် ၂၂၃၉ ဒသမ ၆၈၆ သန်း အသုံးပြုကာ ပြင်ဆင်ထိန်းသိမ်းခဲ့ကြောင်း ၊ တိုက်နယ်ဆေးရုံ ၁၀ ခုရှိ တိုးချဲ့လူနာဆောင်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဆေးစတိုနှင့် ခွဲစိတ်ဆောင်ဆောက်လုပ်ခြင်းတို့အပြင် တိုက်နယ်ဆေးရုံ ၇၀ ၊ မြို့နယ်ဆေးရုံ ၂၅ ရုံ နှင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံသုံးရုံတို့အတွက် ဆေးဝါး၊ ဓာတ်ခွဲခန်းသုံး၊ ဓာတ်မှန်သုံးပစ္စည်းများကို ခွင့်ပြုရန်ပုံငွေများဖြင့် ဖြည့်တင်းနိုင်ခဲ့ကြောင်း၊ အခြားထောက်ပံ့မှုများစွာလည်းရှိနေကြောင်း ရှင်းလင်းပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူ၏ပြောကြားချက်အရ သိရသည်။

### ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍတွင် အခြေခံပညာရုံး ၁၂ ရုံး ၊ အထက ၉၉ ကျောင်း ၊ အလက ၁၉၅ ကျောင်း ၊ မူလတန်း ၃၇၃ ကျောင်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး အခြေခံပညာကျောင်း ၁၀၁၂ ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးသည့် ဆရာ ဆရာမများအတွက် ကျပ် ၃၀၃ သိန်းကျော် ထောက်ပံ့ချီးမြှင့်ပေးခဲ့ကြောင်းလည်း ရှင်းလင်းပွဲမှ သိရသည်။

### အခြားဆောင်ရွက်မှုများ

အခြားဆောင်ရွက်မှုများအနေဖြင့် တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေး ၆၁၅ ကြိမ်အတွက် ငွေကျပ်သိန်းပေါင်း ၁၀၁၈၀သိန်းကျော်ထောက်ပံ့ခြင်း၊ မြို့နယ်များတွင် ဝန်ထမ်းအိမ်ရာ ခုနစ်လုံး၊ အခန်းပေါင်း ၃၂၅ ခန်း စီစဉ်ပေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုပေးနိုင်ရန် e-Government သင်တန်းများဖွင့်လှစ်ခြင်း၊ အမှိုက်သိမ်းယာဉ်များ ၊ မီးသတ်ယာဉ်များဖြည့်တင်းခြင်း ၊ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်ရာတွင်အသုံးပြုရန် ဆိုင်ကယ် ၁၃၂ စီး ဖြည့်ဆည်းပေးခြင်း ၊ တောင်သူများအတွက် မျိုးသန့်များထောက်ပံ့ကာ နည်းပညာသင်တန်းများပေးခြင်း ၊ လမ်းတံတားနှင့် ရေရရှိရေးလုပ်ငန်းများ တိုးချဲ့တည်ဆောက်ခြင်း၊ မြေငှားဂရန်များထုတ်ပေးခြင်း၊ အသင်းအဖွဲ့များ မှတ်ပုံတင်ခွင့်ပြုပေးခြင်း စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း ဌာနဆိုင်ရာများမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ လမ်း၊ တံတား၊ လျှပ်စစ်စတဲ့ အခြေခံအဆောက်အအုံ Infrastructure တွေကောင်းဖို့ မျက်မြင်လည်းဆောင်ရွက်နေပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်အောင် ကြိုးစားနေတာတွေလည်း ရှိပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ၉၉ ရာခိုင်နှုန်းသော အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း SME တွေ အောင်မြင်အောင်၊ ဈေးကွက်ရအောင် လုပ်ဆောင်နေပါတယ်" ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားရာတွင် ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုတို့ကို အချိုးကျစွာ ပြောင်းလဲတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ တရားစီရင်ရေးမဏ္ဍိုင်၌လည်း ရာဇဝတ်မှု ၃၁၃၂၈ မှုနှင့် တရားမမှု ၃၀၄၂ မှုကို ပြီးပြတ်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်တွင် ဥပဒေ ၁၀ ခု ၊ နည်းဥပဒေငါးခုတို့ကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်းလည်း သတင်းစာရှင်းလင်းပွဲမှ သိရသည်။ **ဇေယျာတု(မကွေး)**



# ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်

ဦးတင်ဝင်း (ကော်မရှင်)

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူသတ်မှုများ တိုးပွားလျက်ရှိ၏။ အမေရိကန်နိုင်ငံတွင် ကျောင်းတွင်းဝင်ရောက်၍ မောင်းပြန်သေနတ်နှင့် ပစ်ခတ်သဖြင့် ကျောင်းသားလူငယ်များစွာ သေဆုံး၏။ ပြင်သစ်နိုင်ငံပွဲတော်ရက်တွင် လူစည်ကားရာ နေရာသို့ ထရပ်ကားမောင်းနှင်ဝင်ရောက်၍ တွေ့ရာမြင်ရာကို တိုက်သတ်၏။ ကနေဒါနိုင်ငံတွင်လည်း အလားတူ ကားနှင့်ဝင်တိုက်သဖြင့် လူများစွာသေ၏။ အင်္ဂလန်နိုင်ငံတွင် တစ်နှစ်တည်းမှာပင် ဓားဖြင့်ထိုးခုတ်သတ်ဖြတ်မှု အကြိမ်ကြိမ်ဖြစ်ပွားခဲ့၏။ ဩစတြေးလျတွင် အဘိုးဖြစ်သူက မိသားစုခုနစ်ယောက်ကို သေနတ်ဖြင့်ပစ်သတ်၏။

**လူသတ်မှုများ ရှေ့တန်းရောက်လာ**

မြန်မာနိုင်ငံတွင်မူ လွန်ခဲ့သောသုံးနှစ်ခန့်မှစ၍ လူသတ်မှုများ ရှေ့တန်းရောက်လာ၏။ လေးလောင်းပြိုင်၊ ငါးလောင်းပြိုင် လူသတ်မှုများ လက်သည်မပေါ်။ ထို့ကြောင့်လည်း အတင့်ရဲလာပုံရ၏။ မနေ့တစ်နေ့က အင်းစိန်တွင် အရက်မူးပြီး ရိုက်နှက်၍လူသေဆုံး၏။ မန္တလေးတွင် ရည်းစားစကားပြောသည်ကို လက်မခံ၍ ဓားနှင့်ထိုးသတ်၏။ ဆင်ပေါင်ဝဲတွင် ဇနီးက ခင်ပွန်းကို ဓားနှင့်ခုတ်သတ်၏။

ဆိုခဲ့သလို လူသတ်မှုများတွင် မတူသည့်ဖြစ်စဉ်၊ မတူသည့်အကြောင်းတရားများစွာရှိရာ အချို့က တမင်ကြံရွယ်၍ သတ်ဖြတ်သည်။ တချို့က ဒေါသအလျောက် ပြုလုပ်ခြင်းဖြစ်၏။ အချို့က ခုခံကာကွယ်ရာမှ ခြေလွန်လက်လွန် ပြုလုပ်ခြင်းဖြစ်၏။ ထို့ကြောင့် တရားစွဲတင်စဉ်က လူသတ်မှုဖြစ်သော်လည်း နောက်ပိုင်း လူသေမှု၊ အပြင်းအထန် နာကျင်စေမှုတို့ဖြင့် ထောင်ငါးနှစ်၊ ၁၀ နှစ် ပြစ်ဒဏ်ချမှတ်သည့် အမှုများရှိ၏။ တင်ကူးကြံရွယ်၍ လူသတ်လျှင် သို့မဟုတ် ထောင်ခုနစ်နှစ်ထိ ကျခံထိုက်သည့် ပြစ်မှုကျူးလွန်စဉ် လူသတ်လျှင် သေဒဏ်မှလွဲ၍ အခြားပြစ်ဒဏ်မရှိပေ။

သို့ဖြစ်ရာ လူသတ်မှုအင်္ဂါရပ်၊ ကျူးလွန်ပုံ ကျူးလွန်နည်း၊ ပြစ်ဒဏ်အတိမ်အနက်ကို တင်ပြလိုပါ၏။

**လူသတ်မှုကိုစိစစ်ခြင်း**

လူသတ်မှုမြောက် မမြောက် စိစစ်ရန်အချက်များကို ရာဇသတ်ကြီး (The Penal Code) နှင့်ဆိုင်သည့် ကျမ်း(Law of Crime)တွင် ရှင်းလင်းဖော်ပြထားရာ အချက်လေးချက်ကို တွေ့ရမည် ဖြစ်သည်။

(၁) တရားခံ၏လက်ချက်ကြောင့် သေခြင်းလား၊

(၂) သေစေရန်ကြံရွယ်ချက်ရှိသလား၊

(၃) တရားခံ၏ ပြုလုပ်မှုသည် မျက်မြင်အားဖြင့် လူသတ်မှု (Prima facie murder) လား၊ လူသေမှုလား နာကျင်စေမှုလား၊ အလွန်ပေါ့ဆစွာ ပြုလုပ်မှုလား၊

(၄) ပြစ်မှုမမြောက်သည့် အခြေအနေရှိသလား၊ ခုခံကာကွယ်သည့် လုပ်ရပ်လား။

နိုင်ငံတကာ၏ လူသတ်မှုဆိုင်ရာ ဥပဒေအများစုတွင်လည်း အထက်ပါအချက်လေးချက်ကို အရေးပါကြောင်း ဖော်ပြပြဋ္ဌာန်းသည်။ အထူးသဖြင့် လူသတ်ရာတွင် တရားခံ၏ ကြံရွယ်ချက်ကို အင်္ဂါရပ်တစ်ခုအဖြစ် ရှင်းလင်းထားကြောင်း လေ့လာတွေ့ရှိရသည်။

လူသတ်မှု၏ ပထမအင်္ဂါရပ်နှင့် ညီ မညီ သို့မဟုတ် တရားခံ၏ ပယောဂကြောင့် သေဆုံးရခြင်း ဟုတ်မဟုတ် ဆန်းစစ်ရာတွင် သေသူ၏အလောင်းကိုစစ်ဆေးသော ဆရာဝန်၏ တွေ့ရှိချက်သည် အရေးပါသည်။ ၎င်း၏တွေ့ရှိချက်နှင့် ထင်မြင်ချက်တို့ အပေါ်အခြေခံလျက် သေသူအဘယ်ကြောင့် သေဆုံးရကြောင်း ဆုံးဖြတ်ရသည်။ သို့ဖြစ်၍ သေသူသည် မည်သည့်ဒဏ်ရာရရှိသည်၊ မည်သည့် အကြောင်းကြောင့် သေဆုံးရသည် စသည်တို့နှင့်စပ်လျဉ်းပြီး ဆရာဝန်အား စစ်ဆေးမေးမြန်းရသည်။

တရားခံသည် ခိုင်လုံသောအကြောင်းမရှိဘဲ တမင်သက်သက် ဒဏ်ရာရစေရာတွင် ယင်းဒဏ်ရာကြောင့် သေဆုံးသွားပါမူ ထိုသူအား သေစေသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ကိုယ်အင်္ဂါနာကျင်စေခြင်းဖြင့် သေစေသည့်အမှုတွင် သင့်တော်သော ဆေးဝါးဖြင့်လည်းကောင်း၊ ကျွမ်းကျင်သော ကုသခြင်းဖြင့်လည်းကောင်း ပြုစု၍ သေခြင်းကို တားဆီးနိုင်သော်လည်း ကိုယ်အင်္ဂါနာကျင်မှုကို ပြုသောသူသည် သေခြင်းကိုဖြစ်စေသည်ဟု မှတ်ယူရမည်။ ဒဏ်ရာသည် သေစေနိုင်လောက်သော ဒဏ်ရာဖြစ်သော်လည်း ကံကောင်းထောက်မလျှင် အချိန်မီ ဆေးဝါးကုသပါက သေသူသည် အသက်ချမ်းသာနိုင်ပါသည်ဟု တရားခံကတင်ပြသည်ဆိုပါက တရားရုံးအနေဖြင့် ဖြစ်ပျက်တတ်သော သဘောများအပေါ်တွင် မူတည်၍ ဆုံးဖြတ်ရသည်။ ထူးကဲသော အခြေအနေရှိသည်၊ ကံကောင်းထောက်မလျှင် မည်ကဲ့သို့ဖြစ်နိုင်သည် စသည်ဖြင့် တွေးတောမှန်းဆ၍ ဆုံးဖြတ်စီရင်နိုင်သည်မဟုတ်။ သဘာဝဖြစ်ရိုးဖြစ်စဉ်ဖြင့် စဉ်းစားသုံးသပ်ရသည်။

**တရားခံ၏ကြံရွယ်ချက်**

လူသတ်မှုများတွင် တရားခံသည် မည်သည့်ပြစ်မှု ကျူးလွန်သည်ဆိုသော အချက်မှာ ၎င်း၏ကြံရွယ်ချက်အပေါ်တွင်တည်သည်။ လူတစ်ဦးတစ်ယောက် တစ်စုံတစ်ရာကို ပြုလုပ်ရာတွင် ထားရှိခဲ့သော စိတ်စေတနာကို အတိအကျတိုင်းထွာ ခန့်မှန်း၍ ရသည်မဟုတ်ပါ။ စိတ်သည် အပြုအမူတွင် အရောင်ဟပ်သည်ဟု ယူဆရပါမည်။ စိတ်သည် ကိုယ်ကိုဦးဆောင်၏။ စိတ်နောက်သို့ကိုယ်ပါသည်ဟု ပြောစမှတ်ရှိ၏။ စိတ်စေတနာက တိုက်တွန်းသဖြင့် ကာယကံမြောက် ပြုလုပ်ခြင်းဖြစ်သောကြောင့် ထိုပြုလုပ်ခြင်းကပင် စိတ်ကိုဖော်ပြသော ကြေးမုံပြင်ဖြစ်သည်ဟု သာမန်အားဖြင့် တွက်ချက်ရသည်။ တရားဥပဒေအရာတွင် တစ်စုံတစ်ခုကိုပြုလုပ်လျှင် ထိုပြုရပ်မှ သဘာဝအလျောက် ဖြစ်ပေါ်တတ်သော ဖြစ်ရပ်ကိုပြုသူက မျှော်မှန်းရည်ရွယ်ပြီး ဖြစ်သည်ဟူ၍သာ ယူဆရသည်။

ကြံရွယ်ချက်နှင့်သက်ဆိုင်သည့် ပြဿနာများကိုသုံးသပ်ရာတွင် ဆန့်ကျင်ဘက်မပြနိုင်သေးသရွေ့ကာလပတ်လုံး လူတိုင်းသည် မိမိလုပ်ရပ်များမှ သဘာဝအလျောက် ဖြစ်တတ်သော အကျိုးဆက်များကို မျှော်မှန်းရည်ရွယ်သည်ဆိုသည့်အချက်ကို သတိချပ်ရန်လိုသည်။

> **“အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ဖြစ်စေသည့် လူသတ်မှု၊ ဓားပြမှု၊ လူပြန်ပေးမှု၊ လုယက်မှု၊ မုဒိမ်းမှု၊ လူခိုးမှု၊ ဆေးဝါးအတုပြုမှုတို့ကို ကျူးလွန်ကြောင်း ထင်ရှားလျှင် ကျူးလွန်သူအား ထပ်မံဖြစ်ပွားခြင်းမရှိစေရန် ထိရောက်ဟန့်တားနိုင်လောက်သည့် ပြစ်ဒဏ်များ မလွဲမသွေ ချမှတ်ကြရန် ၁၉၇၅ ခုနှစ်ကပင် ပြည်သူ့တရားသူကြီးအဖွဲ့မှ တရားရုံးများအား ညွှန်ကြားခဲ့ပြီး”**

ကြံရွယ်ချက်ကို ၎င်း၏လုပ်ရပ်မှ ကောက်ယူရမည်။ ပမာဆိုရသော် လူတစ်ယောက်သည် အခြားသူ၏ ကိုယ်အလယ်၌ နှစ်လက်မခွဲဝင်သည်အထိ ဓားဖြင့်ထိုးလျှင် ဖြစ်တတ်သော သဘောအရ သေစေလောက်သော ဒဏ်ရာရစေရန် ကြံရွယ်သည်ဟု ယူဆရမည်ဖြစ်သည်။

ပြစ်မှုအတိမ်အနက်သည် ကြံရွယ်ချက်ပေါ်တည်သည်။ မည်သည့်အမှုတွင်မဆို ကြံရွယ်ချက်ကို သက်သေထင်ရှား ပြထားသောအကြောင်းခြင်းရာတို့မှ ကောက်ယူရသည်။ ဥပမာ - တစ်ဦးတစ်ယောက်သည် အခြားသူ၏ခေါင်းကို တုတ်ဖြင့်ရိုက်သဖြင့် သေစေရာတွင် ၎င်း၏ကြံရွယ်ချက်မှာ အသုံးပြုသောလက်နက်၊ ၎င်းလက်နက်ဖြင့် ဘယ်နှချက်ရိုက်သည်၊ အင်အားမည်မျှသုံးသည်ဆိုသော အချက်များအပေါ်တည်သည်။ တမင်သက်သက်ရိုက်ခြင်း ဖြစ်နိုင်သော်လည်း၊ သေဆုံးရန်အကြောင်း ရှိနိုင်သော်လည်း၊ သေသူအား ဖြစ်တတ်သောသဘောအရ သေစေလောက်သော ဒဏ်ရာရစေရန် ကြံရွယ်ချက်ရှိချင်မှရှိမည်၊ ထိုအကြံထက်သေးသော ကြံရွယ်ချက်ရှိနိုင်သည်။

**စိတ်စေတနာကို ဖော်ပြရာရောက်**

တရားခံက လက်နက်ကို အကြိမ်မည်မျှ သုံးစွဲသည်ဆိုသောအချက်မှာ ကြံရွယ်ချက် သို့မဟုတ် ၎င်း၏စိတ်စေတနာကို တစ်နည်းဖော်ပြရာရောက်သည်ဟု ဆိုနိုင်သည်။ တရားခံက သေသူအား ဦးခေါင်းကို ဘရန်ဒီပိုင့်ပုလင်းဖြင့် နှစ်ချက်ဆင့်ရိုက်၍ သေဆုံးသည့်အမှုတွင် စစ်ဆေးကြည့်ရာ၌ အလောင်း၏ဦးခေါင်းတွင် ဒဏ်ရာနှစ်ချက်တွေ့ရသည်။ ဦးခေါင်းခွံကို ဖွင့်ကြည့်သောအခါ ဦးနှောက်၏ ညာနှင့်ဘယ်တို့တွင် သွေးထွက်နေသည်ကို လည်းကောင်း၊ ဦးခေါင်းခွံအောက်ခြေမှာ ကွဲအက်နေသည်ကို လည်းကောင်း တွေ့ရှိရသည်။ လူတိုင်းသည် အခြားသူ၏ဦးခေါင်းကို အတော်အတန်လေးသောပစ္စည်းဖြင့်တစ်ချက်ပြီးတစ်ချက် ပြင်းပြင်းထန်ထန်ရိုက်လျှင်၊ ထပ်ဆင့်ရိုက်လျှင် ထိုသူအား သေစေဖွယ်ရာအကြောင်းရှိမည် သို့မဟုတ် ဖြစ်တတ်သော သဘောအရ သေစေလောက်သော ဒဏ်ရာရစေဖွယ်ရာ အကြောင်းရှိမည်ကို သိနိုင်သည်ဟု မှတ်ယူရမည်။ သို့ဖြစ်၍ ပုလင်းဖြင့် ထပ်မံရိုက်ခြင်းဖြင့် လူသတ်မှု ကျူးလွန်ရာ ရောက်သည်။

ဒဏ်ရာသည် မုချသေစေမည့် ဒဏ်ရာဖြစ်လျှင် ကြံရွယ်ချက်ကိုကောက်ယူရန် အခက်အခဲ ရှိနိုင်မည်မဟုတ်။ အကြောင်းမှာ လူတစ်ယောက်သည် မိမိ၏ပြုရပ်မှ သဘာဝအလျောက် ဖြစ်ပေါ်တတ်သော အကျိုးဆက်များကို မျှော်မှန်းရည်ရွယ်သည်ဟု တရားဥပဒေအရ ယူဆသည့်အချက်ရှိသောကြောင့် ဖြစ်သည်။

သို့ဖြစ်ရာ အခြားသူတစ်ဦး၏ ကိုယ်တွင်ချက်ကောင်းနေရာ၌ ဒဏ်ရာရစေရာတွင် ထိုသူ သေဆုံးလျှင် သေစေလိုသောဒဏ်ရာကို မရည်ရွယ်ခဲ့ပါဟု တရားခံအနေဖြင့် ထုချေ၍မရ။ တစ်ဦးတစ်ယောက်သည် အခြားသူ၏ ဝမ်းဗိုက်အတွင်းရှိ ကလီစာများထဲသို့ ဝင်သွားလောက်အောင် ဓားဖြင့် ထိုးလျှင် ဖြစ်တတ်သောသဘောအရ သေစေလောက်သောဒဏ်ရာကို ကြံရွယ်ပြီးဖြစ်သည်ဟု ကောက်ယူရမည်မှာ ယုံမှားဖွယ်ရာမရှိ။ ထို့အတူ တရားခံသည် ရင်ဘတ်ကို ဓားဖြင့်ထိုးလျှင် သေစေရန် ကြံရွယ်သည်ဟု ကောက်ယူရမည်၊ ဒဏ်ရာ၏ တိုက်ရိုက်အကျိုးတရားကြောင့် သေဆုံးရသည်ဖြစ်စေ၊ ဒဏ်ရာကြောင့် မေးခိုင်ရောဂါကဲ့သို့သော သေစေသည့်ရောဂါကြောင့် သေဆုံးရသည်ဖြစ်စေ၊ လူသတ်မှု ကျူးလွန်ရာ ရောက်သည်။

**ပြစ်ဒဏ်အတိုင်းအတာ**

ပြစ်မှုကျူးလွန်ခြင်းအတွက် တရားခံကို ကိုယ်နှင့်ဖြစ်စေ၊ ငွေနှင့်ဖြစ်စေ ပေးလျော်စေခြင်းသည် ပြစ်ဒဏ်ချမှတ်ခြင်းပင်ဖြစ်သည်။

ပြစ်ဒဏ်ချမှတ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မှုခင်းဖြစ်ပွားခြင်းကို တားဆီးရန် ဖြစ်သည့်အလျောက် ပြစ်ဒဏ်ပမာဏကို သတ်မှတ်ရာ၌ အချိန်ကာလ၊ ဒေသနှင့် အခြားအကြောင်းအရာများကို မူတည်၍ စဉ်းစားရမည်ဖြစ်သည်။ ပြစ်မှုအမျိုးအစားတစ်ခုနှင့် ပတ်သက်၍ တစ်ချိန်၌ မှတ်လောက်သားလောက်သည့် ပြစ်ဒဏ်သတ်မှတ်ရမည် ဖြစ်သော်လည်း အခြားအချိန်တွင် ထိုကဲ့သို့ သတ်မှတ်ရန် လိုချင်မှလိုမည်ဖြစ်သည်။ ပြစ်ဒဏ်ကို လိုသည်ထက်ပို၍ သတ်မှတ်လျှင် ခံရသူအဖို့ စိတ်နာကြည်းပြီး လိုရင်း ရည်မှန်းချက်ကို မရောက်ဘဲ ရှိတတ်သည်။

ပြစ်ဒဏ်များအနက် သေဒဏ် (Capital Punishment) သည် အမြင့်မားဆုံး ပြစ်ဒဏ်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အား သေဒဏ်ပေးသင့်၊ မပေးသင့်ဆိုသော ပြဿနာမှာ ကမ္ဘာပေါ်ရှိ ပညာရှင်များ အငြင်းအခုံပြုလျက်ရှိကြသည့် ပြဿနာ တစ်ရပ်လည်းဖြစ်သည်။ အချို့က အသက်ကို အသက်နှင့်ပြန်ပေးဆပ်ရမည်ဆိုသော အယူအဆမှာ ကလဲ့စားချေရာရောက်သည့် ရှေးဟောင်းအယူအဆ ဖြစ်သည့် အလျောက် ပြစ်ဒဏ်ချမှတ်ရသည့်မူနှင့် မကိုက်ညီသဖြင့် မထားသင့်ဟုဆိုကြသည်။ အချို့ကမူ သေဒဏ်ထားရှိမှသာ လူဆိုးလူမိုက်များအပေါ် အဟန့်အတားဖြစ်စေမည်။ သေဒဏ်မပေးလျှင် မဖြစ်ဟု ဆိုကြသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ အချို့သော တိုင်းပြည်များ၌ သေဒဏ်ကိုပယ်ဖျက်ရန် စမ်းသပ်ကြိုးပမ်းလျက်ရှိသည်ကို သတိမူ၍ ပြစ်ဒဏ်သတ်မှတ် ပြဋ္ဌာန်းသင့်သည်။

အချုပ်အားဖြင့် အများပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ဖြစ်စေသည့် လူသတ်မှု၊ ဓားပြမှု၊ လူပြန်ပေးမှု၊ လုယက်မှု၊ မုဒိမ်းမှု၊ လူခိုးမှု၊ ဆေးဝါးအတုပြုမှုတို့ကို ကျူးလွန်ကြောင်းထင်ရှားလျှင် ကျူးလွန်သူအား ထပ်မံဖြစ်ပွားခြင်းမရှိစေရန် ထိရောက်ဟန့်တားနိုင်လောက်သည့် ပြစ်ဒဏ်များမလွဲမသွေ ချမှတ်ကြရန် ၁၉၇၅ ခုနှစ်ကပင် ပြည်သူ့တရားသူကြီးအဖွဲ့မှ တရားရုံးများအား ညွှန်ကြားခဲ့ပြီးဖြစ်သည်။

ထို့ပြင် ပြည်သူတို့၏ ငြိမ်းချမ်းရေး၊ စီးပွားရေးတို့ကို ထိခိုက်နစ်နာစေလောက်သည့် သောင်းကျန်းသူများနှင့် ပူးပေါင်းပြီး နိုင်ငံတော်အစိုးရ၏ လက်နက်များကို ခိုးယူသည့်ကိစ္စ၊ တိုင်းပြည်လုံခြုံရေးကို ထိခိုက်စေသည့် ခဲယမ်းမီးကျောက်အမြောက်အမြားကို ကိုင်ဆောင်သည့်ကိစ္စ၊ ပြည်သူတို့အား ကာကွယ်ရမည့် လက်နက်ခဲယမ်းမီးကျောက်တို့ကို တစ်ဖက်ရန်သူထံ သွားရောက်အပ်နှံခြင်းဖြင့် တာဝန်မဲ့ပြုသည်သာမက သစ္စာမဲ့ပြုသည့်ကိစ္စ၊ ကလေးသူငယ်၊ လူမမည်တို့၏ ဘဝလုံခြုံမှု၊ အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို ထိခိုက်စေသည့်ကိစ္စ၊ လယ်ယာလုပ်ငန်းကို ထိခိုက်စေနိုင်သည့် ကျွဲနွားများကို နိုင်ငံခြားသို့ ခိုးထုတ်သည့်ကိစ္စနှင့် တိုင်းပြည်အုပ်ချုပ်ရေးမဏ္ဍိုင်ကို ပျက်ပြားစေနိုင်သည့် လာဘ်ပေးလာဘ်ယူကိစ္စတို့တွင် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်ရမည်ဟု စီရင်ထုံးလမ်းညွှန်ချက်များ အထင်အရှားရှိကြောင်း တင်ပြရင်း ဤဆောင်းပါးကို အဆုံးသတ်ပါသည်။ ။

## အာဇာနည်နေ့ အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၁၈**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်၊ စာစီစာကုံး၊ ပုံပြောနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ပြိုင်ပွဲဝင်ကျောင်းများမှ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခင်ခင်ဝင်း (ပညာရေး)

## သတင်းတိုများ

### စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး သရုပ်ပြ

**ရိခေါဒါရ်  ဇူလိုင်  ၁၈**
ချင်းပြည်နယ် ရိခေါဒါရ်မြို့စိုက်ပျိုးရေးဦးစီးဌာနမှ လယ်ယာမြေစပါးစိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ စပါးအထွက်တိုးကောင်းမွန်စေရေးရည်ရွယ်ချက်ဖြင့် စပါးကောက်ကွက်စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး သရုပ်ပြစိုက်ပျိုးခြင်းကို ဇူလိုင် ၁၈ ရက်က ရိဒ်ရေကန်ဘေး နောက်ဘက်ကွင်းရှိ ဒေါ်ဇောန်းနယ်လယ်ကွက်၌ ပြုလုပ်ခဲ့သည်။

အဆိုပါ စပါးစိုက်ပျိုးနည်းစနစ်မှန်ကန်ရေး သရုပ်ပြဆောင်ရွက်ရာတွင် ဒေသစပါးမျိုးဖြစ်သည့် ဘုပီးစပါးမျိုးကို စပါးကောက်ကွက်အကြား ရှစ်လက်မဖြင့် အတန်းလိုက်စိုက်ပျိုးထားခြင်းဖြစ်ပြီး လယ်ဧက တစ်ဧကအား စံပြအဖြစ် သရုပ်ပြစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

### မီးဘေးကာကွယ်ရေး အသိပညာပေး ဟောပြော

**စလင်း  ဇူလိုင်  ၁၈**
မကွေးတိုင်းဒေသကြီး စလင်းမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းရာပြည့်ခန်းမ၌ ဇူလိုင် ၁၇ ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် မီးသတ်ဦးစီးမှူး ဦးဌေးမော်က မီးဘေးအန္တရာယ်ဆောင်ရန် ရှောင်ရန်များကို ဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခြင်း၊ လုံချည်၊ စောင်၊ ခန်းဆီးတို့ကို အသုံးပြု၍ အရေးပေါ်မီးငြိမ်းသတ်ခြင်းတို့ကို ကျောင်းသား ကျောင်းသူများအား လက်တွေ့ငြိမ်းသတ်ပြသကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### အခွန်ဆိုင်ရာအသိပညာပေးဟောပြော

**တပ်ကုန်း  ဇူလိုင်  ၁၈**
နေပြည်တော်တပ်ကုန်းမြို့နယ် အမှတ် ၁ အခြေခံပညာ အထက်တန်းကျောင်းတွင် မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူး၍ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ရက်က အဆိုပါကျောင်းရှိ ရောဝတီစာသင်ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဒုတိယပညာရေးမှူး ဦးတင်ထွန်းနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြည်တွင်း အခွန်များဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းအေးက ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အောင်ဘာလေသိန်းဆုခွန်၊ အထူးကုန် စည်ခွန်နှင့် တံဆိပ်ခေါင်းခွန်စသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### မှုခင်းပညာပေးဟောပြောပွဲများကျင်းပ

**မိတ္ထီလာ  ဇူလိုင်  ၁၈**
မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းကိုကို၏ ဦးဆောင်မှုဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိ မိတ္ထီလာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ မြို့ပေါ်ရှိ အထက၊ အလက၊ အမကကျောင်းများနှင့် ရှမ်းမငယ်၊ အလယ်ရွာ၊ ညောင်ကိုင်း၊ ရှမ်းတဲနယ်မြေများရှိ အထက၊ အလကကျောင်းများတွင် မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းပပျောက်ရေး၊ မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဟောပြောပွဲများကို ရဲမှူး မိုးညွန့်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ဇွန် ၆ ရက်မှစ၍ ဇူလိုင် ၁၅ ရက်အထိ ကျေးရွာအရောက် နေ့စဉ်မှုခင်းပညာပေးဟောပြောပွဲများ ကျင်းပခဲ့ရာ ဇူလိုင် ၁၆ ရက်က နည်းပညာတက္ကသိုလ်တွင် မှုခင်းပညာပေးဟောပြော ပွဲကျင်းပရာ နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်မျိုးသူနှင့် ဌာနမှူးများ၊ ကျောင်းသူ ကျောင်းသားများ စုံညီစွာတက်ရောက်ကြသည်။

**တင်လှိုင်(မိတ္ထီလာ)**

### ဘုတ်ပြင်းမြို့ ဝက်ကျွန်းကျေးရွာတွင် မိုးများ၍တောင်ပြိုကာ နေအိမ်လေးလုံး ပျက်စီး

**ဘုတ်ပြင်း  ဇူလိုင် ၁၈**
ဘုတ်ပြင်းမြို့ ရေငံကြီးကျေးရွာအုပ်စု ဝက်ကျွန်းကျေးရွာတွင် ဇူလိုင် ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်း၍ တောင်မြေပြိုကာ နေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ပွားမှုတွင် နေအိမ်လေးလုံးပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း၊ နေအိမ်လေးလုံးမှ အိမ်ထောင်စုလေးစု မိသားစုဝင်များနှင့် အခြားနေအိမ်ပတ်ဝန်းကျင်မှ အန္တရာယ်ရှိနိုင်သည့် လူနေအိမ် ခြောက်လုံးမှ နေထိုင်သူများအား အဆိုပါကျေးရွာ၏ အရှေ့ဘက်ရှိနီးစပ်ရာဆွေမျိုးများ၏ နေအိမ်များသို့ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ယာယီရွှေ့ပြောင်း နေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် လူငယ်ရေးရာ ကော်မတီဝင်လူငယ်ကိုယ်စားလှယ်များအား တွေ့ဆုံ

**ဘားအံ  ဇူလိုင်  ၁၈**
ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ်များသည် ဇူလိုင် ၁၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြသည်။



ထိုသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်များကိုယခုကဲ့သို့ မြင်တွေ့ရသည့်အတွက် များစွာဝမ်းသာကြောင်း၊ လူအများကို ချပြနိုင်သော၊ ဦးဆောင်နိုင်သော၊ လမ်းပြနိုင်သော၊ စည်းရုံးနိုင်သောသူများ ဖြစ်စေလိုကြောင်း၊ လူငယ်ရေးရာမူဝါဒနှင့် ပတ်သက်သည့် အခြေခံအချက်အလက်များကို သိရှိထားပြီး သူတစ်ပါးကို ရှင်းလင်းပြောဆိုနိုင်ကာ ပါဝင်ရေးဆွဲနိုင်ခဲ့သည့်အတွက် ဂုဏ်ယူကြောင်း၊ တစ်နိုင်ငံလုံးရှိ လူငယ်များအတွက် ချမှတ်မည့် လူငယ်ရေးရာ မူဝါဒရေးဆွဲရာတွင် ပါဝင်၍ မြန်မာပြည်တစ်ပြည်လုံးရှိ လူငယ်များ ဆွေးနွေးညှိနှိုင်းလက်ခံခဲ့ကြသည့် မူဝါဒတစ်ခုကို ရေးဆွဲခဲ့ကြသည့်အတွက် ဂုဏ်ယူစရာဖြစ်ကြောင်း၊ အားလုံးကို ကြိုးစားကြစေလိုကြောင်း စသည်ဖြင့် စကားပြောကြားသည်။

ထို့နောက် ကြာအင်းဆိပ်ကြီး မြို့နယ် လူငယ်ကိုယ်စားလှယ် ကရင်ပြည်နယ် လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး နန်းထက်ထက်လင်းစိုးက လူငယ်ရေးရာမူဝါဒ၏ ဖြစ်စဉ်အကျဉ်းချုံး၊ နောက်ခံအကြောင်းအရာ ပူးပေါင်းပါဝင်ခဲ့ပုံများ၊ ပါဝင်စုဖွဲ့မှုပုံစံ၊ ဦးဆောင်သောဝန်ကြီးဌာနများ၊ အဓိကကဏ္ဍများ၊ အရင်းအမြစ်လိုအပ်ချက်များနှင့် တာဝန်ဝတ္တရားတို့ကို ရှင်းလင်းတင်ပြခဲ့ပြီး လူငယ်ကိုယ်စားလှယ်များက မူဝါဒနှင့်စပ်လျဉ်း၍ တစ်ဦးချင်းစီ ဆွေးနွေးခဲ့ကြသည်။

လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် ၂၁/၂၀၁၇ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ လူငယ်ကိုယ်စားလှယ်များ တစ်ဦးချင်းတွေ့ဆုံဆွေးနွေးပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ညွှန်ကြားမှုကို ရယူကာ လူငယ်မူဝါဒနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ ကူညီပံ့ပိုးမှုများရရှိနိုင်ရန်နှင့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် တတ်နိုင်သည့်အခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်နိုင်ရန်အတွက် တွေ့ဆုံရခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## ဒေသခံပြည်သူများ သောက်သုံးရေဖူလုံရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းပျဉ်း  ဇူလိုင်  ၁၈**
ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်အတွက် နားခေါကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ အဆင်ပြေစေရေး ဇူလိုင် ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထိုသို့စစ်ဆေးရာတွင် နားခေါကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သော ခွန်ဟိန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေမှုများကို မိုင်းပျဉ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး လုပ်ငန်းအဆင်ပြေစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို ဇူလိုင်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများပြီးစီးသွားပါက ယမ်းမိုင်ကျေးရွာအုပ်စု နားခေါကျေးရွာအုပ်စုများရှိ အိမ်ခြေ ၅၇ လုံး လူဦးရေ ၄၉၂ ဦး၏ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် များစွာအထောက်အကူပြု သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ဧရာဝတီမြစ် ရေကြီးမြင့်မှုကို ကာကွယ်ရန် ရေဘေးကာကွယ်ရေးတာတမံများ ပြုပြင်

**ဇလွန်  ဇူလိုင်  ၁၈**
ဧရာဝတီအရှေ့ဘက်ကမ်းတာသည် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး (ဟင်္သာတခရိုင်)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး (မအူပင်ခရိုင်) တို့နှင့် တစ်ဆက်တည်းတည်ရှိပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် အလျား ၂၇ မိုင် ၆ ဖာလုံ၊ ဧရာဝတီတိုင်းဒေသကြီး(ဟင်္သာတခရိုင်)အနေဖြင့် အလျား ၁၅ မိုင် တစ်ဖာလုံ၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အလျား၇ မိုင် ၂ ဖာလုံနှင့် ဧရာဝတီတိုင်းဒေသကြီး (မအူပင်ခရိုင်)အနေဖြင့်အလျား ၃၂ မိုင် ၂ ဖာလုံ ရေဘေးကာကွယ်ဧက ၁၂၀၀၀၀တို့ဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ထားကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်အတွင်း ဧရာဝတီမြစ်ရေကြီးမြင့်မှုကို ကာကွယ်ရန် ဧရာဝတီအရှေ့ဘက်ကမ်းတာအားတာမိုင် ၂၇/၆-၄၂/၇ အထိ အလျား ၁၅ ဒသမ ၁၂၅ မိုင်ဖြင့် ရေဘေးကာကွယ် ဧက ၃၇၉၃၄ ဖြင့် ကာကွယ်ထားရှိပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ် မိုးရာသီကာလတွင် ဧရာဝတီမြစ်ရေထူးကဲစွာတက်ရောက်မှုကြောင့် ဇလွန်မြို့နယ် ဧရာဝတီအရှေ့ဘက်ကမ်းတာတွင် ရေပေါက် ၈၀ ဖြစ်ပေါ်ခဲ့ရာ အရေးပေါ်ရေဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မိုင်တိုင် ၃၆/၀ မှ ၄၂/၇ အတွင်း တာတမံပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သဖြင့် ၂၀၁၇ မိုးရာသီကာလတွင် မြစ်ရေကြီးမှုကို ကာကွယ်နိုင်ခဲ့ပြီး ရေပေါက်၊ တာအိ၊ တာလျှောခြင်းများ ဖြစ်ပွားခြင်းမရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်မိုးရာသီကာလ ဧရာဝတီမြစ်ရေမြင့်တက်ချိန်တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် ရေကင်းစခန်းလေးခုတွင် ရေဘေးအန္တရာယ်ကာကွယ်ရေး ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိပြီး တာတမံအခြေအနေကိုလည်း နေ့/ည မပြတ်ဝန်ထမ်းများဖြင့် စောင့်ကြည့်ရန်စီစဉ်ထားပြီး အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရန် စီမံထားပြီးဖြစ်သည်ဟု ဟင်္သာတခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာ၏ ပြောကြားချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်များ ခင်းကျင်းပြသ

**ရေဖြူ  ဇူလိုင်  ၁၈**
(၇၁)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုခန်းမ၌ ယနေ့နံနက်က ခင်းကျင်းပြသထားကြောင်း သိရသည်။

အဆိုပါခင်းကျင်းပြသထားသည့် ဗဟုသုတဖြစ်ဖွယ်ရာ သုတ၊ ရသ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုစေပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများက အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သောသိမှတ်ဖွယ်ရာများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ အဆိုအမိန့်များ၊ အမှတ်တရစကားများ၊ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ အကျဉ်းများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လယ်ယာမြေများပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းသို့ တက်ရောက်မှာကြား

**ပုသိမ် ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် ယမန်နေ့က တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့်အတူ ပုသိမ်မြို့ ရေရှေ့ဝါ အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလုပ်ငန်းကျွမ်းကျင်မှုသင်တန်းသို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် တစ်လလျှင် တစ်ကြိမ်၊ ခရိုင်၊ မြို့နယ် ကော်မတီများအနေဖြင့် တစ်လလျှင် နှစ်ကြိမ် အစည်းအဝေးကျင်းပပြီး တင်ပြတိုင်ကြားလာသည့် အမှုတွဲများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတကလည်း မြေသိမ်းခံရကြောင်း တိုင်ကြားစာများအပေါ် ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် ပြီးပြတ်အောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းနှင့် ယနေ့ ဆွေးနွေးပို့ချမည့် ဗဟိုကော်မတီက ပြင်ဆင်ချမှတ်သည့် မူဝါဒလုပ်ငန်းစဉ် ၅၂ ချက်ကို သေချာစွာလေ့လာပြီး မြေသိမ်းဆည်းခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ၁၅ ဦး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၃၆ ဦး၊ ခရိုင်/မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ၃၂ ဦးနှင့် အတွင်းရေးမှူး ၃၂ ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ် ၂၇ ဦး တက်ရောက်ခဲ့သည်။ **မြန်မာ့အလင်း**

# ပုလောမြို့နယ်တွင် ဝါးတံတားမျော၍ အခြေခံပညာကျောင်း သုံးကျောင်း ယာယီပိတ်ထား

**ပုလော ဇူလိုင် ၁၈**

ပုလောမြို့နယ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၁၈ ရက်က တိုကျေးရွာအုပ်စု ပိတပ်ကျေးရွာနှင့် လက္ကျူးကျေးရွာအုပ်စု မြဒေါင်ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ယာယီ ဝါးတံတား အရှည် ( ၄၀၀ × ၆×၂၀) ပေသည့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေစီးမြန်ပြီး တံတား အလယ်မှ ပေ ၅၀ ခန့် ရေစီးဖြင့် မျောပါပျက်စီးဆုံးရှုံးခဲ့သောကြောင့် ပုလောကုန်း ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၊ ကဒဲကျေးရွာ (အလက)ကျောင်း၊ ပုလောမြို့နယ် အမက အမှတ် (၅) ကျောင်းတို့ကို ယာယီပိတ်ထားရကြောင်း သိရသည်။

တံတားအပိုင်းအစများ ပိတပ်ကျေးရွာဘက်ရှိ ချောင်းကမ်းနံဘေးသို့ စုပုံမျောပါသဖြင့် ကမ်းနံဘေးတွင် ရပ်နားထားသည့် စက်လှေပေါ်ရှိ ပိတပ်ရွာသား ဦးစိုးသန်းက သစ်သားအပိုင်းအစများ ဖယ်ရှားရာ ရေစီးနှင့်မျောပါသွားခဲ့၍ ရွာသူရွာသားများက စက်လှေလေးစင်းနှင့်အတူ လိုက်လံ ရှာဖွေလျက်ရှိကြောင်း သိရသည်။



ထို့အတူ ပုလောမြို့နယ်အတွင်းရှိ ရေကြီးမှု ဖြစ်ပွားလျက်ရှိသော ပုလောကုန်းကျေးရွာ၊ ကဒဲကျေးရွာအနီးရှိ ပြည်ထောင်စုလမ်းမကြီး ရေကျော်နေမှုများကို ပြည်သူများသွားလာမှု အဆင်ပြေစေရန် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် ပရဟိတအသင်းအဖွဲ့များက အဖွဲ့ခွဲကာ ကွင်းဆင်း ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန်းချောင်းဘေလီတံတား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး ဇူလိုင် ၁၈**

မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရေန်မြေနှင့် ကျေးရွာများ ဆက်သွယ်ထားသော မန်းချောင်း ဘေလီတံတားသည် ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုကြောင့် တံတားမှာ အန္တရာယ်ရှိ အနေအထားသို့ ရောက်ရှိနေသဖြင့် တံတားပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဇူလိုင် ၁၆ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တစ်ဆင့် သိရသည်။

တံတားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း မန်းချောင်းတံတားကိုဖြတ်၍ သွားလာနေသည့် ကျေးရွာအသီးသီးမှ ယာဉ်များအနေဖြင့် ကျောက်စံ-ကုလားပါး-သိမ်ကုန်းလမ်းလွှဲကို အသုံးပြု၍ စကုမြို့မှတစ်ဆင့် သွားလာကြရန် မန်းကျိုး၊ ပေါက်ငူ၊ နိဗ္ဗာန်ကျွန်း၊ သနပ်ပင်စု၊ ကျောက်စံ၊ ကံသစ်၊ ကံကုလား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပြည်သူများအား အသိပေးထားကြောင်း သိရသည်။

အဆိုပါ မန်းချောင်းတံတားမှာ အကျယ် ၁၄ ပေ ၆ လက်မ၊ အလျားပေ ၃၆၀၊ ခံနိုင်ဝန် ၁၃ တန်ရှိပြီး ၁၉၇၅ ခုနှစ်တွင် တန်ဖိုးငွေကျပ် သိန်း ၃၀ ဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**



# အသုံးမပြုလိုသည့် SMS များကို ပယ်ဖျက်နိုင်ပြီဖြစ်

**နေပြည်တော် ဇူလိုင် ၁၈**

စားသုံးသူရေးရာဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများ ညှိနှိုင်းချက်အရ သုံးစွဲသူပြည်သူများအနေဖြင့် SMS များကြောင့် စိတ်အနှောင့်အယှက်မဖြစ်စေရေးအတွက် အသုံးမပြုလိုသည့် SMS များကို ပယ်ဖျက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

MPT ဖုန်းသုံးစွဲသူများအနေဖြင့် *2007# ကိုနှိပ်ကာ OPTION ကို ရွေးချယ်၍လည်းကောင်း၊ Telenor ဖုန်းသုံးစွဲသူများအနေဖြင့် ၅၀၀ သို့ DNDON ရေးပြီး SMS ပေးပို့ခြင်းဖြင့် လည်းကောင်း၊ Ooredoo ဖုန်းသုံးစွဲသူများအနေဖြင့် ၅၀၅၉ သို့ DNDON ရေးပြီး SMS ပေးပို့ခြင်းဖြင့်လည်းကောင်း အသုံးမပြုလိုသည့် SMS များကို ပယ်ဖျက်နိုင်ပြီ ဖြစ်ကြောင်း သိရပြီး သုံးစွဲသူများမှ ပယ်ဖျက်ရန် ပေးပို့သည့် SMS များအတွက် ဝန်ဆောင်ခကျသင့်မည် မဟုတ်ကြောင်း သိရသည်။

“ဒီဆက်သွယ်ရေးဝန်ဆောင်မှုနဲ့ ပတ်သက်ပြီး တိုင်ကြားစာတွေကို ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ တော်တော်များများ ဖြေရှင်းပေးနေရပါတယ်။ Package ကိစ္စတွေ၊ ဖုန်းခေါ်ဆိုတဲ့ ကိစ္စတွေ၊ messages နဲ့ ပတ်သက်တာတွေဖြစ်ပါတယ်။ သုံးစွဲသူတွေက messages တွေ အများကြီးဝင်တယ်ဆိုပြီး တိုင်ကြားလာပါတယ်။ အဲဒါကြောင့် ဇွန် ၂၅ ရက်မှာ ရန်ကုန်တိုင်းဒေသကြီးအစည်းအဝေးခန်းမမှာ ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီတွေနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးခဲ့တဲ့အပေါ်မှာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနကနေပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို စာပို့တဲ့အခါ ဆက်သွယ်ရေးဝန်ဆောင်မှုနဲ့ ပတ်သက်ပြီး တိုင်ကြားစာတွေအပေါ်မှာ သုံးစွဲသူတွေ စိတ်ကျေနပ်မှု ရှိစေဖို့အတွက် အသုံးပြုသူတွေဟာ အသုံးမပြုလိုတဲ့ဟာတွေကို ပယ်ဖျက်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားတယ်လို့ အကြောင်း ပြန်လာပါတယ်။ ဒါကြောင့်မို့ စားသုံးသူရေးရာဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ သက်ဆိုင်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီတွေ ညှိနှိုင်းချက်အရလို့ တင်ပြပေးတာပါ”ဟု စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားသည်။ **ရှင်မင်း**

# မော်တော်ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း နယ်လှည့်ဆောင်ရွက်ပေးမည်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး၊ ဝက်လက် |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း၊ အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | နတ်မောက်၊ ရေစကြို၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | ကျောင်းပန်းတောင်း၊ မြစ်သား |
| ၇။ | မွန်ပြည်နယ် | မုဒုံ |
| ၈။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်၊ ကျောက်တန်း |
| ၁၀ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းကိုင်၊ နောင်ချို |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင်၊ ကြံခင်း၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး |

**မြန်မာ့အလင်း**

# ဆေးလိပ်သောက်သုံးခြင်းနှင့် လူငယ်များအသိပညာပေး

**ပြည် ဇူလိုင် ၁၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာရေးဦးစီးဌာန ပြည်မြို့ ပညာရေးကောလိပ် ခေတ္တရာခန်းမတွင် ဇူလိုင် ၁၈ ရက်က ဆေးလိပ်သောက်သုံးခြင်းနှင့် လူငယ်များ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းက အမှာစကားပြောကြားပြီး စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ကျော်ဝင်းနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း အတွင်းရေးမှူး ဦးရဲထွဋ်တို့က ဆေးလိပ်သောက်သုံးခြင်းနှင့် လူငယ်များအန္တရာယ်ဖြစ်ခြင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့သည်။ **မောင်ရွှေဝင်း (ပြည်)**

# သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး

**ရေစကြို ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရဲတပ်ဖွဲ့မှ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ရေစကြိုမြို့ အ.ထ.က(၁) မြတ်မာခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ရေစကြိုမြို့နယ် ဥပဒေအရာရှိ ဦးရာဇာလင်းက သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ တွဲဖက်တရားသူကြီး ဒေါ်ထက်ယုယုအောင်က သက်ငယ်မုဒိမ်းမှု ဖြစ်ပွားရခြင်းနှင့် ဆောင်ရန် ရှောင်ရန်တို့ကိုလည်းကောင်း၊ ရေစကြိုမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးခင်ဇော်က ကြောက်စရာကောင်းသည့် မူးယစ်ဆေးဝါးအကြောင်းနှင့် ဆိုးကျိုးများကိုလည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ချိုဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇေက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့ကိုလည်းကောင်း ဟောပြောကြပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

### ဖခင်အမည်မှန်

ရေဦးမြို့၊ မော်ကွန်းသစ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မောင်ထွန်းမြတ်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဇော်နိုင် ၅/တဆန(နိုင်) ၁၄၀၉၄၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မော်လူး အထက သတ္တမတန်း(C)မှ မောင်ဟိန်းမြတ်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဇော်နိုင် ၅/တဆန(နိုင်) ၁၄၀၉၄၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

သဲကုန်းမြို့နယ်၊ အထက(ခွဲ) ရွာလှ နဝမတန်းမှ မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၇/သကန(နိုင်)ဝ၆၈၉၄ဝ ဖြစ်ပါကြောင်း။

### ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)
### ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရန်နှင့် ထူးချွန်ကျောင်းသားများ ဂုဏ်ပြုပွဲဖိတ်ကြားခြင်း

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ၂၀၁၇-၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်မှုကို ၂၂-၇-၂၀၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလိုတော်ပြည့် ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ အသင်းသူ/သားများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြည်ညိုကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**(နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။)**

**ဆက်သွယ်လှူဒါန်းလိုပါက**

**အလုပ်အမှုဆောင်အဖွဲ့**
**ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)**

| | |
|---|---|
| ဦးစံလှမောင် | ဖုန်း-၀၉-၂၆၁၂၇၈၂၂၉၊ |
| ဦးမောင်ငွေစိုး | ဖုန်း-၀၉-၂၅၀၁၃၅၅၉၈ |
| ဦးမောင်စောခင် | ဖုန်း-၀၉-၅၀၆၅၉၇၅၊ |
| ဒေါ်ဒေစီသန်း | ဖုန်း-၀၉-၅၀၆၂၈၉၆ |
| ဦးမောင်လှဝင်း | ဖုန်း-၀၉-၄၃၁၆၄၂၈၁ |

### ကြေညာစာတမ်း
### ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းဝင်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား-

ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းကြီး၏စုဒ္ဒသမ မဟာနာယက သာသနာပိုင်ဖြစ်တော်မူသော ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ခေမာသီဝံကျောင်းတိုက်၊ ဆရာတော်ဘဒ္ဒန္တသုမန မဟာထေရ်မြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလ ပြည့်ကျော် ၁၄ရက်)၁၁-၇-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၂၀ နာရီတွင် ဘ၀ နတ်ထံပျံလွန်တော်မူသွားသောကြောင့်-

ဒုတိယ မဟာနာယက ဖြစ်တော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မဟာဗောဓိလမ်း၊ မဟာဓမ္မိကာရုံ-ပရိယတ္တိစာသင်တိုက်(ကျိုက်ပိ)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂုဏောသန မဟာထေရ်မြတ်ကြီးသည် ဓမ္မာနုဓမ္မ မဟာဒွါရနိကာယ ဂိုဏ်းကြီး၏ ပန္နရသမ မဟာနာယက သာသနာပိုင်အဖြစ် စီမံကွပ်ကဲအုပ်ချုပ်တော်မူပြီဖြစ်ကြောင်း လျှောက်ထားပါသည် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

**ဗဟိုအနုရက္ခိတအဖွဲ့**
**ဟင်္သာတမြို့**

### ဖခင်အမည်မှန်

ပြည်မြို့နယ်၊ ဝက်ထီးကန်တိုက်နယ် နေမင်းလူ ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မမာမာခိုင်၏ဖခင်အမည်မှန်မှာ ဦးဝင်းဇော် ၇/ပမန(နိုင်)၁၈၉၆၁၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ နဘူးအိုင်အထက တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းရာဇာ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဝင်းစိန် ဖြစ်ပါကြောင်း။

**ဦးကျော်ဝင်းစိန်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/8185၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ဖခင်အမည်မှန်

ပြည်မြို့နယ်၊ မော်ဇာ (အထက-ခွဲ) တက္ကသိုလ်ဝင်တန်းမှ မလှိုင်ရီရီထွန်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းကိုကို ၇/ပမန(နိုင်)၁၃၄၁၈၀ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက(ခွဲ) တောင်ငှက်သိုက် ပဥ္စမတန်းမှ မောင်ဇော်ဇော်ဟိန်း ၏ဖခင်အမည်မှန်မှာ ဦးစိန်သောင်း ၉/ရမသ(နိုင်)၁၂၄၃၉၀ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၃၁၇၄၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**




အပူအကျိတ်ဆို ပေါင်ဒါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၁၂၁၁ YR ၄၀၆၈

ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅)

ဒေဝယက္ခ အကျိတ်ကြေအဏာမြုံမှုန့်ဆေး

အပူအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နူးရင်ကြေ၊ ရင့်ရင်ပေါက် အမြစ်ပါမကျန်ပျောက်ကင်းသည်

မိုးဦးကျဖြစ်တတ်သောရောဂါများအတွက် ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ

အမှတ် (၃၇၃)၊ သနပ်ပင်လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့။ Ph-052-2221422 , 09-5300141


### အမည်ပြောင်း

ဦးဟန်မြင့် ၁၄/မသန(နိုင်) ၀၅၁၃၅၂၏သမီး ပုသိမ်မြို့၊ အထက (၂) နဝမတန်း(G)မှ မအိမ့်ခြူးသော်အား မအိမ့်ခြူးမြင့်မိုရ်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်ခြူးမြင့်မိုရ်**

### ဖခင်အမည်မှန်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ သစ်မျှောကြီးရွာမှ မအိရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးကြည်ရွှေ ၇/ဇကန(နိုင်) ၀၁၈၂၁၃ ဖြစ်ပါကြောင်း။

**ဦးကြည်ရွှေ**

### ဖြည့်စွက်ဖတ်ရှုပါရန်

၁၈-၇-၂၀၁၈ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၆)တွင် ပျောက်ဆုံးကြောင်း ကြော်ငြာတွင် ဒေါ်နန်းအေးလင်း ၁၃/သပန(နိုင်) ၀၂၃၃၀၆ ၏ ပိုင်ဆိုင်သော ဖုန်းနံပါတ် ၀၂-၆၉၀၁၁ ဟုဖြည့်စွက်ဖတ်ရှုပါရန်။

### အမည်မှန်

ဂန့်ဂေါမြို့နယ်၊ မွေ့လယ်ရွာနေ ဦးသာဒင်၏သား အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်သန်းထွန်း ၈/ဂဂန (နိုင်) ၀၅၀၁၇၄ ဖြစ်ပါကြောင်း။

### အမည်ပြောင်း

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မင်းဘူးလမ်းမှ ဦးတင်ဦး ၇/ဇကန(နိုင်) ၀၀၅၈၈၅၏ သမီး မအေးမြတ်မြတ်မွန်အား မခင်ငြိမ်းလှိုင်ဟုပြောင်းလဲခေါ်ပါရန်။

**မခင်ငြိမ်းလှိုင်**

### ဖခင်အမည်မှန်

ဂန့်ဂေါမြို့နယ်၊ ဘော်ပြင်းရွာ အလက ဆဋ္ဌမတန်းမှ မောင်ရန်နိုင်ဦး ၏ ဖခင် အမည်မှန်မှာ ဦးဇော်နိုင်ဝင်း ၈/ဂဂန(နိုင်) ၀၈၇၆၀၄ ဖြစ်ပါကြောင်း။

### အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့်အကြောင်းကြားစာ
### ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်
### ၂၀၁၇ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁၄

| | | |
|---|---|---|
| **ဒေါ်မြသန်း(ခ)ဒေါ်ဇဘေဒါ** | **နှင့်** | **ဦးကျော်နိုင်ဦး(ခ)ဟာဂျီဟာနစ်** |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်** |

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၃ ရက်စွဲပါ ပုသိမ်ခရိုင်တရားရုံး၏တရားမကြီးမှုအမှတ် ၄၈/၂၀၁၅ ၏စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင် ဦးကျော်နိုင်ဦး(ခ)ဟာဂျီဟာနစ်(ဘ) ဦးလေးအောင် ၁၄/ငပတ(နိုင်)၀၅၉၆၇၁၊ ကျော်စတိုး၊ ဆိုင်ခန်းအမှတ်(၁၅၃)မြေညီထပ်၊ ဒီရုံ၊ သိမ်ကြီးဈေး၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးမှချမှတ်ပေးသည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလို ဒေါ်မြသန်း(ခ)ဒေါ်ဇဘေဒါမှ တရားမပထမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤတရားမပထမအယူခံမှုကို ၂၀၁၈ခုနှစ် ဇူလိုင် ၂၅ရက် (၁၃၈၀ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤတရားမပထမအယူခံမှုတွင် သင့်အတွက် ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့ လျှင် ၎င်းတရားမပထမအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင်သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်း ရမည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်က လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ**

**(သန်းသန်းမြင့်)**
**ဒုတိယညွှန်ကြားရေးမှူး**
**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

### မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### ၂၀၁၇-၂၀၁၈ခုနှစ်၊ မြို့မြေအမှုတွဲအမှတ်၊ ၂၁၁ V ၄၁း
### ၂၀၁၇-၂၀၁၈ မြေငှားစာချုပ်(ဂရန်)ပေးရန်အတွက် ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းကြော်ငြာစာ

**[အထက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေပုဒ်မ ၅၁(တ)(၂)နှင့် အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများနည်းဥပဒေ(၂)တို့အရ]**

၁။ မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၏(၂၀၁၇-၂၀၁၈)မြေပုံအရ အကွက်အမှတ် (၂၁၊ ဂါတ်တန်း)ဦးပိုင်အမှတ် (၂-င)၊ ဧရိယာ(၀ဒသမ၀၁၈၅)ဧကရှိမြေကို စစ်ဘက် ရေးရာလုံခြုံရေးတပ်ဖွဲ့အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားလာပါသည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | အမှတ်(၁)ရဲစခန်း |
| အနောက်လားသော် | - | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| မြောက်လားသော် | - | အကျဉ်းဦးစီးဌာန |
| တောင်လားသော် | - | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |

၂။ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့မှလျှောက်ထားချက်အပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် တင်ပြနိုင်သူ မည်သူမဆိုသိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့်ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက် (သို့မဟုတ်) ထိုနေ့မတိုင်မီပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့်ရေးသားတင်ပြရမည်။ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၁၅ရက် ပြည့်သည့်နောက်ပိုင်းတွင်ပေးပို့မည့် ကန့်ကွက်လွှာများကို လက်ခံအရေး ယူဆောင်ရွက်လိမ့်မည်မဟုတ်ကြောင်း သိစေအပ်ပါသည်။

၃။ အကယ်၍ သတ်မှတ်သည့်ရက်(သို့မဟုတ်)ထိုရက်မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက အဆိုပါမြေကိုလျှောက်ထားလာသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**

### အများသိစေရန်ကြေညာချက်

မောင်သန့်ဇင်အောင် ၁၃/ကခန(နိုင်)၀၈၈၆၄၇(ဘ) ဦးကြူချောက်လီ၊ နေရပ်လိပ်စာ- ရပ်ကွက်(၈)၊ ကွတ်ခိုင်မြို့(CV Formပါ လိပ်စာအတိုင်း)သည် Manager(Mandalay Marketing Service Centre)ရာထူးဖြင့် Myanmar Unilink Communication Co.,Ltd.တွင် ၁-၁၁-၂၀၁၇ရက်မှ ၂၄-၆-၂၀၁၈ ရက်အထိ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ကုမ္ပဏီပိုင်ငွေကြေးများကို အလွဲသုံးစား ပြုလုပ်ခဲ့ပါသဖြင့် Myanmar Unilink Communication Co.,Ltd. မှ ၂၅-၆-၂၀၁၈ရက်မှစတင်၍ မောင်သန့်ဇင်အောင်အား အလုပ်မှထုတ်ပယ်လိုက်ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် ဥပဒေအတိုင်း အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မောင်သန့်ဇင်အောင်နှင့် ပတ်သက်သော မည်သည့်ကိစ္စမဆို Myanmar Unilink Communication Co.,Ltd.နှင့်(လုံး၀)သက်ဆိုင်မှု မရှိပါကြောင်းနှင့် ၎င်း၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Myanmar Unilink Communication Co.,Ltd.**

### အမည်ပြောင်း

ဦးဇော်ဝင်းငွေ-ဒေါ်ငြိမ်းငြိမ်းအိတို့၏သား ချောက်မြို့နယ်၊ ငွေးချို အထက Grade-1မှ မောင်မင်းမင်းဆက်အား ယနေ့မှစ၍ မောင်ကောင်းစစ်သန့်ဟု ပြောင်းလဲခေါ်ပါရန်။

### အများသိစေရန် ကြေညာခြင်း

ကျွန်မ ဒေါ်နီနီဝင်း ၉/မနမ(နိုင်)၀၃၉၂၆၈သည် လူမှုကွန်ရက် Facebook စာမျက်နှာ ပေါ်တွင် Po Po Lin အကောင့်၌ ရေးသားဖော်ပြချက်များနှင့် စပ်လျဉ်း၍ မဖြိုးသန္တာ(ခ)မသော်တာ၏ဂုဏ်သိက္ခာများ ကျဆင်းစေခဲ့ပါသည်။

ထိုသို့ လူမှုကွန်ရက် Facebookစာမျက်နှာပေါ်တွင် Po Po Lin အကောင့်၌ ရေးသား ဖော်ပြချက်များတွင် မဖြိုးသန္တာ(ခ)မသော်တာ အပါအဝင် မိခင်ဒေါ်မာလာမြင့်၊ ညီအစ်မများ ဖြစ်ကြသော မလဲ့ဝါအောင်၊ မအိအိဖြိုး(ခ)မအေးမွန်ကျော်၊ မချိုနီဟန်(ခ)မအိမ့်ခြူးပိုင်တို့ကို တောင်းပန်ပါကြောင်းနှင့် နောက်နောင်တွင် ကျွန်မ ဒေါ်နီနီဝင်းအနေဖြင့် Facebookအကောင့် များဖွင့်လှစ်၍ မဖြိုးသန္တာ(ခ) မသော်တာ၏မိသားစု ဂုဏ်သိက္ခာကျဆင်းအောင် မပြုလုပ်တော့ပါကြောင်း အများသိစေရန် တောင်းပန်ကြေညာအပ်ပါသည်။

**ဒေါ်နီနီဝင်း**
**အမှတ်-၂၄၊ သီရိဟေမာအရှေ့၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ နေသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၅/သိဒ္ဓိရပ်)၊ မြေကွက်အမှတ်(C-6)၊ ဧရိယာ ၁ ဒသမ ၀၀ ဧကရှိ ဦးအောင်သိမ်းအမည်ပေါက်နှစ် (၃၀)မြေငှားစာချုပ်မြေကွက်အား ဦးကျော်ထက်(ဘ)ဦးဗိုလ်ခေတ် ၅/မရန(နိုင်)၁၄၆၁၅၆(ဦး အောင်သိမ်း၏မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာရသူ)မှ ဒေါ်အေးဇာခြည်ဦး(ဘ)ဦးအေးကို ၁၂/မဘန(နိုင်)၀၈၁၅၈၉နှင့် မှတ်ပုံတင်အရောင်းအ၀ယ် စာချုပ်ချုပ်ဆိုရန် ဦးအောင်သိမ်းအမည်ပေါက် နှစ် ၃၀မြေငှားစာချုပ်၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏မှတ်ပုံတင်အထူးကိုယ် စားလှယ်လွှဲစာအမှတ်-၁၆၀/၂၀၁၈ မူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ ဦးဘချိုလမ်း၊ အမှတ် ၂၅၂နေ ကျွန်တော် ဦးမြင့်အောင်-ဒေါ်မြသီတာတို့၏သား မောင်ဝီလျံမြင့်အောင် ၁၂/ဥကတ(နိုင်) ၁၇၅၈၅၇သည် မိဘများအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောအတိုင်းပြုမူသွားပါသဖြင့် သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမြင့်အောင်-ဒေါ်မြသီတာ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ခေါမကျေးရွာနေ ဆရာမဒေါ်ဆွေဆွေလွင် ၁၂/ရပသ(နိုင်) ၀၁၆၃၆၅ ၏ဖခင် ဦးအေးလွင်(ခ) ဦးအေးရွှေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအေးလွင်(ခ)ဦးအေးရွှေ**

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ မိုးမြန်မာကျေးရွာနေ ဦးငြေဝင်း ၇/ကဝန(နိုင်) ၀၅၁၃၅၀ ၏ သမီး အမည်မှန်မှာ ဒေါ်ဇာနီဝင်းရွှေဖြစ်ပါကြောင်း။

**ဒေါ်ဇာနီဝင်းရွှေ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဟ/၄၅၆၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### မြေပါမစ်မူရင်းပျောက်ဆုံး၍ လျှောက်ထားခြင်းကို ကန့်ကွက်ရန် ရှိ/မရှိ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၁/၂၈၅)၊ အမျိုး အစားပါမစ်၊ အကျယ်အဝန်း ပေ(၄၀×၆၀) မြေအမည်ပေါက် ဦးအေးထွန်းမြေကို ကျွန်မ ဇနီးဖြစ်သူ ဒေါ်ခင်ဌေးလှိုင် ၁၂/သဃက(နိုင်) ၁၁၄၉၇၂ က လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်ဌေးလှိုင်**
**ဖုန်း-၀၉-၇၃၁၁၆၆၀၇**

**သွေးသည် အသက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်

ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်တွင် ဆောက်လုပ်လျက်ရှိသော National Skill Training, Simulation & Research Center ရှစ်ထပ် အဆောက်အအုံတွင် ထည့်သွင်းတည်ဆောက်နိုင်ရန် Basic Biochemical Laboratory, Advanced Molecular Laboratory, Microbiological Laboratory, Forensic Laboratory တို့နှင့်ပတ်သက်သော Laboratory Design, Laboratory Furniture, Equipments ပါဝင်သော Laboratory Installation တို့ကို ပြုလုပ်ရန်အတွက် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များမှ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ဖုန်း-၀၉-၅၀၀၂၀၈၅၊ ၀၉-၅၅၀၅၆၀၅၊ ၀၁-၂၅၁၁၅၇ Email.um1rector@gmail.com

**ဆေးတက္ကသိုလ် (၁)ရန်ကုန်**

## ရေကြောင်းအင်ဂျင်နီယာသင်တန်းကျောင်း
## (သိမ်ဖြူသင်္ဘောကျင်း)

ရေကြောင်းလျှပ်စစ် အင်ဂျင်နီယာအဖြစ်ဖြင့် သင်္ဘောသားလုပ်လိုသူများအတွက် Electro-Technical Rating Work Shop Skill သင်တန်းအပတ်စဉ် ၄/၂၀၁၈ ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ဖွင့်လှစ်တော့မည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများ အမြန်ဆုံးစာရင်းပေးသွင်းကြပါရန် သင်တန်းကာလမှာ (၆)လဖြစ်ပါသည်။ လိုအပ်သည့်ပညာအရည်အချင်းများမှာ-

(၁) B.Tech (Electrical/Electronics/Mechatornics)
(၂) A.G.T.I (Electrical/Electronics/Mechatornics)
(၃) B.Sc(Physics)
(၄) T.H.S (Electrical/Electronics/Mechatornics)
(၅) Polytechnic in Singapore (Dip in Electrical/Electronics/Mechatornics)
(၆) B.Sc (Engineering)

သင်တန်းပြီးဆုံးအောင်မြင်သူများအနေဖြင့် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားပင်မစက်မောင်းနှင်မှုစွမ်းအား (၇၅၀)ကီလိုဝပ်နှင့်အထက် သင်္ဘောများ၏ စက်ခန်းတွင် အတည်ပြုပြင်လယ်ပြင်လုပ်သက် (၁၂)လရရှိပြီးပါက Electro-Technical Rating (Regulations III/7) တတ်ကျွမ်းမှုလက်မှတ် (ETR)အား DMA မှ အတည်ပြုထုတ်ပေးသွားပါမည်။

Air-con သင်တန်း Basic & Advance (လက်တွေ့အပြစ်ရှာခြင်းနှင့် ပြုပြင်ခြင်း)ကို သင်ထောက်ကူပစ္စည်းအပြည့်အစုံဖြင့် ၂လ အတတ်သင်မည်။ ရေကြောင်းအင်ဂျင်နီယာ (စက်မှု/လျှပ်စစ်)အင်ဂျင်နီယာများအပါအဝင် မည်သူမဆို တက်ရောက်နိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၈၂၈၇၅၊ ၀၉-၈၆၅၁၈၂၈၇၅၊ ၀၉-၂၆၂၅၆၉၁၈၈၊ ၀၉-၇၇၅၀၀၀၅၆၇**

# Job Vacancy Announcement

**1. Product Manager/Executive (F) 1 post**
- Any Graduate, MBA preferable
- At least 3 years experience in Cosmetic Product Management
- Proficient in English and Microsoft Office
- Ability to articulate market requirements and opportunities
- Ability to identify opportunities for product innovation and product enhancement
- Ability to develop product marketing plan and conduct product presentations
- Ability to manage and communicate with cross functional teams
- Ability to work under job related pressures

**2. National Sales Manager (M/F) 1 post**
- Any Graduate, MBA preferable
- At least 5 years managerial experience in related fields (FMCG)
- Proficient in English and Microsoft Office
- Ability to establish reasonable sales goals based on current market trends
- Ability to prepare sales forecasts and to analyze sales
- Ability to develop policies and procedures for sales team
- Ability to manage and communicate with cross functional teams
- Ability to work under job related pressures
- Able to travel frequently

**3. Area Sales Manager (M/F) 1 post**
- Any Graduate, MBA preferable
- At least 3 years managerial experience in related fields
- Proficient in English and Microsoft Office
- Ability to establish reasonable sales goals based upon current market trends
- Ability to manage and communicate with cross functional teams
- Ability to work under job related pressures
- Able to travel frequently

**4. Assistant to MD (F) 1 post**
- Any Graduate
- At least 3 years administrative experience
- Proficient in English and Microsoft Office
- Coordinate and communicate with cross functional teams
- Ability to work under job related pressures

**Only shortlisted candidates will be contacted for interview.**

**ABC Beauty Company**
**Pearl Condo, Building E, 5 Floor, Room 503, Kabaraye Pagoda Road, Bahan Township, Yangon.**
**Email:info@abcbeauty.com, 09-455444444, 09-423844441, 09-423844445**

## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလာဒီဂရီကောလိပ်
## ၂၀၁၈-၂၀၁၉ ပညာသင်နှစ် BTHM သင်တန်းအတွက်
## ပထမနှစ် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ ဘွဲ့သင်တန်းအား ဖွင့်လှစ်ပို့ချမည်ဖြစ်ပါသည်-

| စဉ် | သင်တန်း | အပ်နှင်းမည့်ဘွဲ့ | သင်တန်းကာလ | လက်ခံခွင့်ပြုမည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|
| (၁) | Bachelor of Tourism and Hospitality Management | BTHM | (၄)နှစ် | (၂၀၀)ဦး | အချိန်ပြည့် |

၂။ အဆိုပါဘွဲ့သင်တန်းအတွက် ၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်သူများသာ လျှောက်ထားနိုင်ပြီး အင်္ဂလိပ်စာဘာသာရပ်၌ အနည်းဆုံးအမှတ်(၆၀)ရရှိထားပြီး စုစုပေါင်းအမှတ်(၄၀၀)နှင့်အထက် ရရှိသူများဖြစ်ရမည်။ သတ်မှတ်လျှောက်လွှာပုံစံအား မန္တလာဒီဂရီကောလိပ်ကျောင်းသားရေးရာဌာနတွင်လည်းကောင်း၊ https://www.mdl.edu.mm/wp-content/uploads/2018/07/BTHM.pdf မှလည်းကောင်း ထုတ်ယူ၍ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

| | | |
|---|---|---|
| ၃။ | **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်** | - ၃-၁၂-၂၀၁၈ |
| ၄။ | **လျှောက်လွှာတင်သွင်းရမည့်နေရာ** | - ကျောင်းသားရေးရာဌာန၊ မန္တလာဒီဂရီကောလိပ်။ |
| ၅။ | **လျှောက်လွှာစတင်ထုတ်ပေးမည့်ရက်** | - ၁-၈-၂၀၁၈ |
| ၆။ | **လျှောက်လွှာစတင် တင်သွင်းရမည့်ရက်** | - ၁-၈-၂၀၁၈ |
| ၇။ | **လျှောက်လွှာပိတ်ရက်** | - ၃၁-၈-၂၀၁၈ |
| ၈။ | **ဝင်ခွင့်ရရှိသူများစာရင်း ကြေညာမည့်ရက်** | - ၁၅-၁၀-၂၀၁၈ |
| ၉။ | **ကျောင်းဝင်မှတ်ပုံတင်ရမည့်ရက်** | - ၁၅-၁၁-၂၀၁၈ |

၁၀။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၈ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်သူသာဖြစ်ရမည်။
(ဂ) အခြားတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်ပညာသင်ကြားနေသူမဖြစ်ရ။
(ဃ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
(၁) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် ရရှိသော ရမှတ်စာရင်းမူရင်း
(၂) လျှောက်ထားသူနှင့် မိဘနှစ်ပါးစလုံး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)
(၃) လိုင်စင်ဓာတ်ပုံ(၂)ပုံ(ပူးတွဲ)

၁၁။ ဝင်ခွင့်ရရှိသူများစာရင်းကို ၁၅-၁၀-၂၀၁၈ရက်တွင် မန္တလာဒီဂရီကောလိပ်၌ ကြေညာထားပါမည်။ ဝင်ခွင့်ရရှိသူများသည် ကျောင်းလာရောက် အပ်နှံသည့်အခါ ကျောင်းသားနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများကို မပျက်မကွက် (မပျက်မကွက်)ယူဆောင်လာရမည်။

၁၂။ အသေးစိတ်သိရှိလိုပါက မန္တလာဒီဂရီကောလိပ် သင်တန်းရေးရာဌာန ဖုန်း-၀၂-၅၁၅၄၈၅၆၊ ၀၉-၄၇၀၅၂၁၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အေးအေးသန့်**
**မော်ကွန်းထိန်း**
**မန္တလာဒီဂရီကောလိပ်**

## City Sky Top Up လုပ်ငန်းတွင်
## တာဝန်ထမ်းဆောင်ရန်အတွက်
## ဝန်ထမ်းအလိုရှိသည်
### စက်ရုံတွင်နေထိုင်နိုင်သူဖြစ်ရမည်

(1) Phone Operator မ (၂)ဦး (ဘွဲ့ရ)
(2) လက်ထောက်စာရင်းကိုင် မ (၂)ဦး

စာရင်းအင်းနှင့်ပတ်သက်သော ဘွဲ့ရရှိသူဖြစ်ရမည်။

လျှောက်ထားသူသည် အထောက်အထားအပြည့်အစုံဖြင့် ရုံးချိန်အတွင်း City Sky ရုံး၊ အမှတ် (၂၂)၊ ဦးရွှေဘင်လမ်း၊ စက်မှုဇုန် (၁)၊ လှိုင်သာယာမြို့နယ်၊ Ph:09-450059890,01-685990 သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### လားရှိုးမြို့နယ်တရားရုံး
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၃

ဒေါ်ချိုစေး **နှင့်** ဦးလော်မူချန်း
**တရားလို** **တရားပြိုင်**

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ မောသီရိတိုးချဲ့(၁)၊ အမှတ်(၁၁၂)နေ တရားပြိုင် ဦးလော်မူချန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်နှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ရက် (၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေဖြေရှင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲမောင်မောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**လားရှိုးမြို့နယ်တရားရုံး**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## သုတေသနစာတမ်းဖတ်ပွဲ ဖိတ်ကြားခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်( National Climate Smart Agriculture Center)နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ Food and Agriculture Organization of the United Nations (FAO) တို့မှပူးပေါင်းကြီးမှူးကျင်းပသော ပထမအကြိမ်မြောက်သုတေသနစာတမ်းဖတ်ပွဲကို Promoting Climate Smart Agriculture in Myanmar ခေါင်းစဉ်ဖြင့် ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲအား ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်တက်ရောက် ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

တင်သွင်းဖတ်ကြားမည့်စာတမ်းများကို အင်္ဂလိပ်လို-အကျဉ်း/အကျယ် ( Time New Roman, font 12, Line spacing 1.5, pages 12-15) ဖြင့် (Hard copy, Soft copy)များကို စာတမ်းရှင်အမည်ဖြင့် ဆက်သွယ်ရန်လိပ်စာ၊ အီးမေးလ်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံဖော်ပြပေး၍ ၃၁-၈-၂၀၁၈ရက် နောက်ဆုံးထား ပေးပို့နိုင်ပါသည်။

| | | |
|---|---|---|
| **ကျင်းပမည့်နေ့ရက်** | ။ | ။၁၄-၉-၂၀၁၈ |
| **ကျင်းပမည့်အချိန်** | ။ | ။နံနက်၈း၃၀နာရီ |
| **ကျင်းပမည့်နေရာ** | ။ | ။ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိန်ရတုခန်းမ |
| **ဆက်သွယ်ပေးပို့ရန်** | ။ | ။ဒေါက်တာညိုမာထွေး ဒုတိယညွှန်ကြားရေးမှူး၊ အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် Ph; 09794355764, Email; nyomarhtwe@gmail.com |

## ဖခင်အမည်မှန်
မိတ္ထီလာမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(E) မှ မမြမြဦး၏ ဖခင်အမည်မှန်မှာ ဦးမြတ်စိုး ၉/မထလ(နိုင်)၀၀၈၀၈၂ ဖြစ်ပါသည်။
**ဦးမြတ်စိုး**

## ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ)အဒူး တက္ကသိုလ်ဝင်တန်းမှ မဝင့်ကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ကျော် ၇/ကဝန(နိုင်) ၀၈၇၇၀၆ ဖြစ်ပါကြောင်း။
**ဦးမောင်မောင်ကျော်**

## ဖခင်အမည်မှန်
ဇေယျာဝတီ၊ အထက(ဂျေပူ) အဋ္ဌမတန်းမှ မဖြူဇင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးရှိယိုဒတ်(စ်) ဖြစ်ပါသည်။ **ဦးရှိယိုဒတ်(စ်)**

## ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ)အဒူး တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးလွင်မိုး ၇/ကဝန(နိုင်)၁၉၂၇၀၆ ဖြစ်ပါကြောင်း။
**ဦးလွင်မိုး**

## ဖခင်အမည်မှန်
မြင်းခြံမြို့နယ်၊ အထက၊ နဘူးအိုင် တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ရဲဟန်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၉/မခန(နိုင်) ၀၈၀၈၉၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အထက(ခွဲ)အဒူး တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးအောင်၏ ဖခင်အမည်မှန်မှာ ဦးအာကာ ၇/ကဝန(နိုင်)၁၀၃၀၉၉ ဖြစ်ပါကြောင်း။
**ဦးအာကာ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
### တာမွေမြို့နယ်တရားရုံး
### ၂၀၁၀ ခုနှစ် တရားမကြီးမှုအမှတ်-၁၅

ဒေါ်ဟာမီဒါ(ခ)ချိုချိုအေး (၎င်း၏အခွင့်ရကိုယ်စားလှယ်-ဦးမောင်မောင်သန်း) **နှင့်** ၁။ ဦးခင်မောင်ညွှန့် ၂။ ဒေါ်စန်းစန်းဝင်း ၃။ ဦးခင်မောင်အေး ၄။ ဒေါ်လှလှဝင်း ၅။ ဦးခင်မောင်ဝင်း (ကွယ်လွန်သူဒေါ်ခင်သန်း၏ တရားဝင် ကိုယ်စားလှယ်များ)
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ လမ်း(၁၂၀)၊ အမှတ်(၅)၊ ၅-လွှာ (ဘယ်)နေ ဒေါ်စန်းစန်းဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၀)နေ ဒေါ်လှလှဝင်း(ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ-၁၂(၁)(ဂ)အရ အိမ်ငှားအား နှင်ထုတ်ပေးစေလိုမှု တရားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၈ ခုနှစ် ဩဂုတ် ၇ရက် (၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်) နံနက် ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ ဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တာမွေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၆၉၃၊ ဒါဘာ(အေ)၊ (၅လွှာ)၊ ငမိုးရိပ် (၃)လမ်း၊ အပိုင်း(၄) တိုက်ခန်းအားလက်ရှိပိုင်ဆိုင်သူ ဒေါ်မို့မို့အောင် ၁၄/ဖပန(နိုင်) ၁၄၄၂၁၁ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၄းရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်သန်းသန်းဦး ၁၂/ဗတထ(နိုင်)၀၀၂၆၁၇**
**အမှတ်(၆၂)၊ (၇လွှာ)၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်**
**ဖုန်း-၀၉-၈၉၉၈၂၅၈၉၂၊ ၀၉-၄၂၀၂၅၂၅၀၂၊ ၀၉-၇၉၅၇၆၈၆၇၈**

## တစ်ဦးတည်းဖြစ်ကြောင်း
မိုင်းမောတပ်နယ်တွင်နေထိုင်သည့် ဝမ်းတွင်းမြို့နယ်မှ ဦးသောင်းမြင့်၏သား ကိုယ်ပိုင်အမှတ် တ-၁၀၉၂၄၃ တပ်ကြပ်ကြီးချစ်စံ(ခ)မောင်ကျော်ဆန်းမြင့် ၉/ဝတန(နိုင်) ၁၁၅၁၄၁ မှာ တစ်ဦးတည်းဖြစ်ပါသည်။
**ချစ်စံ(ခ)မောင်ကျော်ဆန်းမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း
ဇေယျာဝတီ၊ အထက (ဂျေပူ) မှ မဆိုဘာလူမာရီ၏ ဖခင် ဦးရှိယိုဒတ်(စ်) (ခ) ဦးရှိဟိုဒတ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ဦးရှိယိုဒတ်(စ်)၏သမီး ဇေယျာဝတီ အထက(ဂျေပူ)မှ မဆိုနာ(မ်)ကူမာရီ၏ ဖခင်အမည်မှန်မှာ ဦးရှိယိုဒတ်(စ်) ဖြစ်ပါသည်။
**ဦးရှိယိုဒတ်(စ်)**

## အမည်မှန်
ဦးထွန်းဝေ၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အထကကျွန်းလှ တက္ကသိုလ်ဝင်တန်း(D)မှ မမြသီခိုင်၏ အမည်မှန်မှာ မယွန်းသော်တာထက် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း(G) မှ မောင်ဝိုင်းချစ်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင် ၅/ကလန(နိုင်)၀၂၃၇၄၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း(C)မှ မခိုင်သက်ဦး၏ ဖခင်အမည်မှန်မှာ ဦးတင့်လွင် ၅/ကလတ(နိုင်) ၀၇၂၁၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဆန်းအောင်လင်း၏ ဖခင်အမည်မှန်မှာ ဦးငွါးသား ၁/မမန(နိုင်) ၀၁၀၆၁၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ကျွန်းလှတက္ကသိုလ်ဝင်တန်း(G) မှ မလှိုင်းလှိုင်းဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၅/ကလန(နိုင်)၀၄၄၁၁၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ အထက ရေရှင် တက္ကသိုလ်ဝင်တန်း(A) မှ မောင်သက်ဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမောင်ဝင်း ၅/ကလန(နိုင်) ၀၃၈၃၆၂ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးမင်းကျော်(ဘ) ဦးတိုက်မောင် ၅/ကနန(နိုင်)၀၃၁၇၈၇၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၈၆၇၁၀၀၄**

## ဖခင်အမည်မှန်
ပခုက္ကူမြို့ ရာပြည့်စံ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ချမ်းပုံနှင့်မြိုင်မြို့နယ်-ထ(ခွဲ) မုံညင်း ဆဋ္ဌမတန်းမှ မအေးသီရိပုံတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်း ၈/မမန(နိုင်)၀၅၈၄၀၇ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း
ကျွန်တော် SAW DES MUND (CDC)105082 ၏ All in 0ne စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၈၂၅၃၀၅**

## မိခင်အမည်မှန်
မော်လမြိုင်မြို့၊ အလက (တောင်ဝိုင်း) သတ္တမတန်းအောင်မှ မသီတာခိုင်နှင့် စတုတ္ထတန်းအောင်မှ မောင်လွင်ကိုဦးတို့၏ မိခင်အမည်မှန်မှာ ဒေါ်ကေခိုင်သီရိဝေ ၁၀/မလမ(နိုင်)၂၆၉၈၈၄ ဖြစ်ပါကြောင်း။
**ဒေါ်ကေခိုင်သီရိဝေ**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

## မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်နှင့်အဖွဲ့အား တွေ့ဆုံ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌအငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်က နိုင်ငံတော် သမ္မတ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားရှိသည့် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၏ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများအား ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ ခုနှစ်အတွက် အာဆီယံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့များဆိုင်ရာ ကွန်ရက် (ASEAN-ISIS) ၏ လက်ရှိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေမှုများ၊ အရှေ့အာရှပညာရှင်များဆိုင်ရာ ကွန်ရက် Network of East Asia Think Tanks (NEAT) ၏ ၂၀၁၈ ခုနှစ် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေမှုများ၊ အဖွဲ့၏အနာဂတ်မျှော်မှန်းချက်နှင့် နိုင်ငံတော်နှင့် ပြည်သူအတွက် အကြံပြုချက်များဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးလိုသည့် *စာမျက်နှာ ၄ ကော်လံ ၁* ◆

# မကွေးအသင်း နိုင်ပွဲပြန်ရ

**ရန်ကုန် ဇူလိုင် ၁၈**

၂၀၁၈ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)မှ ရွှေ့ဆိုင်းထားသည့် မကွေးနှင့် မြဝတီပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ မကွေးအသင်းက သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှစ်ပွဲဆက်နိုင်ပွဲပျောက်ထားသည့် မကွေးအသင်းသည် ကိုးပွဲမြောက်တွင် နိုင်ပွဲပြန်ရှာတွေ့ခဲ့သည်။ မြဝတီအသင်းသည် ပထမဆုံးနိုင်ပွဲရရန် ကြိုးပမ်းခဲ့သော်လည်း မကွေးအသင်းက ဦးဆောင်ဂိုးများစတင်သွင်းယူနိုင်ခဲ့၍ အနိုင်ရခဲ့ခြင်း ဖြစ်သည်။

မကွေးအသင်းသည် နိုင်ပွဲပြန်ရခဲ့သောကြောင့် ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ မကွေးအသင်းသည် ပွဲ ၂၀ ကစားရမှတ် ၃၀ ရထားပြီး မြဝတီအသင်းမှာမူ ပွဲ ၂၀ ဆက်အနိုင်မရသေးဘဲ နှစ်မှတ်သာရသေးသည်။

မကွေးအသင်းသည် နိုင်ပွဲပြန်ရရေး အမာခံကစားသမားအစုံအလင်အသုံးပြုခဲ့သလို မြဝတီအသင်းမှာလည်း သိက္ခာဆယ်နိုင်ပွဲရရေး အမာခံကစားသမားအစုံအလင်အသုံးပြုခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❍



YREO အသင်းနှင့် တက္ကသိုလ်အသင်းယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ- စိုးညွန့်

# KBZ Bank Women's League တွင် YREO အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၀) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ YREO အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

YREO အသင်းသည် တက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ရှစ်ဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပိုင်း သိသိသာသာတိုးတက်လာသည့် YREO အသင်းသည် ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့သည်။ YREO အသင်းသည် ၁၆ မိနစ်မှ ဂိုးစရခဲ့သော်လည်း ပထမပိုင်းမှာပင် ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ နှစ်သင်းစလုံးရလဒ်ကောင်းရရန် ကြိုးပမ်းသော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ YREO အသင်းက *စာမျက်နှာ ၇ ကော်လံ ၁* ❑

